# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဘဝကိုတန်ဖိုးရှိအောင်နေထိုင်**

လောက၌ လူ့အဖြစ်ကိုရခြင်းသည်လည်းကောင်း၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည်လည်းကောင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်းကောင်း၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည်လည်းကောင်း ခဲယဉ်းလှပါပေ၏။ (လူ့ဘဝကိုရ၍ အသက်ရှင်ခြင်းကို ရရှိကြသူတိုင်းသည် မိမိဘဝတန်ဖိုးရှိအောင် ပြုမူနေထိုင်ရာ၏။)

ဗုဒ္ဓဝါဒ(ဓမ္မပဒ-၁၈၂)


၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 February 2017 (၈၈၄၉)


## ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

၁။ ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်သည် တာဝန်ပေးအပ်ခဲ့သည့် ၁-၁၂-၂၀၁၆ ရက်နေ့မှ ယနေ့အထိ အစည်းအဝေးအကြိမ်ပေါင်း (၉)ကြိမ်ပြုလုပ်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ မောင်တောဒေသသို့ အောက်ပါအတိုင်း (၃)ကြိမ်သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်-

(က) ပထမအကြိမ် ကွင်းဆင်းစစ်ဆေးခြင်း
(၁၁ - ၁၂ - ၂၀၁၆ ရက်နေ့မှ ၁၃ - ၁၂ - ၂၀၁၆ ရက်နေ့အထိ)

(ခ) ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးခြင်း
(၆ - ၁ - ၂၀၁၇ ရက်နေ့မှ ၈ - ၁ - ၂၀၁၇ ရက်နေ့အထိ)

(ဂ) တတိယအကြိမ် ကွင်းဆင်းစစ်ဆေးခြင်း
(၁၀ - ၂ - ၂၀၁၇ ရက်နေ့မှ ၁၇ - ၂ - ၂၀၁၇ ရက်နေ့အထိ)

၂။ ကော်မရှင်သည် ပထမအကြိမ်၌ အခင်းဖြစ်ပွားခဲ့သော ကျေးရွာနှင့် စခန်းပေါင်း ၁၄ ခု၊ ဒုတိယအကြိမ်၌ ကျေးရွာနှင့် စခန်းပေါင်း ငါးခု စုစုပေါင်းကျေးရွာနှင့် စခန်းပေါင်း ၁၉ ခုသို့သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်ပါသည်။ တတိယအကြိမ်၌ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ အစီရင်ခံစာပါအချက်အလက်များကို စုံစမ်းစစ်ဆေးနိုင်ရန် နစ်နာထိခိုက်မှုရှိသည်ဆိုသော

**စာမျက်နှာ ၃ ကော်လံ ၅ သို့**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဦးကိုနီ ပစ်ခတ်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

# ရန်ကုန်လေဆိပ်တွင် ဦးကိုနီ ပစ်ခတ်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပြစ်စဉ်နှင့်ပတ်သက်ပြီး သတင်းအချက်အလက်များအပေါ် ဆက်လက်စုံစမ်းဖော်ထုတ်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဦးကိုနီ ပစ်ခတ်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ ပစ်ခတ်ထွက်ပြေးသူ ကြည်လင်း (ခ) ဖိုးထူး၊ ကြည်လင်းအား စေခိုင်းသူ အောင်ဝင်းဇော်၊ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ဇေယျာဖြိုးတို့ကို ဖမ်းဆီးရမိထားကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ အောင်ဝင်းခိုင်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး အမှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိသူ သုံးဦးအပြင် အမျိုးသား ၇၁ ဦး၊ အမျိုးသမီးနှစ်ဦးကို ခေါ်ယူစစ်ဆေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖




## ကြေးမုံ

# တစ်ပြေးညီတစ်ပြိုင်နက် ဖွံ့ဖြိုးတိုးတက်

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အားလုံးသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မြန်မာနိုင်ငံသားများဖြစ်ပေသည်။ ပြည်ထောင်စုကြီးအတွင်း အတူတကွစုပေါင်းနေထိုင်ကြပြီး စုပေါင်းဖွံ့ဖြိုးတိုးတက်ကြမှသာ ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု စစ်မှန်သည်ဟု ဆိုနိုင်ပေသည်။ အနည်းဆုံးအားဖြင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းနိုင်သမျှ အနည်းဆုံးအဆင့်တွင် ရှိရပေမည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ တောင်တန်း၊ တောင်စွယ်၊ ချိုင့်ဝှမ်း၊ မြေပြန့်၊ လွင်ပြင်များမှာ ကြီးမားကျယ်ပြန့်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ချောက်ကမ်းပါးများ ထူထပ်သည်။ ထိုမြေသဘာဝပေါ်တွင် တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်မှုမှာလည်း အနည်း၊ အများ ကွာဟချက်ကြီးမားသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ လူမျိုးများ စုစည်းနေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းပြုမှု အနေအထားများအရ ဖွံ့ဖြိုးတိုးတက်မှု မျှတမှုရှိအောင် ပြုလုပ်နိုင်ရန်မှာ လွယ်ကူသော အနေအထားမရှိချေ။ တစ်ဖက်တွင်လည်း ကိုလိုနီနယ်ချဲ့စနစ်၏ သွေးခွဲအုပ်ချုပ်ခဲ့မှု ဆိုးမွေများနှင့် စိတ်ဝမ်းကွဲမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေသည်မှာလည်း အမှန်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးကို ခေတ်အဆက်ဆက် ဦးစားပေးဆောင်ရွက်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးမှာ တောင်ပေါ်မြေပြန့် နေရာဒေသအနှံ့ လွယ်ကူချောမွေ့နေသည်။ ထို့ကြောင့် မတူကွဲပြားသောနေရာဒေသများကို ကျော်လွှားကာ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းပါးအောင် ဆက်လက်တည်ဆောက်ကြရမည်ဖြစ်သည်။ ပထဝီဝင်အနေအထားနှင့် ဖွဲ့စည်းတည်ဆောက်နိုင်မည့် အခြေအနေများအား ရှာဖွေလေ့လာကာ ဖြစ်နိုင်ခြေများကို အဖြေထုတ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူ ရေမြေသဘာဝအထူးကောင်းမွန်သောနိုင်ငံ ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ရေမြေသဘာဝအခြေအနေကောင်းများမရှိလျှင် အတတ်ပညာနှင့် နည်းပညာများကိုအသုံးချကာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပြီး ရေမြေသဘာဝအခြေအနေကောင်းများရှိလျှင် အတတ်ပညာနှင့် နည်းပညာများနှင့်ပေါင်းစပ်ကာ အကောင်အထည်ဖော်တည်ဆောက်ပါက အတိုင်းထက်အလွန် သာလွန်တိုးတက် ကောင်းမွန်လာမည်မှာ အမှန်ဖြစ်သည်။

ရေမရှိ၊ မြေမရှိနိုင်ငံများ ဖွံ့ဖြိုးတိုးတက်နေကြသည်မှာ ပညာအခြေခံသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပညာကိုအခြေခံသော ဖွံ့ဖြိုးမှုတည်ဆောက်ခြင်းအတွက် ပြောင်းလဲခြင်းများကို ယနေ့ စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ပညာမြင့်မှ လူမျိုးမြင့်မည်၊ ပညာမြင့်မှ တိုင်းပြည်မြင့်မည်ဖြစ်၍ မိမိတို့နိုင်ငံ တစ်ပြေးညီအတူတကွဖွံ့ဖြိုးတိုးတက်လာရေးအတွက် အခြေခံပညာ မြင့်မားတိုးတက်ရေးသည် အရေးကြီးသည်ကို လူတိုင်းလူတိုင်း သိရှိနားလည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လူငယ်လူရွယ်များအနေဖြင့် ဉာဏ်ပညာတိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်ကြပြီး မိမိဒေသအခြေအနေနှင့် လိုက်လျောညီထွေ ကိုက်ညီစေမည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံများကို ရှာဖွေလေ့လာတီထွင်ကြံဆအားထုတ်ကြကာ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြေခံကျသည့်ပညာများကို ရှာဖွေဆည်းပူးအားထုတ်ကြပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြမည်ဆိုလျှင် ရေခံမြေခံအခြေခံကောင်းများရှိပြီးဖြစ်သော မိမိတို့နိုင်ငံအနေဖြင့် မနှေးအမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မိမိတို့၏ တန်ဖိုးရှိသောရေ၊ မြေကို မိမိတို့ဘာသာ အသုံးချနိုင်သည့် အတတ်ပညာ၊ နည်းပညာ တိုးတက်တတ်မြောက်အောင် သင်ကြားလေ့လာဆည်းပူးကြပြီး မိမိတို့အရင်းအမြစ်နှင့် မိမိတို့ပညာပေါင်းစပ်ကာ ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဆိုပါက တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဖွံ့ဖြိုးတိုးတက်လာနိုင်ပေသည်။ ထိုသို့တိုးတက်လာနိုင်ရန်အတွက် ပညာကိုရှာရမည်၊ အတတ်ပညာ၊ နည်းပညာ၊ အရင်းအနှီးများ ပံ့ပိုးပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ကြမည်ဟု ရည်မှန်းထားသင့်ပါကြောင်း။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ပူပြင်းခြောက်သွေ့သည့်နွေရာသီသို့ ရောက်ရှိတော့မည် ဖြစ်သဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရထားရဲတပ်ဖွဲ့အမှတ်(၁၄)၊ တပ်ခွဲ (အင်းစိန်) တပ်ခွဲမှူး ဒုရဲမှူး စိုးမိုးလွင်နှင့်အဖွဲ့၊ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)မှ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ဦးသိန်းဆွေဦးစီးသည့် စက်ရုံဝန်ထမ်း ၆၅ ဦးနှင့် စက်ရုံမီးသတ်တာဝန်ခံတပ်စုမှူးပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက အောက်ဆီဂျင်စက်ရုံရှေ့ရှိ ကွင်းပြင်၌ ဆောင်ရွက်ခဲ့သည်။

သရုပ်ပြသပွဲတွင် မီးလောင်မှုအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်မှုများ၊ မီးငြိမ်းသတ်ယာဉ်များ လက်တွေ့မီးငြိမ်းသတ်မှု၊ အသုံးချမှုများအား သရုပ်ပြသကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း (အင်းစိန်)**

## ကိုလံဘိုစီမံကိန်း၏ အရှေ့တောင်အာရှဒေသခွဲ မူးယစ်ဆေးဝါးဆိုင်ရာ Focal Point အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကိုလံဘိုစီမံကိန်း၏ အရှေ့တောင်အာရှဒေသခွဲ မူးယစ်ဆေးဝါးဆိုင်ရာ Focal Point အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ Kempinski Hotel ၌ ဆက်လက်ကျင်းပခဲ့ရာ အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကိုယ်စားလှယ်များ၊ အရှေ့တောင်အာရှဒေသနိုင်ငံများဖြစ်သည့် ထိုင်း၊ စင်ကာပူ၊ လာအို၊ ဗီယက်နမ်၊ ဘရူနိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အမေရိကန်၊ ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့သည်။



အဆိုပါ အစည်းအဝေးတွင် ကိုယ်စားလှယ်များက မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဆုံးဖြတ်အတည်ပြုနိုင်ရေး ဆွေးနွေးမှုများပြုလုပ်ကြပြီး ကိုယ်စားလှယ်များသည် မွန်းလွဲပိုင်းတွင် ကျောက်မျက်ရတနာပြတိုက်နှင့် Junction Centre တို့တွင် သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်



**မကွေး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမတွင် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က အလုပ်ရုံသင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရဲအရာရှိများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ သင်တန်းနည်းပြ လေးဦး၊ သင်တန်းသားအရာရှိ ၅၀ စုစုပေါင်း ၆၆ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

# ဥပဒေပညာရှင် ပါမောက္ခဒေါက်တာတင်အောင်အေးက ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်ငွေကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

(၁၁)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆု(၂၀၁၆) ဆုပေးပွဲတွင် သုတပဒေသာ(အင်္ဂလိပ်) ဘာသာရပ်၌ "Constitutions and Constitutional Courts of the Nations" စာအုပ်ဖြင့် စာပေဆုရရှိသူ ဥပဒေပညာရှင် ပါမောက္ခဒေါက်တာ တင်အောင်အေးက အဆိုပါဆုချီးမြှင့်ငွေအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ယနေ့နံနက်ပိုင်းက လာရောက်လှူဒါန်းသည်။




ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ငွေအား ပဒေသာပင် အလှူငွေ ကျပ်၁၂ သိန်းနှင့် အာဟာရဒါန ကျွေးမွေးခြင်း အလှူတော်မင်္ဂလာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စာရေးသက် နှစ် ၆၀ ကျော်အတွင်း ကျမ်းကြီးပေါင်း ၂၀ ကျော် ရေးသားပြီးပါပြီ။ စာပေ ခရီးစဉ်တစ်လျှောက် ၁၉၈၆ ခုနှစ်က စာပေဗိမာန်စာမူဆု၊ ၂၀၀၆ ခုနှစ်က ဆရာဝန်တင်ရွှေဆု၊ အခု ၂၀၁၆ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု အပါအဝင် သုံးဆုရခဲ့ပါတယ်။ အခုက ထွန်းဖောင်ဒေးရှင်းက ချီးမြှင့်တဲ့ဆုငွေကို ဘိုးဘွားရိပ်သာ ပဒေသာပင်အဖြစ်လှူဒါန်းတာပါ။ သူငယ်ချင်းမိတ်ဆွေ တွေကိုလည်း ဖိတ်ကြားပြီး တွေ့ဆုံခဲ့ပါတယ်" ဟု ပါမောက္ခ ဒေါက်တာ တင်အောင်အေးက ပြောသည်။

အလားတူ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ စေတနာ့ဝန်ထမ်းများအား နှစ်စဉ် ပုံမှန်ဂုဏ်ပြုသည့်အခမ်းအနားကိုလည်း မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကို ၁၉၃၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ရာ ယခုအချိန်တွင် ၈၄ နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အဘိုး ၅၈ ဦး၊ အဘွား ၁၂၅ ဦး စုစုပေါင်း ၁၈၃ ဦး ရှိသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ရာသက်ပန်အလှူရှင်များနှင့် ပြင်ပအလှူရှင်များ လာရောက်လှူဒါန်းလျက်ရှိရာ လှူဒါန်းလိုသူများသည် အမှတ်(၂၁) ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် ဖုန်း ၅၄၁၇၉၆၊ ၅၄၁၇၉၇၊ လိုင်းခွဲ - ၄၀၇/၄၀၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်း- မြတ်စန္ဒီ**
**ဓာတ်ပုံ - ရဲထွဋ်**

❂ **ရှေ့ဖုံးမှ**

ကျေးရွာပေါင်း ၂၀ ကို ခက်ခဲစွာ ထပ်မံသွားရောက်၍ အသေးစိတ်အချိန်ယူပြီး စုံစမ်းစစ်ဆေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ကော်မရှင်သည် ၂၀ - ၂ - ၂၀၁၇ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း၌ ဖြစ်ပျက်ခဲ့သော အခြေအနေများနှင့် စပ်လျဉ်း၍ မိမိတို့ပြည်တွင်းရှိ မူဆလင်ကျေးရွာများသို့ သွားရောက်ကွင်းဆင်းတွေ့ရှိချက်များကိုလည်း ကော်မရှင်၏ အစီရင်ခံစာ၌ အရှိကိုအရှိတိုင်း လွတ်လပ်စွာ ဘက်လိုက်မှုမရှိဘဲ ပြည့်စုံစွာ ဖော်ပြရန် ပြုစုလျက်ရှိပါသည်။

၄။ သို့ရာတွင် မောင်တောဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဒုက္ခသည်များအဖြစ် ရောက်ရှိနေသော မူဆလင်များကို တွေ့ဆုံမေးမြန်း၍ ၎င်းတို့ရသင့်ရထိုက်သော တရားဥပဒေပါ အခွင့်အလမ်းများကို ဆုံးရှုံးမှုမရှိစေဘဲ ဖြစ်စဉ်များ ဖြစ်ပွားခဲ့မှု အသေးစိတ်တို့ကို ပိုမိုလေ့လာသိရှိရန်တို့အတွက် ကော်မရှင်သည် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ဆောလျင်စွာ သွားရောက်နိုင်ရန် နှစ်နိုင်ငံ အစိုးရအချင်းချင်းအကြား ညှိနှိုင်းဆက်သွယ်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# ရန်ကုန်မြို့ Strand ဟိုတယ်တွင် (၁၄၉၁)ကြိမ်မြောက် တမန်တော်နေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

(၁၄၉၁)ကြိမ်မြောက် တမန်တော်နေ့အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Strand ဟိုတယ်၌ ကျင်းပသည်။

တမန်တော်နေ့အခမ်းအနားတွင် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဟာဂျီဦးကျော်ခင်၊ ဗဟိုကော်မတီနာယက ဒေါက်တာဦးလှအောင်ကိုယ်စား နာယက ဦးလှမောင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးစိန်ဝင်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားခြင်း၊ တမန်တော်နေ့ ကျင်းပရေးဗဟိုကော်မတီဝင်များက ဓမ္မစကားများပြောကြားခဲ့ကြပြီး ကျေးဇူးတင်စကားပြောကြားကာ ဆုမွန်ကောင်းတောင်း၍ (၁၄၉၁) ကြိမ် မြောက် တမန်တော်နေ့အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

# ကတ္တရာလမ်းသစ်လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းဆောင်ရွက်

**သံဖြူဇရပ် ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေ ဖြင့် ဆောင်ရွက်သော ပင-ဝဲရက်ကျေးရွာချင်းဆက်လမ်း(၀/၄ ဒသမ ၅)မိုင် ကတ္တရာလမ်းသစ် ဆောင်ရွက်နေမှု အခြေအနေကို ဖေဖော်ဝါရီ၂၃ရက်က မြို့နယ်ဦးစီးမှူး ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအသိပညာပေးဟောပြော

**ဝန်းသို ဖေဖော်ဝါရီ ၂၅**

မူးယစ်ဆေးဝါးသည် လူသားမျိုးနွယ်တစ်ရပ်လုံးအား ခြိမ်းခြောက်လျက်ရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းအား ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာစေရန်အတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက ဝန်းသိုမြို့နယ် ကင်းမြင်သာကျေးရွာအုပ်စု အင်ဂုံကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်းနှင့် ဝန်းသိုမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းဦးတို့က မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ ကင်းမြင်သာကျေးရွာ၊ အင်ဂုံကျေးရွာ၊ ပိန်းကန်ကျေးရွာ၊ ခပ်ချိုကျေးရွာနှင့် ကိုးပင်ကျေးရွာတို့မှ ပြည်သူ ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှိုင်မျိုးထွန်း(ဝန်းသို)**



# သံဓာတ်ချို့တဲ့မှုနှင့် သွေးအားနည်းရောဂါကို အမျိုးသမီးများနှင့် ကလေးသူငယ်အများစု ခံစားနေကြရပြီး အမျိုးသမီးနှင့်ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများ ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

သံဓာတ်ချို့တဲ့မှုနှင့် သွေးအားနည်းရောဂါကို အမျိုးသမီးများနှင့် ကလေးသူငယ်အများစုတွင် ခံစားနေကြရကြောင်း ကျန်းမာရေးဆိုင်ရာ အချက်အလက်များအရ သိရသည်။

ယင်းကြောင့် အမျိုးသမီးကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုအနေဖြင့် စုပေါင်းလမ်းလျှောက်ပွဲများကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း Mega Lifescience မှ သိရသည်။

အမျိုးသမီးအများစုတွင် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါကို ခံစားနေကြရပြီး ကိုယ်ဝန်ဆောင်မိခင်များ၏ ၇၁ ရာခိုင်နှုန်းခန့်၊ ကိုယ်ဝန်ဆောင်မဟုတ်သူများ၏ ၄၅ ရာခိုင်နှုန်းခန့်၊ ကလေးသူငယ်များ၏ ၇၀ ရာခိုင်နှုန်းခန့် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါကို ခံစားနေကြရသည်ဟု သိရသည်။

ယင်းကြောင့် Mega Lifescience မှ သွေးအားနည်းရောဂါအကြောင်း ရှင်းလင်းဟောပြောပေးခြင်း၊ သွေးအားနည်းရောဂါရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ ဆေးများပေးဝေခြင်းများ အပါအဝင် အမျိုးသမီးများသာမက အားလုံးပါဝင်ဆင်နွှဲနိုင်သော စုပေါင်းလမ်းလျှောက်ပွဲ Ferrovit Walkathon ကို နှစ်စဉ်ပြုလုပ်ပေးလျက်ရှိရာ ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတုတ္ထအကြိမ်မြောက် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Mega Lifescience Ltd တို့ ပူးပေါင်းကျင်းပခဲ့ပြီး အမျိုးသမီးများနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတရရှိစေရန်နှင့် အားလုံးပါဝင်နိုင်သော စုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ လမ်းလျှောက်ပွဲကို သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံမှ စတင် တာလွှတ်ကာ ဝေဇယန္တာလမ်းတစ်လျှောက် သစ္စာလမ်းမီးပွိုင့်အထိ သတ်မှတ်အကွာအဝေး ၅ ဒသမ ၅ ကီလိုမီတာ (၃မိုင်ခန့်)ကို စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

ယင်းအပြင် အမျိုးသမီးများနှင့် သွေးအားနည်းရောဂါအကြောင်း ဒေါက်တာဝင်းဝင်းမြင့်က ဟောပြောခဲ့ပြီး သွေးအားနည်းရောဂါရှိ၊ မရှိ အခမဲ့စစ်ဆေးပေးခြင်းများ၊ Ferrovit သံဓာတ်အားဆေးများ လက်ဆောင်များ ပေးဝေခြင်း၊ ဂိမ်းများ ကစားခြင်းနှင့် အသက်အကြီးဆုံး လမ်းလျှောက်ပါဝင်ဆင်နွှဲသူနှင့် အသက်အငယ်ဆုံး လမ်းလျှောက်ပါဝင်ဆင်နွှဲသူ စုစုပေါင်း ၂၄ ဦးကို ဂုဏ်ပြုခြင်းများ ပေးအပ်ခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်းတို့ကို ပြုလုပ်ခဲ့ပြီး နှစ်စဉ် အမျိုးသမီးကျန်းမာရေးနှင့် စုပေါင်းလမ်းလျှောက်ပွဲကို ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# အိမ်ဖြူတော်တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲသို့ မီဒီယာအချို့တက်ရောက်ရန် ပိတ်ပင်ခြင်းခံရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အိမ်ဖြူတော်တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သတင်းယူရန် စီအင်န်အင်န်နှင့် သည်နယူးယောက်တိုင်းမ် အပါအဝင် အခြားသောသတင်းအေဂျင်စီများအား ဖေဖော်ဝါရီ ၂၄ ရက်တွင် အိမ်ဖြူတော်က ပိတ်ပင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ယခုရက်ပိုင်းအတွင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆီရန်းစပိုက်ဆာက သတင်းစာရှင်းလင်းပွဲများကို နေ့စဉ်နီးပါး ကျင်းပပေးလျက်ရှိသည်။ သို့သော် ဖေဖော်ဝါရီ ၂၄ ရက်တွင် အချို့သောမီဒီယာများကိုသာ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခွင့်ပြုပြီး သတင်းရယူသည့် အခန်းမှသာ သတင်းဓာတ်ပုံများ ရိုက်ခွင့်ပြုခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် အေဘီစီ၊ ဖောက်စ်၊ ရိုက်တာနှင့်အခြားသော ကွန်ဆာဗေးတစ် အွန်လိုင်းသတင်းမီဒီယာများနှင့် သတင်းစာများကိုသာ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခွင့်ပြုခဲ့ကြောင်းသိရသည်။

ယင်းသို့မီဒီယာများအား ခွဲခြားဆက်ဆံခြင်းသည် မီဒီယာသမားများအတွက် လက်သင့်မခံနိုင်သည့် လုပ်ရပ်ပင်ဖြစ်ကြောင်းနှင့် ထိုသို့လုပ်ဆောင်ခြင်းသည် အစိုးရကြိုက်နှစ်သက်ခြင်းမရှိသည့် သတင်းများကို ရေးသားပါက ယခုကဲ့သို့ တားမြစ်ပိတ်ပင်ခြင်း(သို့မဟုတ်) ခွဲခြားဆက်ဆံခြင်းခံရမည်ဟု သိသာထင်ရှားစွာ ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းအေဂျင်စီက ဆိုသည်။

သည်နယူးယောက်တိုင်းမ် သတင်းစာ၏ အမှုဆောင်အယ်ဒီတာက ၎င်းတို့အနေဖြင့် နိုင်ငံရေးပါတီများနှင့် အုပ်ချုပ်မှုစနစ်အမျိုးမျိုးလက်အောက်တွင် မီဒီယာလုပ်ငန်းကို လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံများစွာရှိပါသော်လည်း ယခုကဲ့သို့ မီဒီယာများအပေါ် ခွဲခြားဆက်ဆံခြင်းကို မည်သည့်အစိုးရလက်ထက်တွင်မှ မကြုံဖူးသေးကြောင်း ပြောကြားခဲ့သည်။



အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း သမ္မတဒေါ်နယ်လ်ထရန့်၏ နောက်လိုက်များက မဲအနိုင်ရရှိရေးအတွက် ရုရှားနိုင်ငံအား အဆက်အသွယ်ပြုလုပ်ခဲ့ခြင်း ရှိ၊ မရှိဆိုသည်နှင့်ပတ်သက်ပြီး စွပ်စွဲမှုများအား ပယ်ဖျက်ရန် အိမ်ဖြူတော်က အက်ဖ်ဘီအိုင်ကို တောင်းဆိုခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းရေးသားဖော်ပြခဲ့သည်။

ထိုသို့ စီအင်န်အင်န်သတင်းဌာန၏ သတင်းရေးသားတင်ပြမှုသည် တိကျမှန်ကန်မှုမရှိကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူဆီရန်းစပိုက်ဆာက ပြန်လည်တုံ့ပြန်ပြောကြားခဲ့သည်။

သမ္မတဒေါ်နယ်လ်ထရန့်က သတင်းမီဒီယာ၏ အရေးပါပုံကို ဦးစားပေးပြောကြားလေ့ရှိပြီး မဟုတ်မမှန်သတင်းရေးသားဖော်ပြခြင်းသည် ပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်ဟု မကြာခဏပြောကြားကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

# အင်ဒိုနီးရှားသမ္မတဝီဒိုဒို ဩစတြေးလျသို့ သွားရောက်



**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒိုသည် ဩစတြေးလျနိုင်ငံသို့ နှစ်ရက်ကြာခရီးစတင်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ရက်တွင် ဆစ်ဒနီမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အစောပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံက ဩစတြေးလျနိုင်ငံသားနှစ်ဦးအား မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုဖြင့် သေဒဏ်ပေးကွပ်မျက်ခဲ့ရာမှ နှစ်နိုင်ငံအကြား ဆက်ဆံရေးတွင် တင်းမာမှုများဖြစ်ပေါ်ခဲ့ရသည်။

ဩစတြေးလျနိုင်ငံသားနှစ်ဦးအား ကွပ်မျက်ခဲ့ပြီးနောက်တွင် ဩစတြေးလျနိုင်ငံက အင်ဒိုနီးရှားနိုင်ငံရှိ ၎င်း၏သံရုံးဝန်ထမ်းများအား ပြန်လည်ခေါ်ယူခဲ့သည်။ သို့သော် ယင်းဖြစ်ရပ်များ ဖြစ်ပျက်ပြီးကတည်းကပင် နှစ်နိုင်ငံစလုံးက ကုန်သွယ်မှုတိုးမြှင့်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးများ လုပ်ဆောင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လာကြသည်။

ဩစတြေးလျနိုင်ငံသို့ လာရောက်သော အင်ဒိုနီးရှားနိုင်ငံသမ္မတ ဝီဒိုဒို၏ အစီအစဉ်များတွင် နှစ်နိုင်ငံကြား လွတ်လပ်သောကုန်သွယ်မှုများ ပြုလုပ်နိုင်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် ဦးစားပေးအစီအစဉ်အဖြစ် ပါရှိကြောင်း သိရသည်။

**ဆင်ဟွာ။**

# ပြုံယမ်းက နျူကလီးယားဒုံးကျည်စမ်းသပ်ပစ်လွှတ်ရန် ပြင်ဆင်နေကြောင်း အမေရိကန်သုတေသီများကဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

မြောက်ကိုရီးယားနိုင်ငံက နောက်ထပ်နျူကလီးယားဒုံးလက်နက် စမ်းသပ်လွှတ်တင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း အမေရိကန် သုတေသနအဖွဲ့တစ်ဖွဲ့၏ သုတေသနစမ်းသပ်ချက်တစ်ရပ်အရ သိရသည်။

ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်၏ သုတေသနအဖွဲ့က ဖေဖော်ဝါရီ ၁၈ ရက်တွင် မြောက်ကိုရီးယားနိုင်ငံ၏ ပန်ဂျေး-ရီ နျူကလီးယားစမ်းသပ်သည့်နေရာ၏ လှုပ်ရှားမှုများကို ဂြိုဟ်တုမှတစ်ဆင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည်။

အဆိုပါမှတ်တမ်းဓာတ်ပုံအရ နျူကလီးယားစမ်းသပ်နေရာ၏ မြောက်ဘက်ပိုင်း ဒုံးလွှတ်စင်အနီးတစ်ဝိုက်တွင် နျူကလီးယားဒုံးလက်နက်စမ်းသပ်ပစ်လွှတ်ရန် ပြင်ဆင်မှုများ တွေ့ရှိရကြောင်း သုတေသီများက ဆိုသည်။ ယခင်စမ်းသပ်ပစ်လွှတ်ခဲ့သော ဒုံးလက်နက်များကိုလည်း အဆိုပါဒုံးလွှတ်စင်မှ ပစ်လွှတ်နိုင်ဖွယ်ရှိသည်ဟု ဆက်လက်ပြောကြားခဲ့သည်။

ပြုံယမ်းအနေဖြင့် နျူကလီးယားဒုံးလက်နက်ကို ပြီးခဲ့သည့် စက်တင်ဘာလတွင် ငါးကြိမ်မြောက်စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ရုရှားအာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းယာဉ် ချိတ်ဆက်

**မော်စကို ဖေဖော်ဝါရီ ၂၅**

ရုရှားနိုင်ငံက လွှတ်တင်ခဲ့သော ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသည့် အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)တို့သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် အောင်မြင်စွာ ချိတ်ဆက်မိကြောင်း ရုရှားအာကာသခရီးစဉ် ထိန်းချုပ်ရေးစခန်းက ပြောကြားသည်။

ပရိုဂရက်စ်-အမ်အက်စ်-၅ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့် ဖေဖော်ဝါရီ ၂၄ ရက် ဂင်းနစ်စံတော်ချိန် ၈ နာရီခွဲတွင် ချိတ်ဆက်မိကြောင်း ရုရှားအာကာသယာဉ် ထိန်းချုပ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို အာရ်အိုင်အေ နိုဗော့စတီသတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်တွင် နိုင်ငံတကာအာကာသစခန်းယာဉ်ရှိ အာကာသယာဉ်မှူးများအတွက် ထောက်ပံ့ပေးရန် အလေးချိန် ၂ ဒသမ ၅ တန်ရှိသော သိပ္ပံပညာစူးစမ်းလေ့လာရေးဆိုင်ရာ ကိရိယာများ၊ လောင်စာဆီနှင့် စားနပ်ရိက္ခာများ၊ သောက်သုံးရေ၊ ဆေးဝါးများ၊ အာကာသဝတ်စုံများနှင့် အခြားထောက်ပံ့ရေးပစ္စည်းများကို သယ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသကုန်တင်ယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနူးအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆိုယုဇ်-ယူ အမျိုးအစားဒုံးယာဉ်တွင် တင်ဆောင်ကာ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် လွှတ်တင်ခဲ့သော ပရိုဂရက်စ် အာကာသ ကုန်တင်ယာဉ်မှာ လွှတ်တင်ပြီး အချိန်တိုအတွင်း မီးလောင်ပျက်စီးပြီးနောက် ဖေဖော်ဝါရီ ၂၂ ရက်တွင် ယခုအာကာသကုန်တင်ယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**



# အာဖဂန်မြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်၌ လေကြောင်းမှ စီးနင်းတိုက်ခိုက်၍ စစ်သွေးကြွ ၁၈ ဦးသေဆုံး

**ကန်ဒုဇ် ဖေဖော်ဝါရီ ၂၅**

အာဖဂန်နစ္စတန် အစိုးရတပ်ဖွဲ့များက စစ်ဆင်ရေးများလုပ်ဆောင်နေသည့် နိုင်ငံမြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်တွင် လွန်ခဲ့သည့် ၂၄ နာရီ အတွင်းက တာလီဘန်စစ်သွေးကြွ ၁၈ ဦးကျော် သေဆုံးခဲ့ကြောင်း အာဖဂန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်းက အာဖဂန်အစိုးရလေတပ်မှ လေယာဉ်များသည် ကန်ဒုဇ်ပြည်နယ် ဒါရှက်အီးအာချီပြည်နယ်တွင်း၌ ပုန်းခိုနေသည့် တာလီဘန်စစ်သွေးကြွများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ယင်းပြည်နယ်တွင်းရှိ အာဖဂန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါလေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများအား ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ပြုလုပ်ခဲ့ပြီး ဆက်လက်တိုက်ခိုက်နေဆဲဖြစ်ကြောင်း၊ စစ်သွေးကြွငါးဦးမှာ လေကြောင်းတိုက်ခိုက်မှုအတွင်း ဒဏ်ရာများရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကန်ဒုဇ်ပြည်နယ်နှင့် အိမ်နီးချင်း တာခ်ဟာနှင့် ဘာခ်ဟန်ပြည်နယ်များ၌ပါ အာဖဂန်အစိုးရတပ်ဖွဲ့များက စစ်သွေးကြွများအား မြေပြင်နှင့် လေကြောင်းစစ်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**

# မြန်မာပြည်တစ်ခွင်လုံး စမတ်ကတ်အသုံးတွင်လာ

## အောင်ထွန်း

ယနေ့ကာလ မြန်မာမှာရော ကမ္ဘာမှာပါ အသုံးတွင်ကျယ်လာနေသည်က "စမတ်ကတ်" ဖြစ်သည်။ မိုက်ခရိုချစ်တစ်ခုပါဝင်သော ကတ်ပြားလေးက ကိုင်ဆောင်သူ မည်သူမည်ဝါဖြစ်သည်ကို သိကြားစေ သက်သေပြနိုင်လေသည်။

လူထုအတွင်း စမတ်ကတ်ကိုင်ဆောင်မှုတွင်ကျယ်လာနေပြီး အလိုအလျောက်ငွေထုတ်စက်မှ ငွေထုတ်ယူခြင်းမှသည် အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုများအထိ အသုံးပြုလျက်ရှိကြသည်။

စမတ်ကတ်ကိုင်ဆောင်သူ မည်သူမည်ဝါဖြစ်သည်ကို အတည်ပြုပေးနိုင်သည်က PIN နံပါတ်ဖြစ်သည်။ PIN နံပါတ်မှန်ကန်လျှင် "ဖတ်စက်"က အလုပ်လုပ်ပေးလိမ့်မည်။ PIN နံပါတ်မှားနေလျှင် "ဖတ်စက်"က ငုတ်တုတ်ထိုင်နေပါမည်။ သို့ဖြစ်ပေရကား သင်နှင့် PIN နံပါတ်တစ်သားတည်းကျပါမှ အပေါက်အလမ်းတည့်ပေမည်။

စမတ်ကတ်ကို မိတ်ဆက်ပေးခဲ့သည်မှာ ပြင်သစ်နိုင်ငံ၏ အများပြည်သူသုံး တယ်လီဖုန်းများဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ စမတ်ကတ်အသုံးပြု၍ ဖုန်းဆက်နိုင်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

မီမိုရီသာပါဝင်သည့် ရိုးရိုးကတ်များအဖြစ် ဖုန်းငွေဖြည့်ကတ်များနှင့် ကျန်းမာရေးအာမခံကတ်များကို တွေ့မြင်နိုင်သည်။

နည်းပညာအရ ပိုမိုရှုပ်ထွေးသည့်ကတ်များမှာမူ အထူးကတ်များဟုဆိုနိုင်သည်။ အထူးတည်ဆောက်ထားသောကတ်တွင် အင်တီဂရိတ်တတ် မိုက်ခရိုချစ်တစ်ခုပါဝင်သည်။ သတင်းအချက်အလက်(ဒေတာ) သိုလှောင်ထားနိုင်သည့်အပြင် ဒေတာပရောဆက်လုပ်နိုင်သည်။ ရိုးရိုးကတ်ထက် သာလွန်သည်မှာ ကတ်၏ မန်မိုရီထံ တိုက်ရိုက်ဝင်ရောက်နိုင်ခြင်းမရှိမှုဖြစ်သည်။ ငွေထုတ်ရာတွင် အသုံးပြုသော ဘဏ်ကတ်များ၊ မိုဘိုင်းဖုန်းများ၌ အသုံးပြုသော ဆင်းကတ်များကို အထူးကတ်များအဖြစ် သာဓကပြနိုင်သည်။

မီမိုရီ(သို့မဟုတ်)မိုက်ခရိုပရောဆက်ဆာ တစ်မျိုးမျိုးပါဝင်သော ကွန်ပျူတာချစ်ပြားလေးက သေးငယ်သလောက် အလုပ်ဖြစ်လှသည်။ ဒေတာကို သိုလှောင်ခြင်း၊ ဒေတာကို စီမံခန့်ခွဲခြင်းဖြင့် အလုပ်လုပ်ပေးသည်။ ကတ်၏ ချစ်ပြားလေးအတွင်းရှိ အမှတ်သညာများကို ကွန်ပျူတာစနစ်သုံး ဖတ်စက် (Reader)ဖြင့်ဖတ်ကာ အလိုရှိသလို အလုပ်လုပ်ပေးသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘဏ်လုပ်ငန်းမှသည် ဂြိုဟ်တုရုပ်သံကဲ့သို့ ဖျော်ဖြေရေးနှင့်သယ်ယူပို့ဆောင်ရေးတို့အထိ နယ်ပယ်ကဏ္ဍပေါင်းစုံတွင် စမတ်ကတ်များအသုံးတည့်လှသည်။

စမတ်ကတ်၏ အသုံးတွင်ကျယ်မှုမှာ အံ့မခန်းရှိလှပြီး ကမ္ဘာတစ်ဝန်းတွင် စမတ်ကတ်ပေါင်း သန်းပေါင်းများစွာရှိနေပြီဟု ခန့်မှန်းရသည်။

e-commerce (ဝါ)အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး ကျယ်ပြန့်လာခြင်းနှင့်အတူ စမတ်ကတ်များ အသုံးဝင်မှု တွင်ကျယ်လာနေသည်ဟု ဆိုနိုင်သည်။

၁၉၆၈ ခုနှစ်တွင် ဂျာမန်လူမျိုး တီထွင်သူနှစ်ဦးဖြစ်ကြသော ဂျာဂျင်ဒက်လော့နှင့် ဟဲလ်မွတ်ဂရိုထရပ်တို့က မိုက်ခရိုချစ်ပြားများကို သယ်ဆောင်နိုင်သော ပလတ်စတစ်ကတ်များကို တီထွင်ဖော်ထုတ်ခဲ့ကြသည်။ နောက်နှစ်နှစ်အကြာတွင် ကူနီတာကာ အရီမူရာ ဆိုသူက အလားတူ အပလီကေးရှင်းကို တီထွင်ဖော်ထုတ်ခဲ့ပြန်သည်။

၁၉၈၀ ပြည့်လွန်နှစ်များ အရောက်တွင်မူ ဥရောပ၌ ဖုန်းသုံးစွဲသူများအတွက် ကြိုတင်ငွေဖြည့်ကတ်များကို စတင်သုံးစွဲလာခဲ့ကြသည်။

သယ်ဆောင်ရလည်း လွယ်ကူ၊ သူခိုးသူဝှက်ဘေးရန်မှလည်း ကင်းဝေးကာ လုံခြုံစိတ်ချစွာအသုံးပြုနိုင်သော စမတ်ကတ်များသည် ငွေရေးကြေးရေးလုပ်ငန်းမှန်သမျှတွင် အသုံးတည့်လာသည်ဖြစ်ပေရာ အများပြည်သူတို့ နှစ်ခြိုက်မှုနှင့်အတူ စမတ်ကတ်အသုံးပြုမှု ရေပန်းစားလာလျက်ရှိသည်။

တစ်ချိန်တစ်ခါက ဘားကုတ်များက နေရာယူခဲ့သော ဈေးကွက်များတွင် စမတ်ကတ်များ ဥဒဟိုဝင်ရောက်လာသည်။

ကမ္ဘာပေါ်တွင် စမတ်ကတ်အသုံးများလှသည့် နိုင်ငံတစ်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်သည်။ အမေရိကန်တွင် ဈေးဆိုင်များမှသည် ရုပ်ရှင်ရုံများနှင့် စာကြည့်တိုက်များအဆုံး နေရာတကာတွင် စမတ်ကတ်အသုံးပြုနေကြသည်။ နိစ္စဓူဝ လူနေမှုဘဝတွင် စမတ်ကတ်ကို ကင်းကွာ၍မရ။



စမတ်ကတ်နည်းပညာ ဖွံ့ဖြိုးလာခြင်းနှင့်အတူ Global System for Mobile Communication (GSM) အောက်ရှိ ဖုန်းစနစ်များအားလုံး၊ GSM၊ UTMS နှင့် 3G ကွန်ရက် အော်ပရေတာများအကြား ပေါင်းကူးပေးနိုင်သော (Universal Subscriber Identification Modules -USIM)သည် စမတ်ကတ်ကို အထူးတလည် အသုံးပြုနေပုံမှာ ထင်ရှားသော သာဓကတစ်ရပ်ဖြစ်သည်။

ငွေသားအသုံးပြုခြင်းထက် ပိုမိုလွယ်ကူစေနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံမှုရှိသော စမတ်ကတ်များကို ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသော Visa၊ Mastercard၊ Discover နှင့် American Express တို့က ဘဏ်များနှင့် ချိတ်ဆက်လုပ်ကိုင်လျက်ရှိကြသည်ကို တွေ့ရပြန်သည်။

EMV (Euro pay၊ Master Card၊ Visa) Standard အောက်တွင် စမတ်ကတ်သန်းပေါင်းများစွာ ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။

ဘဏ္ဍာရေးဈေးကွက်သစ်များတွင် ဘဏ်များ၏ ယှဉ်ပြိုင်မှု မြင့်မားလာသည်နှင့်အမျှ စမတ်ကတ်များမှတစ်ဆင့် ငွေပေးငွေယူပြုလုပ်မှုမှာ အထူးပင်တိုးတက်လာသည်။

အစိုးရအဖွဲ့အောက်ရှိ ရုံးဌာနများနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ နေရာဌာနများတွင် လုံခြုံရေးစိစစ်မှုကို စမတ်ကတ်များအသုံးပြုလာသည်ကိုလည်း တွေ့မြင်ရသေးသည်။

### စမတ်ကတ်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ

ယနေ့ကာလတွင် နိုင်ငံတကာ၌ သယ်ယူပို့ဆောင်ရေးဆိုင်ရာ နယ်ပယ်အသီးသီးသို့ စမတ်ကတ်များ ဝင်ရောက်လာလျက်ရှိသည်။ အထူးအားဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကို စီးနင်းကြသည့် ခရီးသည်များအတွက် စမတ်ကတ်စနစ်များ ပေါ်ထွန်းလာနေသည်။

အာရှဒေသရှိ မြို့ကြီးများတွင် မြို့တော်သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့များက စမတ်ကတ်များ တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြရေးကို အားပေးမြှင့်တင်လျက်ရှိကြသည်။

မြို့တော်သာမက စည်ကားသော မြို့ကြီးများ၌ပါ သွားရေးလာရေးကိစ္စတွင် စမတ်ကတ်များက နေရာယူရန် တာစူလျက်ရှိသည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အများပြည်သူသုံး ယာဉ်မျိုးစုံစီးနင်းခွင့်ရှိသော စမတ်ကတ်စနစ်ကို ကျင့်သုံးနိုင်ရန် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က စီစဉ်နေသည်ဟု သိရသည်။

လူဦးရေ ၁၀ သန်းကျော်ရှိ မွမ်ဘိုင်းမြို့၌ အများပြည်သူသုံးယာဉ်များဖြင့် ခရီးသွားလာသူဦးရေမှာ အလွန်များပြားလှပြီး စမတ်ကတ်သုံးစွဲခြင်းဖြင့် ပြည်သူတို့၏ သွားရေးလာရေးကိစ္စတွင် ပိုမိုအဆင်ပြေချောမွေ့မှုရှိလာမည်မှာ သေချာလှသည်။

မွမ်ဘိုင်းမြို့၏ စမတ်ကတ်စနစ်မှာ အများပြည်သူသုံးယာဉ်မျိုးစုံဖြင့် ချိတ်ဆက်ထားပြီး ခရီးသည်တစ်ဦးအနေဖြင့် စမတ်ကတ်တစ်ခုတည်းကို အသုံးပြု၍ မြို့ပတ်ရထား၊ တစ်လမ်းမောင်းရထား၊ ဆင်ခြေဖုံးရထား၊ ဘတ်စ်ကား၊ တက္ကစီ၊ သုံးဘီးကားတို့ကို ကြိုက်သလို စီးနင်းခွင့်ရှိပေသည်။

စမတ်ကတ်တစ်ခုတည်းဖြင့် ခရီးသွားလာနိုင်သလို ကိုယ်ပိုင်ကားဖြင့် သွားလာသူများမှာလည်း ပါကင်နေရာအတွက် ငွေပေးချေရာတွင် စမတ်ကတ်ကို အသုံးပြုနိုင်သည်ဆို၏။

အိန္ဒိယနိုင်ငံရှိ ဂိုအာ၊ ကေရာလာ စသည့်ပြည်နယ်များတွင်လည်း တစ်လသက်တမ်းရှိ ခရီးသွားကတ်များကို ထုတ်ဝေပေးနေပြီဟု သိရသည်။ ပြည်နယ်အတွင်း မည်သည့်ဘတ်စ်ကားကိုမဆို စီးနင်းနိုင်သော ခရီးသွားကတ်များကို ကေရာလာပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကော်ပိုရေးရှင်းက ဇန်နဝါရီလကုန်မှ အစပြု၍ ထုတ်ဝေပေးလျက်ရှိသည်။

ပရီမီယမ်၊ ရွှေ၊ ငွေနှင့် ကြေးဟူ၍ ရူပီး ၅၀၀၀၊ ၃၀၀၀၊ ၁၅၀၀ နှင့် ၁၀၀၀ တန်ဖိုးရှိ ခရီးသွားကတ်အမျိုးမျိုးကို အသုံးပြုနိုင်ကြပြီဖြစ်သည်။ ပရီမီယမ်ကတ်ကိုင်သူဆိုလျှင် လေအေးပေးစက်ပါရှိသော ဘတ်စ်ကားကို စီးနင်းနိုင်ပြီး ယာဉ်များ၏ ဝန်ဆောင်ပေးနိုင်မှုအလိုက် ကတ်အမျိုးမျိုးကို ခွဲခြားထားခြင်းဖြစ်သည်။

### မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြင့်မားဖို့

ဘက်စုံစီးပွားရေးတည်ဆောက်မှုသို့ ဦးတည်နေသော မြန်မာနိုင်ငံ၌ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းတို့မြင့်မားစေရန် စမတ်ကတ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။

စာရေးသူသည် မကြာသေးမီရက်များက ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ် လမ်းမကြီးတစ်လျှောက် ခရီးသွားလာခဲ့ရာ လမ်းခုလတ်ရှိ တိုးလ်ဂိတ်များကို ဖြတ်သန်းကြသော ကုန်တင်ယာဉ်များက စမတ်ကတ်ဖြင့် ငွေချေလျက်ရှိကြသည်ကို တွေ့မြင်ခဲ့ရသည်။

Electronic Toll Card နှင့်ပတ်သက်၍ စာရေးသူ စိတ်ဝင်စားမိသဖြင့် တိုးလ်ဂိတ်ဝန်ထမ်းတစ်ဦးထံ ချဉ်းကပ်မေးမြန်းမိသည်။ သူက "ကုန်တင်ယာဉ်တွေ စမတ်ကတ်သုံးကြလို့ ကတ္တားတက်ချိန်မြန်တယ်။ လမ်းဖြတ်ခကို အတိအကျပေးနိုင်တယ်။ ယာဉ်ကြီးတွေရော၊ ယာဉ်ငယ်တွေပါ အသုံးပြုလာနေကြတယ်။ ငွေဖြည့်သွင်းချင်တဲ့ တိုးလ်ဂိတ်တွေမှာ လက်ကျန်ငွေစစ်ဆေးနိုင်တယ်။" ဟု ပြောပြသည်။

ကျောက်ချောတိုးလ်ဂိတ်(မန္တလေး)၊ ကျောက်မဲတိုးလ်ဂိတ်(ကျောက်မဲ)၊ လားရှိုးမြို့ရှောင်တိုးလ်ဂိတ်(လားရှိုး)၊ မိုင်းယုတိုးလ်ဂိတ်၊ ၁၀၅မိုင်(မူဆယ်)တို့တွင် Electronic Toll Card များ ဝယ်ယူနိုင်ကြကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ၌ ပြည်နယ်၊ ပြည်မ ကူးလူးဆက်ဆံရာတွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များအနေဖြင့် တိုးလ်ဂိတ်များတွင် လမ်းဖြတ်သန်းခနှုန်းထားများပေးဆောင်ရာတွင် အပိုအလိုမရှိ အတိအကျပေးဆောင်နိုင်ရန် ကြိုတင်ငွေဖြည့်ထားသော စမတ်ကတ်စနစ်ကို အသုံးပြုနိုင်ကြပေပြီ။

ကျသင့်ငွေပေးဆောင်ချိန် မြန်ဆန်ခြင်း၊ ကျသင့်ငွေပေးဆောင်မှု အတိအကျဖြစ်စေခြင်း၊ ပြန်အမ်းငွေအကြွေပြဿနာမရှိခြင်း၊ ငွေသားလက်ဝယ် ကိုင်ဆောင်ရန်မလိုခြင်း၊ နိုင်ငံတကာနှင့်တန်းတူ နည်းပညာအဆင့်အတန်း မြင့်မားခြင်းစသည့် ကောင်းကျိုးများနှင့် ပြည့်ဝသော စမတ်ကတ်များကို မြို့တော်သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးမျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ကူးသန်းသွားလာသော ယာဉ်အမျိုးမျိုးတို့တွင် အသုံးပြုလာနိုင်စေရေးအတွက် အစိုးရ၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ကြမည့် နေ့ရက်သစ်များကို တွေ့မြင်လာရတော့မည်ဟု မျှော်လင့်မိပါသည်။

မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးလာခြင်းနှင့်အတူ ဒစ်ဂျစ်တယ်ငွေကြေးစနစ် တစ်စတစ်စ တွင်ကျယ်လာလျက်ရှိသည်။ အများပြည်သူတို့ နေ့စဉ်ခရီးသွားလာကြရာတွင် ယာဉ်စီးခကို ငွေသားဖြင့်ပေးချေရသည့်စနစ်မှ ဒစ်ဂျစ်တယ် ငွေကြေးစနစ်သို့ ပြောင်းလဲနိုင်မည်ဆိုပါက လှည့်ပတ်သုံးစွဲငွေစနစ်အတွင်း ငွေသားများဖောင်းပွမှုကို လျှော့ချနိုင်ပေမည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၌ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကြီးတစ်ရပ်လုံး ဖွံ့ဖြိုးလာအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရပါမည်။

အီလက်ထရွန်နစ်စနစ်ဖြင့် စီမံဆောင်ရွက်သည့် ငွေကြေးစနစ်မှာ နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများ၏ အသီးအပွင့်များဖြစ်သည်။ စမတ်ဖုန်းနည်းပညာ၊ ခရက်ဒစ်ကတ်နည်းပညာ၊ အင်တာနက်နည်းပညာ စသည့် နည်းပညာအမျိုးမျိုးကိုအသုံးပြုကာ ဒစ်ဂျစ်တယ်ငွေကြေးကိုဖလှယ်ခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း၊ ငွေလွှဲခြင်း၊ အခွန်ဆောင်ခြင်း၊ ဈေးဝယ်ခြင်း စသည်တို့ ပြုလုပ်နိုင်ကြပေပြီ။

ငွေသားကို ကိုင်တွယ်သုံးစွဲစရာမလိုသည့် ဒစ်ဂျစ်တယ်ငွေကြေးစနစ်၏ အားသာချက်တစ်ရပ်မှာ ငွေကြေးအလွဲသုံးမှုမှ ကာကွယ်နိုင်ခြင်းဖြစ်သည်။ ငွေသားကိုင်ဆောင်ကာ လုပ်ကိုင်ရသော ဝန်ထမ်းများအနေဖြင့် ရိုးသားဖြောင့်မတ်မှုမရှိလျှင် ငွေကို ခိုးယူခြင်း၊ ငွေကို အလွဲသုံးစားပြုလုပ်ခြင်း၊ စာရင်းလိမ်ကာ မသမာမှုပြုလုပ်ခြင်းတို့ရှိတတ်ပြီး ဒစ်ဂျစ်တယ်ငွေကြေးစနစ်ကို သုံးစွဲကြခြင်းဖြင့် ငွေကြေးဆိုင်ရာ ကလိမ်ကကျစ်ပြုလုပ်သော ပြဿနာများ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။

လှည့်လည်နေသည့် ငွေကြေးစနစ်တွင် ငွေပေးသူနှင့် ငွေလက်ခံသူအကြား၊ ဝန်ထမ်းနှင့် အလုပ်ရှင်အကြား၊ ဝန်ထမ်းနှင့် အထက်အရာရှိအကြား ပွင့်လင်းမြင်သာစွာ ကိုင်တွယ်နိုင်သည့် ဒစ်ဂျစ်တယ်ငွေကြေးစနစ်သည် ယုံကြည်မှုကို တည်ဆောက်နိုင်ပေသည်။

ပြည်သူပိုင်ငွေ၊ ပုဂ္ဂလိကပိုင်ငွေ၊ ကုမ္ပဏီပိုင်ငွေ၊ ဌာနဆိုင်ရာငွေ စသည့် ငွေပေါင်းစုံကိုကိုင်ဆောင်သော လုပ်ကိုင်ရသည့်နေရာဌာနတိုင်းတွင် ငွေသားကို ထိန်းသိမ်းရသည့်ဒုက္ခ၊ ခိုးဝှက်လုယက်ခံရသည့်ဒုက္ခ၊ မသမာမှုပြုလုပ်ခံရသည့်ဒုက္ခ စသည့်ဒုက္ခအပေါင်းမှ ကင်းဝေးစေဖို့ဆိုလျှင် ရိုးသားဖြောင့်မတ်သည့် ငွေကြေးလုပ်ထုံးလုပ်နည်းများကို မြှင့်တင်အားပေးသည့် စမတ်ကတ်စနစ်ကို တစ်နိုင်ငံလုံး ကျင့်သုံးကြရပေမည်။ ။

❑

### ❖ ရန်ကုန်လေဆိပ်မှ

အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူ အောင်ဝင်းခိုင်အား ဖမ်းဆီးရမိရေးအတွက် ၎င်း၏ ဓာတ်ပုံနှင့် အချက်အလက်များအား ပြည်တွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ဖြန့်ဝေ၍ စုံစမ်းဖော်ထုတ်လျက်ရှိသည့်အပြင် နိုင်ငံတကာရဲတပ်ဖွဲ့နှင့် အာဆီယံရဲတပ်ဖွဲ့တို့သို့လည်း ပေးပို့ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပြောကြားသည်။

ပြစ်မှုကျူးလွန်သူ ကြည်လင်း(ခ)ဖိုးထူးမှာ ၁၉၈၅ ခုနှစ်တွင် ဘုရားခိုးမှုဖြင့် ထောင်ဒဏ် ၇ နှစ်ကျခံခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ရှေးဟောင်းပစ္စည်းနှင့် ဘုရားခိုးမှုဖြင့် ထောင်ဒဏ် ၂၇ နှစ် ပြစ်ဒဏ်ချမှတ်ခံရကာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူဖြစ်သည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ အောင်ဝင်းခိုင်သည် ၂၀၁၄ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ နုတ်ထွက်လာပြီးနောက် ယခင်တပ်မတော်အတွင်း ရင်းနှီးခဲ့သူ ဇေယျာဖြိုးနှင့် ပြန်လည်တွေ့ဆုံပြီး ဇေယျာဖြိုးမှ စီးပွားရေးအတူလုပ်ရန် ကမ်းလှမ်းချက်အရ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရောင်ဝါဖြိုးကုမ္ပဏီအား ပူးပေါင်းတည်ထောင်ကာ အောင်ဝင်းခိုင်က MD အဖြစ်လည်းကောင်း၊ ဇေယျာဖြိုး၏ ဇနီးဖြစ်သူ မသီတာလွင်နှင့် ညီဖြစ်သူ ရဲဟိန်းတို့က ဒါရိုက်တာများအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာဖြိုးသည် ၂၀၁၆ ခုနှစ် ဧပြီလဆန်းခန့်တွင် အောင်ဝင်းခိုင်၊ လင်းဇော်ထွန်းတို့နှင့် တာမွေမြို့နယ်ရှိ မော်ဒန်လက်ဖက်ရည်ဆိုင်၌ မကြာခဏတွေ့ဆုံစဉ် လူမှုကွန်ရက်များတွင် တွေ့နေရသည့် ဦးကိုနီ၏ ပြောဆိုလုပ်ကိုင်ဆောင်ရွက်နေမှုများကို ပြောဆိုဆွေးနွေးခဲ့ကြပြီး ပုဂ္ဂိုလ်ရေးမကျေနပ်မှုများ ဖြစ်ပေါ်လာခဲ့ခြင်းမှ အစပြု၍ ယခုကဲ့သို့ လုပ်ကြံမှုဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲချုပ်က ပြောကြားခဲ့သည်။

ဇေယျာဖြိုးနှင့် အောင်ဝင်းခိုင်တို့သည် ဦးကိုနီအားရှင်းပစ်ရန် တိုင်ပင်ခဲ့ကြကာ အောင်ဝင်းခိုင်က အောင်ဝင်းဇော်ထံ ဦးကိုနီအားသတ်ရန် ကြိုတင်ငွေအဖြစ် ၂၀၁၆ ခုနှစ် ဧပြီလတွင် ငွေကျပ်သိန်း ၄၀၀ ပေးခဲ့ပြီး ဇေယျာဖြိုးက အောင်ဝင်းခိုင်အား ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်ခဲ့သည်ဟု သိရသည်။

ဇေယျာဖြိုးမှာ ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် ၃၈ သို့ တက်ရောက်အောင်မြင်ခဲ့ပြီး တပ်မတော်သတင်းစုဆောင်းရေးအတတ်သင်ကျောင်း၌ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်နေစဉ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် အငြိမ်းစားပေးခြင်းခံခဲ့ရသည်။ ဇေယျာဖြိုးသည် ZYP Co., Ltd, AIS Co., Ltd., 38 Group ကုမ္ပဏီနှင့် ရောင်ဝါဖြိုးကုမ္ပဏီတို့ကို တည်ထောင်လုပ်ကိုင်နေသူဖြစ်သည်။

အောင်ဝင်းခိုင်က သူ၏အစ်ကို အောင်ဝင်းဇော်နှင့် တိုင်ပင်ပြီး ယခုဖြစ်စဉ်ကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ အောင်ဝင်းဇော်ဆိုသူမှာ ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ် အထိ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် ၃၄ သို့တက်ရောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ဗိုလ်အဆင့်ဖြင့် တာဝန်ထမ်းဆောင်နေစဉ်




တပ်မတော်အက်ဥပဒေ ပုဒ်မ ၄၃ (ဃ) ဖြင့် ထောင်ဒဏ် ၂ နှစ် တစ်ကြိမ်၊ ထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ဘုတလင်မြို့နယ်၌ ကြည်လင်း(ခ)ဖိုးထူးနှင့်အတူ ဘုရားခိုးမှုသုံးမှုဖြင့် ထောင်ဒဏ် ၂၇ နှစ်တစ်ကြိမ် ပြစ်ဒဏ်ချမှတ်ခံရကာ ၂၀၁၄ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူတစ်ဦးဖြစ်ကြောင်း။

အောင်ဝင်းဇော်သည် ၂၀၁၆ ခုနှစ် မေလခန့်တွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နေ နဂါး (ခ) အောင်ကြည်လင်း(ခ) အောင်ကြည်စိုး(ခ) အောင်နိုင်မြင့်ထံ ဆက်သွယ်၍ ဦးကိုနီအား ဓား သို့မဟုတ် စကေဘာဖြင့် ထိုးသတ်ရန် ညှိနှိုင်းခဲ့ပြီး နဂါးမှ ငွေကျပ်သိန်း ၂၀၀ နှင့် လိုင်စင်မဲ့ကားတစ်စီးဖြင့် သတ်ပေးရန် သဘောတူညီခဲ့သော်လည်း နောက်ပိုင်းတွင် နဂါးမှာ တိမ်းရှောင်သွားသဖြင့် အဆင်မပြေခဲ့ကြောင်း။

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် အင်းစိန်မြို့နယ်နေ အောင်စိုးအား သွားရောက်တွေ့ဆုံ၍ သံတမန်တစ်ဦးအား သတ်ဖြတ်ပေးရန်နှင့် အခကြေးငွေပေးမည်ဟု ကနဦး ညှိနှိုင်းခဲ့သော်လည်း အောင်စိုးက ငြင်းဆိုသဖြင့် ဆောင်ရွက်နိုင်မှု မရှိခဲ့ကြောင်း ရဲချုပ်၏ ရှင်းလင်းပြောကြားချက်တွင် ပါရှိသည်။

အောင်ဝင်းဇော်က ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ကြည်လင်းအား ဦးကိုနီ၏ ဓာတ်ပုံအားပြသ၍ လုပ်ကြံသတ်ဖြတ်ရန် ညှိနှိုင်းခဲ့ရာ သိန်း ၂၀၀ တန် ကားတစ်စီးရပါက ဆောင်ရွက်ပေးမည်ဟု ကြည်လင်းက သဘောတူခဲ့ကြောင်း၊ ကြည်လင်းအား အောင်ဝင်းဇော်က ငွေကျပ် ၂၄ သိန်းခန့် ကြိုတင်ပေးခြင်း၊ ၉ မမ ပစ္စတိုတစ်လက်နှင့် ကျည် ၁၁ တောင့်၊ ၅ လုံးပြူး သေနတ်တစ်လက်နှင့် ကျည်လေးတောင့်တို့ကို ငွေကျပ် ၅၅ သိန်းဖြင့် ဝယ်ယူခြင်း၊ ဦးကိုနီနေထိုင်သည့် ၃၇ လမ်း၊ ၄၂ လမ်း၊ ဗိုလ်အောင်ကျော်လမ်းရှိ နေအိမ်များသို့ ၇ ကြိမ်ခန့် လိုက်လံချောင်းမြောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက် ညနေ ၄ နာရီ ၅၉ မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal–1 ဂိတ်အမှတ်(၆) အပြင်ဘက် မော်တော်ယာဉ်ရပ်နားရာ နေရာတွင် ကလေးချီလျက်ရပ်နေသည့် ဦးကိုနီ၏ နောက်စေ့ကို ကြည်လင်းက သေနတ်ဖြင့် ချိန်ရွယ်၍ အနီးကပ်တစ်ချက် ပစ်ခတ်ပြီး ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြည်လင်းအား ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီကျော်ခန့်တွင် လေဆိပ်ယာဉ်ရပ်နားကွင်းအနီးရှိ ပြည်သူများ၊ အငှားယာဉ်မောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖမ်းဆီးရမိခဲ့ပြီး အောင်ဝင်းဇော်အား ဇန်နဝါရီ ၃၀ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင်

**စာမျက်နှာ ၇ သို့ ❋**












## ပြည်တွင်းရေးရာ

✻ စာမျက်နှာ ၆ မှ

ကရင်ပြည်နယ် သံလွင်တံတား(ဘားအံ) စစ်ဆေးရေးဂိတ်တွင် ကရင်ပြည်နယ် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကာ ဇေယျာဖြိုးကို ဖေဖော်ဝါရီ ၃ ရက်တွင် ရန်ကင်းမြို့နယ် ကျောက်ကုန်းရပ်ကွက်ရှိ ကျောက်ကုန်းပရိယတ္တိစာသင်တိုက်၌ တပ်မတော်က ဖမ်းဆီး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

အမှုနှင့်ပတ်သက်၍ ကြေညာချက်များ ထုတ်ပြန်ပြီးနောက်ပိုင်း အောင်ဝင်းခိုင်၏ ဓာတ်ပုံများ၊ အပတ်စဉ်တူအဖွဲ့များ စုစည်းရိုက်ထားသည့် ဓာတ်ပုံများ၊ ဟောင်ကောင်တွင် မိုင်းဖြတ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ ဟောင်ကောင် ကောင်စစ်ဝန်ချုပ် ဦးဇော်ဇော်စိုး၊ သံမှူး ဦးကျော်ဇေယျာလင်းတို့နှင့် တွဲရိုက်ထားသည့် ဓာတ်ပုံများ၊ အောင်ဝင်းခိုင်နှင့် စီးပွား၊ ကုမ္ပဏီလုပ်ငန်း ဆက်စပ်သူ ဇေယျာဖြိုး၏ ပုံများသည် ဖော်ပြချက်၊ ယူဆချက် အရေးအသားအမျိုးမျိုးဖြင့် လူမှုကွန်ရက်များတွင် ပျံ့နှံ့လာခဲ့ကြောင်း၊ ဖော်ပြသည့် ဓာတ်ပုံများနှင့် ပတ်သက်၍ ပုံပါဝင်သူများကို စိစစ်မေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး ဦးလင်းဇော်ထွန်း၊ ဦးဇော်ဇော်စိုး၊ ဦးကျော်ဇေယျာလင်းတို့ကို ခေါ်ယူ၍ တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ လုပ်ငန်းတူ၊ အပတ်စဉ်တူများဖြစ်ပြီး ဂေါက်ရိုက်ပြိုင်ပွဲ၊ ညစာစားပွဲအစီအစဉ်များ၊ အလှူအတန်းပြု အစီအစဉ်များ၊ ဟောင်ကောင်သို့ အလည်အပတ်သွားစဉ် တွေ့ဆုံသည့် အသိမိတ်ဆွေများနှင့် အမှတ်တရ ရိုက်ထားသည့် ပုံများသာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး အမှုဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးပေါ်ပေါက်မှုမရှိကြောင်း ရဲချုပ်ဇော်ဝင်း၏ ပြောကြားချက်များအရ သိရှိရသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက "ဒီအမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး မိမိတို့ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ထိုက်သင့်သည့် စုံစမ်းဖော်ထုတ်မှုများကို ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သော်လည်း ဆက်လက်စုံစမ်းစစ်ဆေးမှုများကို ရပ်တန့်သွားမှာမဟုတ်ဘဲ စစ်ဆေးတွေ့ရှိတဲ့ သတင်းအချက်အလက်တွေအပေါ် ဆက်လက်ဖော်ထုတ်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ရဲချုပ်ဇော်ဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



မြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ တရားခံ အောင်ဝင်းဇော်(၄၆)နှစ်၊ (ဘ)ဦးအောင်သန်း



အောင်ဝင်းဇော်၏ နေအိမ်



အောင်ဝင်းခိုင်၏ နေအိမ်



တရားခံကြည်လင်း ထွက်ပြေးသည့်လမ်းကြောင်းပြ မြေပုံ



တရားခံ ကြည်လင်းအား ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များမှ ဝိုင်းဝန်းဖမ်းဆီးနေမှုမှတ်တမ်း



Immigration Control Card

ชื่อ : U KYI LIN
Name

นามสกุล :
Last Name

สัญชาติ : เมียนมา
Nationality

เพศ : ชาย
Gender

วดป. เกิด : 05/03/1963
Date of birth


อายุ: 53ป.7ด.
Age

Issued at :ดม.จว.ตาก (งานผ่านแดน)
Boarder type :บัตรชั่วคราว

15/09/2016 14/09/2018
Issue Date Expiry Date

TAB52201609150626220 (212054)

ကြည်လင်းတည်းခိုသည့်ဘုန်းကြီးကျောင်းမှသိမ်းဆည်းရမိသည့်ပစ္စည်းများ





ကြည်လင်းတည်းခိုသည့်ဘုန်းကြီးကျောင်းမှသိမ်းဆည်းရမိသည့်ပစ္စည်းများ

# ၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆုချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် လိုင်းနှင့် အနီးဆုံးရိုက်ချက်ဆုရရှိသူများ၊ ကျင်းနှင့် အနီးဆုံးရိုက်ချက်ဆုရရှိသူများ၊ အဝေးဆုံးရိုက်ချက်ဆုရရှိသူများ၊ တစ်ဦးချင်း(အကျော့ပေး)ပြိုင်ပွဲနှင့် တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲများတွင် အကောင်းဆုံးဆုရရှိသူများ၊ Par အများဆုံးဆု၊ Birdie အများဆုံးဆု၊ Eagle အများဆုံးဆု၊ တစ်ချက်တည်းကျင်းဝင်ဆုရရှိသူများ၊ တစ်ဦးချင်း(အကျော့ပေး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများ၊ တစ်ဦးချင်း(အကျော့မဲ့) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(လေ)အသင်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(လေ)အသင်းနှင့် အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့်



ကာကွယ်ရေးဦးစီးချုပ်(ရေ)အသင်းနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ကျန်းမာရေးနေ့အတွက် စာမူများဖိတ်ခေါ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၇ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့အတွက် ထုတ်ဝေမည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့မဂ္ဂဇင်းတွင် ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "Depression: Let's talk"ကို မြန်မာပြန်ဆိုထားသည့် ဆောင်ပုဒ်များအနက်မှ "စိတ်ကျဝေဒနာ ပြောဆိုတိုင်ပင်ဆွေးနွေးပါ" ဆောင်ပုဒ်ကို အတည်ပြုရွေးချယ်ထားပြီး ဖြစ်သည်။

သို့ပါ၍ အဆိုပါဆောင်ပုဒ်နှင့်သက်ဆိုင်သော ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်းစာမူများကို မတ် ၁၅ ရက် နောက်ဆုံးထားပြီး စာတည်းအဖွဲ့ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးအမှတ်(၄၇) နေပြည်တော် E-mail-eiei69@gmail.com၊ ayeayecho94@gmail. comသို့ ဆက်သွယ်ပေးပို့နိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၄၄၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သန်းဦး(သတင်းစဉ်)**

# MITA Myanmar Investment Conference & Yangon Great Fair , 2017 ခင်းကျင်းပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

MITA Myanmar Investment Conference & Yangon Great Fair, 2017 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းမှ စတင်ကာခင်းကျင်းပြသလျက်ရှိရာ ပြပွဲလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲ၌ ပြခန်းပေါင်း ၂၀ ခန်းပါဝင်ပြီး ရေနံတူးစင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အမြင့်တက်ရသည့်လုပ်ငန်းများမှ Safety ပစ္စည်းများ၊ အဆောက်အအုံများအတွင်း အရေးပေါ်တစ်စုံတစ်ရာကြုံလာပါက မီးငြိမ်းသတ်သည့် မီးသတ်ဆေးဘူးများနှင့် Automatic မီးငြိမ်းသတ်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ Energy များ၊ Medical နှင့် ကြော်ငြာကဏ္ဍများပါဝင်ကာ Shipping Industry ပစ္စည်းများဖြစ်သော ဝတ်စုံအရှည်များ၊ မီးကာအပေါ်၊ အောက်အင်္ကျီများ၊ Safety ရှူးဖိနပ်များနှင့် မိုးကာအင်္ကျီများကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

Seaberg ကုမ္ပဏီလီမိတက်မှ Safety ပစ္စည်းများကို ခင်းကျင်းပြသသည့် ကပ္ပတိန် တိုးဝေဝင်းက "ကျွန်တော်တို့နဲ့ Partner လုပ်တဲ့ ကုမ္ပဏီကတော့ စင်ကာပူနိုင်ငံက ဖြစ်ပါတယ်။ အရည်အသွေးပြည့်မီတဲ့ Safety ပစ္စည်းတွေကို မြန်မာနိုင်ငံမှာရောင်းချခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ စင်ကာပူနိုင်ငံက လွန်စွာနီးကပ်နေတာမို့ ပစ္စည်းတန်ဖိုးကလည်း ဝယ်ယူသူတွေအတွက် ဈေးနှုန်းမများပါဘူး။ ကျွန်တော်တို့ Seaberg ကုမ္ပဏီလီမိတက်ကလည်း မြန်မာနိုင်ငံမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ စက်မှုလုပ်ငန်းတွေအသုံးပြုနေတဲ့ Safety ပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာ ခင်းကျင်းပြသ ရောင်းချပေးနေပါတယ်။ လူ့ခန္ဓာကိုယ်မှာ တစ်ခုခုပျက်စီးသွားတယ်ဆိုရင် ဒီပျက်စီးမှုနဲ့ Safety ပစ္စည်းတွေမှာ နည်းနည်းပိုသုံးလိုက်ရလို့ အကျိုးရှိလာမယ့် ကွာခြားမှုကို ပြည်သူတွေ သိစေချင်ပါတယ်။ ဈေးနှုန်းကလည်းပစ္စည်းတစ်ခုကို ငွေကျပ် ၅၀၀ ကနေ ငွေကျပ် တစ်သိန်းခွဲတန်ဖိုးရှိတဲ့ Safety ပစ္စည်းတွေကို ရောင်းချပေးနေတာဖြစ်တဲ့အတွက် အရည်အသွေးမီတဲ့ Safetyပစ္စည်းတွေကိုပြည်သူတွေ ကောင်းကောင်းအသုံးပြုကြစေချင်ပါတယ်" ဟုပြောသည်။

PT.GAMMA BUANA PERSADA ကုမ္ပဏီလီမိတက်မှ ကပ္ပတိန်ထင်ကျော်ဇော်ကလည်း "ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ကတော့ အမြင့်တက်အလုပ်တွေ၊ စက်ရုံအလုပ်ရုံတွေ၊ ဝါယာတွင်းလုပ်ငန်းတွေ၊ ပိုက်လိုင်းလုပ်ငန်းတွေအပါအဝင် Weldingနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေအားလုံးကို တာဝန်ယူစစ်ဆေးပေးနေပါတယ်။ အရင်တုန်းက အမြင့်တက်မယ်ဆိုရင် ခါးပတ်တစ်ခုတည်းနဲ့ တက်ရတာဆိုတော့ မတော်တဆပြုတ်ကျတယ်ဆိုရင် ခါးရိုးကျိုးတတ်ပါတယ်။ ဒါကြောင့် ပေါင်ကနေ ခန္ဓာကိုယ်တစ်ခုလုံးကို ချိတ်ဆွဲလို့ရတဲ့ Safety Belt ပစ္စည်းကို လုပ်ငန်းခွင်ကလုပ်သားတွေအသုံးပြုသင့်ပါတယ်။ အဓိကတော့ ဆောက်လုပ်ရေးလုပ်ငန်းမှာ အလုပ်လုပ်ကိုင်ကြတဲ့သူတွေအတွက် အကျိုးရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဂဟေဆော်လုပ်ငန်းတွေ၊ Safety ကြိုးအသုံးပြု အမြင့်တက်အလုပ်တွေကိုလည်း သင်တန်းကျောင်းတွေဖွင့်ပြီး ပို့ချပေးနေပါတယ်"ဟု ဆိုသည်။

အဆိုပါ MITA Myanmar Investment Conference & Yangon Great Fair, 2017 ကို ဖေဖော်ဝါရီ ၂၆ ရက်ထိခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ- စိုးဝင်း(MLA)**




# လေယာဉ်အရေးပေါ် ပုံစံတူနှုန်းပြည့်လေ့ကျင့်ခန်း မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

လေယာဉ်မတော်တဆ ထိခိုက်မှုဖြစ်ပွားချိန်များတွင် အကောင်းဆုံးနှင့် အမြန်ဆုံး ကူညီကယ်ဆယ်ရေးနှင့် အခြားလိုအပ်သည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီ (MC- Jalux Airport Services )က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နှုန်းပြည့် လေယာဉ်အရေးပေါ်ပုံစံတူလေ့ကျင့်ခန်းကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄နာရီမှ ၅နာရီခွဲ အထိ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

နှုန်းပြည့် လေယာဉ်အရေးပေါ် ပုံစံတူ လေ့ကျင့်ခန်းဆောင်ရွက်ရာတွင် လေယာဉ်အတွင်းမှ ခရီးသည်များ အဆင့်အလိုက်ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ခြင်း၊ ဒဏ်ရာရရှိသူများအား ကယ်ထုတ်ခြင်းနှင့် ဦးစားပေးရွေးချယ်ခြင်း၊ စာရင်းကောက်ယူခြင်း၊ လေယာဉ်အမှုထမ်းများ၊ ခရီးသည်များအား အင်းလေးခန်းမနှင့် အရေးကြီးပုဂ္ဂိုလ်ခန်းမသို့ ပို့ဆောင်ခြင်းနှင့် လေယာဉ်ကိုယ်ထည် မီးလောင်ခြင်းကို မီးငြိမ်းသတ်ခြင်းတို့ကို ဖွဲ့စည်းထားသော အဖွဲ့များ၊ လေယာဉ်ကွင်းမီးသတ်ယာဉ်များနှင့် တံတားဦးမြို့ရှိ မီးသတ်ယာဉ်များ၊ လူမှုကူညီရေးယာဉ်များဖြင့် ပုံစံတူ လေ့ကျင့်ခဲ့ကြသည်။



ထို့နောက် အရေးကြီးပုဂ္ဂိုလ်ခန်းမသို့ ရောက်ရှိနေသော ခရီးသည်များကို စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ လာရောက်ကြိုဆိုသူ မိသားစုဝင်များကို စာရင်းကောက်ခံခြင်း၊ လေယာဉ်ခရီးသည်များကို မိသားစုဝင်များနှင့် တွေ့ဆုံပေးခြင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ပေးခြင်း၊ အရေးပေါ်လုပ်ငန်းဆောင်ရွက်မှု ဗဟိုအဖွဲ့ဖွဲ့စည်းခြင်း၊ သက်ဆိုင်သော အဖွဲ့အစည်းများနှင့် အပြန်အလှန် အကူအညီများ ဆက်သွယ်ခေါ်ယူခြင်းနှင့် ဖြစ်စဉ်ဖြစ်ပွားပြီး နာရီဝက်ခန့်အကြာတွင် ကနဦးသတင်း ထုတ်ပြန်ခြင်း၊ တစ်နာရီခန့်အကြာတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့ဖွဲ့ကာ လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နှုန်းပြည့် လေယာဉ်အရေးပေါ် ပုံစံတူလေ့ကျင့်ခန်း ဆောင်ရွက်ရာတွင် လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီ (MC- Jalux Airport Services)မှ ဝန်ထမ်းများနှင့် တံတားဦးမြို့ရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အပြန်အလှန်အကူအညီ အဖွဲ့အစည်းများက ဆောင်ရွက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တံတားဦးမြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

□

# SIM Registration နှင့်စပ်လျဉ်း၍ အသိပေးနှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မှတ်ပုံတင်ခြင်းမရှိသည့် SIM Card များကို ဧပြီ ၁ ရက်တွင် ပိတ်သိမ်းသွားမည်ဖြစ်ပါသဖြင့် Mobile တယ်လီဖုန်းသုံးစွဲသူ အများပြည်သူများအနေဖြင့် မိမိတို့သုံးစွဲလျက်ရှိသော ဆင်းကတ်များကို သက်ဆိုင်ရာဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများနှင့်ဆက်သွယ်၍ အမြန်ဆုံးမှတ်ပုံတင်ကြပါရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက နှိုးဆော်ထားသည်။ **(ကြေးမုံ)**

# နိုင်ငံတစ်ဝန်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး စတုတ္ထအကြိမ် စာကြည့်တိုက်မှူးများညီလာခံ ဖေဖော်ဝါရီလကုန်တွင် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် အမျိုးသားစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်များ၊ တက္ကသိုလ်စာကြည့်တိုက်များ၊ ဌာနဆိုင်ရာအသီးသီးရှိ ရည်ညွှန်းစာကြည့်တိုက်များ၊ သံရုံးများက ဖွင့်လှစ်ထားသော စာကြည့်တိုက်အများအပြား ရှိပါသည်။ ယင်းတို့အနက် နိုင်ငံတစ်ဝန်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များကိုအခြေခံ၍ အမှန်တကယ် ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေကြသည့် စာကြည့်တိုက်မှူးများအားဖိတ်ကြားပြီး ၎င်းတို့၏အောင်မြင်တိုးတက်မှုများကို အားနည်းနေသော ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအား ပြန်လည်မျှဝေပေးနိုင်စေရန် ရည်ရွယ်၍ ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ ကျင်းပမည့် စတုတ္ထအကြိမ်စာကြည့်တိုက်မှူးများ ညီလာခံကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI (ရန်ကုန်) တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါညီလာခံကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့က ပူးပေါင်းစီစဉ်ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်မှူး ၃၀၀ ခန့်တက်ရောက်မည်ဖြစ်သည်။ ညီလာခံကျင်းပရာတွင် စာကြည့်တိုက်မှူးများအချင်းချင်း စာကြည့်တိုက်ဆိုင်ရာ အတွေးအမြင်များနှင့် အတွေ့အကြုံများ ဖလှယ်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ အမှန်တကယ်ရှင်သန်အောင်မြင်နေသော စာကြည့်တိုက်များ၏ အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုများကို အောင်မြင်မှုအားနည်းနေသော စာကြည့်တိုက်များအား ပြန်လည်မျှဝေပေးရန်၊ စာကြည့်တိုက်များတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကိုသိရှိနားလည်၍ ကျော်လွှားနိုင်မည့် နည်းလမ်းများကို ပူးပေါင်းရှာဖွေရန်၊ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်မှူးများအချင်းချင်း ရင်းနှီးချစ်ကြည်၍ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# အင်းတော်မြို့ မဈေး၌ အစားအသောက်နှင့် ဆေးဝါးများရောင်းချနေမှုများအား စစ်ဆေး

**အင်းတော် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့မဈေးအတွင်း ခရိုင်အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးကော်မတီ လက်ထောက်ခရိုင်ဦးစီးမှူး ဦးပြည့်စုံဝင်း ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက အစားအသောက်နဲ့ ဆေးဝါးများ ရောင်းချနေမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

"အင်းတော်မြို့မဈေးမှာ အဓိကအားဖြင့် အဂ္ဂဇိဝကြွယ်ဝပြီး နိုင်ငံတော်က တားမြစ်ထားတဲ့ တရုတ်နိုင်ငံလုပ် ခေါက်ဆွဲအစိမ်းထုပ်တွေ ရောင်းချနေတာ တွေ့ရှိရပြီး နမူနာအဖြစ် သိမ်းဆည်းခဲ့ပါတယ်။ အခြား ရက်လွန်အစားအစာတွေကတော့ ကိတ်မုန့်နဲ့ အချိုရည်တွေကို တွေ့ရှိရပါတယ်။ ဈေးအတွင်း ရောင်းချနေတဲ့ ဈေးသည်တွေကို အဂ္ဂဇိဝဓာတ်ကြွယ်ဝတဲ့ တရုတ်နိုင်ငံလုပ်ခေါက်ဆွဲ အစိမ်းထုပ်တွေကို မရောင်းချကြဖို့၊ ရက်လွန်အစားအစာ၊ မှိုတက်အစားအစာ၊ ဆိုးဆေးအလွန်အကျွံသုံးစွဲထားတဲ့ စားသောက်ကုန်တွေကို မရောင်းချကြဖို့ အသိပညာပေးခြင်း၊ နမူနာအဖြစ်သိမ်းဆည်းခြင်းနဲ့ သတိပေးတားမြစ်ခြင်းတွေကို လုပ်ဆောင်ပေးခဲ့ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးကြည်နိုင်ဦးက ပြောသည်။

တရုတ်နိုင်ငံလုပ် ခေါက်ဆွဲအစိမ်းထုပ်တွေကို နမူနာအဖြစ်သိမ်းဆည်းခဲ့ပြီး ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြပြီး လမ်းညွှန်ချက်များအတိုင်း ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ချစ်လင်း(အင်းတော်)**

■

# အင်းစိန်မြို့နယ်၌ ဝက်သက်ကာကွယ်ဆေးထိုးနှံပေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်အတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေး ၁၈၁၄ ဦးနှင့် အသက် ငါးနှစ်မှ (၁၅)နှစ်အတွင်း လူဦးရေ ၂၇၁၆ ဦး စုစုပေါင်း ၄၅၃၀ တို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီ အထိ ဆေးထိုးစုရပ် ရှစ်နေရာ၊ ဆေးထိုးရက် ရှစ်ရက် သတ်မှတ်၍ ဝက်သက်ကာကွယ်ဆေးထိုးနှံပေးခဲ့ရာ ရပ်ကွက်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကြီးကြပ်ပြီး ရပ်ကွက်ကျန်းမာရေးဆရာမနှင့် ကျန်းမာရေးဝန်ထမ်းများက ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း (အင်းစိန်)**

■

# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | သန္တိသုခ | ဓါတ်ညှိသွေးကြည်ဆေး | ဆေးလုံး/ဆေးဘူး | သန္တိသုခ တိုင်းရင်းဆေးခန်း၊ အမှတ်(၃)ရပ်ကွက်၊ ရိပ်သာလမ်းနှင့် (၄)လမ်း၊ ပခုက္ကူမြို့။ |
| ၂။ | ဇင်ယော်နီ | သက်ရှည်ကျန်းမာ ရောဂါလေးမျိုး ပျောက်ဆေး | ဆေးပြား/ဆေးဘူး | ဇင်ယော်နီဆေးတိုက် ကျောက္ကာလမ်း၊ အလယ်ရပ်၊ မုံရွာမြို့။ |
| ၃။ | သစ္စာနန်း | အာရုံကြော အားတိုးဆေး | ဆေးလုံး/ဆေးဘူး | အမှတ်(၁)စံပြ၊ ထီးချိုင့်မြို့။ |
| ၄။ | ကြောင်နက် | မဟူရာ ဝမ်း လေ သွေး မှန် ခွန်အားသန်ဆေး | ဆေးလုံး/ဆေးဘူး | ကောင်းဆုရည်မိသားစုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ သီရိမေလမ်း၊ တပ်မြို့တောင်ရပ်၊ ရွှေဘိုမြို့။ |
| ၅။ | မြတ်သုခ | ဆောင်(၉)ပါး၊ ရောင်(၉)ပါးဆေး | ဆေးတောင့်/ဆေးထုပ် | မြတ်သုခတိုင်းရင်းဆေးကုခန်း၊ အောင်ဇေယျရပ်ကွက်၊ အောင်မြေလမ်း၊ ကလေးမြို့။ |
| ၆။ | မြသိဒ္ဓိ | မြန်မာ့အားဆေး | ဆေးပြား/ဆေးဘူး | လိပ်စာဖော်ပြထားခြင်း မရှိပါ။ |
| ၇။ | သစ္စာလှိုင်း | သွေးတိုးကျဆေး | ဆေးပြား/ဆေးဘူး | အင်းတက်ရွာ၊ ကောလင်းမြို့။ |
| ၈။ | ကျောက်ဆူးတံဆိပ် EVER LIFE TRADE MARK | အကိုက်အခဲပျောက်ဆေး PAIN CURE POWDER | ဆေးမှုန့်/ဆေးထုပ် | အဲဗားလိုက် ကျောက်ဆူးတံဆိပ်ဆေးတိုက်ကြီး၊ MANUFACTURED IN BURMA BY, No.111, EVER LIFE MEDICAL HALL., RANGOON |
| ၉။ | ကုမ္မာရီ | အယားအယံပျောက် ကိုယ်လိမ်းပေါင်ဒါမှုန့် | ဆေးမှုန့်/ဆေးထုပ် | ဆရာဝန်ကိုမြ ပေါင်ဒါလုပ်ငန်းဌာန၊ ၁၃၂၊ ကုန်ဈေးတန်း၊ ရန်ကုန်မြို့။ KOMMAYI POWDER WORK, No. 132, EDWARD STREET, YANGON. |
| ၁၀။ | အမှတ်တံဆိပ်ဖော်ပြထားခြင်းမရှိပါ။ (မိန်းကလေးရုပ်ပုံ(၃)ပုံပါ) | ချောင်းဆိုးပန်းနာပျောက်ဆေး၊ အမောပျောက်ဆေး | ဆေးမှုန့်/ဆေးထုပ် | တောင်ပေါ်ဈေးရှေ့၊ အလယ်ကျွန်းရပ်၊ မြိတ်မြို့။ |
| ၁၁။ | အမှတ်တံဆိပ်ဖော်ပြထားခြင်းမရှိပါ။(ကိုဝင်းဇော်+မဌေးဌေး) | အစာကြေလေနိုင်ဆေး | ဆေးတောင့်သေး/ဆေးထုပ် | ပခုက္ကူမြို့။ |
| ၁၂။ | ကျားပျံ | ချက်ချင်းသောက်၊ လက်ငင်းပျောက် ပန်းရောင်အကိုက်အခဲပျောက်ဆေး | ဆေးမှုန့်/ဆေးထုပ် | ကျားပျံဆေးတိုက်၊ ဖျာပုံမြို့။ |

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေ ပုဒ်မ ၃၁၊ ၃၂ အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လိုင်စင်ဧည့်လမ်းညွှန် ၁၀၅ ဦး လုပ်ငန်းများဝင်ရောက်လုပ်ကိုင်ခွင့်ရ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနှင့်ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက မုံရွာမြို့တွင် ဖွင့်လှစ်ခဲ့သော ဧည့်လမ်းညွှန်သင်တန်းအပြီးတွင် တက်ရောက်သူ သင်တန်းသား ၁၀၅ ဦးသည် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လိုင်စင် ရရှိပြီဖြစ်သောကြောင့် စစ်ကိုင်းတိုင်းအတွင်း သက်ဆိုင်ရာဒေသများတွင် ဧည့်လမ်းညွှန်လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိနေပြီဖြစ်ကြောင်း သိရသည်။

"ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းကို ပြီးခဲ့တဲ့ဇန်နဝါရီ ၂ ရက်ကနေ ၂၇ ရက်အထိ သင်တန်းသား ၁၀၅ ဦးကို သင်ကြားပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ဧည့်လမ်းညွှန် လိုင်စင်တွေကိုလည်း သင်တန်းတက်ရောက်သူအားလုံးကိုထုတ်ပေးထားပြီးဖြစ်တဲ့အတွက် တရားဝင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အဖြစ် လုပ်ခွင့်ရနေပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီးထဲကို ပြည်တွင်း၊ ပြည်ပဧည့်သည်တွေဝင်တာ တစ်စတစ်စ များလာတာနဲ့အမျှ သက်ဆိုင်ရာဒေသရဲ့ ဟိုတယ်နဲ့ တည်းခိုရိပ်သာတွေ၊ စားသောက်ဆိုင်တွေမှာ တရားဝင်ဝန်ဆောင်မှုကောင်းတွေကိုသင်ပြပေးပြီး လိုင်စင်ထုတ်ပေးထားတဲ့ ဧည့်လမ်းညွှန် တွေ အနေနဲ့ ဝန်ဆောင်မှုကောင်းတွေပေးနိုင်နေပါပြီ။ နောက်လာမယ့်နှစ်တွေမှာလည်း ဒေသဖွံ့ဖြိုးရေးအတွက် ဧည့်လမ်းညွှန်ကောင်းတွေ ဆက်လက်မွေးထုတ်ဖို့ အစီအစဉ်တွေရှိပါသေးတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာ ရေးဌာန ဦးစီးမှူး ဦးအောင်ကိုဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခင်နှစ်များနှင့်မတူ ခရီးသွားလာရေးဒေသများကို ဖော်ထုတ်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှု ဦးရေသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိသည်။ ၂၀၁၅ ခုနှစ်ကထက် ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းနှင့် ပြည်ပဧည့်သည် ဝင်ရောက်မှုမှာ ၃၂ ရာခိုင်နှုန်းတိုးတက်များပြားလာသလို ပြည်ပဧည့်သည်များအနေဖြင့်လည်း ၂၀၁၅ ခုနှစ်ကထက် ၂၀၁၆ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ တိုးတက်များပြားလာသောခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် ၂၀၁၇ ခုနှစ် ဇန်နဝါရီလက ဧည့်လမ်းညွှန်သင်တန်းကို ဖွင့်လှစ်နိုင်ခဲ့သလို လက်ရှိ ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁၇ ရက်အထိ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းသုံးမျိုးကို အချိန်လေးပတ်ကြာ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ သင်ကြားပေးနေသောသင်တန်းသုံးမျိုးသည် ဧည့်ကြိုသင်တန်း၊အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့် အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဟိုတယ်ဝန်ထမ်းများနှင့် စိတ်ဝင်စားသူလူငယ်သင်တန်းသား စုစုပေါင်း ၁၀၃ ဦးကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းသုံးမျိုးကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးကြပ်ဖွင့်လှစ်၍ မန္တလေးမြို့ Sky Team Academy မှ ဝါရင့်ဆရာသုံးဦးက သင်ကြားပို့ချပေးနေခြင်း ဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ပန်းချီဆရာဦးခင်မောင်ဇော်၏ မှောင်လွန်းသောအရိပ်များ တစ်ကိုယ်တော်ပန်းချီပြပွဲပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ပန်းချီဆရာဦးခင်မောင်ဇော်၏ မှောင်လွန်းသောအရိပ်များ တစ်ကိုယ်တော်ပန်းချီပြပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် (၄၉-၅၁) ၃၁ လမ်းအောက်ဘလောက်ရှိ Cloud 31 Art Gallery ၌ စတင်ခင်းကျင်းပြသသည်။

ပန်းချီဆရာဦးခင်မောင်ဇော်က "လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ကျော်က ခေတ်အခြေအနေကို ရေးဆွဲထားတာပါ။ ဖိနှိပ်ချုပ်ချယ်မှုခံခဲ့ရတဲ့ အကျဉ်းသားတွေရဲ့သဘာဝကို ရေးဆွဲထားတာပါ။ ခေတ်အဆက်ဆက်မှာ ဖြစ်နေတဲ့ ပုံရိပ်တွေ၊ မှောင်လွန်းတဲ့ပုံရိပ်တွေကို ရေးဆွဲထားတာပါ။ လေးထောင့်ကွက်ထဲရောက်သွားရင် အမှောင်ကိုခံစားထိတွေ့ရမယ်။ အဝေးဆုံးမှာ အပူလောင်ဆုံးအရာတွေ ခံစားရတဲ့ သဘာဝကိုရေးဆွဲထားတာပါ"ဟု ပြောသည်။

အဆိုပါပန်းချီပြပွဲတွင် ဆီဆေးအမျိုးအစားပန်းချီကား သုံးကားနှင့် Acrylic အမျိုးအစားများဖြင့် ရေးဆွဲထားသည့် ပန်းချီကား ၃၃ ကား စုစုပေါင်း ၃၆ ကားကိုပြသလျက်ရှိပြီး ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း မည်သူမဆိုအခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(MM)

# ပထမအကြိမ်ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာသက်ကြီးသဘင်ပညာရှင်ကြီးများပူဇော်ပွဲနှင့် သဘင်သီချင်းပြိုင်ပွဲ စည်ကားစွာကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ပထမအကြိမ်ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာသက်ကြီး သဘင်ပညာရှင်ကြီးများပူဇော်ပွဲနှင့် သဘင်သီချင်းပြိုင်ပွဲကို အမျိုးသားကဇာတ်ရုံ၌ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီမှ ညပိုင်းအထိ စည်ကားစွာ ကျင်းပခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ သက်ကြီးသဘင်ပညာရှင်ကြီးများ ပူဇော်ပွဲနှင့် သဘင်သီချင်းပြိုင်ပွဲ၌ အသက်(၇၅)နှစ်နှင့်အထက် သဘင်ပညာရှင်ကြီးများအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့ပြီး ဇာတ်ပွဲများမှ ဖလားထိုးခံရရှိအလှူငွေများ၊ ရန်ပုံငွေကပွဲများမှရရှိငွေများနှင့် ပြင်ပမှဝိုင်းဝန်းလှူဒါန်းကြသော အလှူရှင်များ၏ အလှူငွေများဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ ညပိုင်းကျင်းပသော သဘင်သီချင်းပြိုင်ပွဲ၌ အကောင်းဆုံးသဘင်သီချင်း သီဆိုဖျော်ဖြေမှုထဲမှ ဆန်ခါတင်သီချင်း ငါးပုဒ်အားရွေးချယ်ခဲ့ပြီး အကောင်းဆုံးဆုရရှိသူအား ငွေကျပ်သိန်း ၅၀၊ ရွှေနှစ်ကျပ်သားနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်ခဲ့ကာ အထူးဆုရရှိသူများအား တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးမှ ဥက္ကဋ္ဌ ဦးဖိုးချစ်က "ဒီနေ့ပြုလုပ်တဲ့ပွဲကတော့ သဘင်တာဝန်ကျေပွန်ခဲ့ကြတဲ့ သဘင်ပညာရှင်ကြီးတွေကို ကန်တော့တာပါ။ ပြီးတော့ သဘင်ပညာရှင်ကြီးတွေရဲ့ အနုပညာဂုဏ်တွေကို မျိုးဆက်သစ်များအနေနဲ့ ကန်တော့ခွင့်ကြုံစေချင်လို့ ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။ ဒီလိုသဘင်သီချင်းပြိုင်ပွဲများပြုလုပ်ခြင်းအားဖြင့် ညီညွတ်ခြင်းဖြစ်တဲ့ ဂါရဝတရားများ ပေါ်လာလိမ့်မယ်။ ပြီးတော့ သဘင်အတွက် လုပ်ဆောင်တာမို့ လုပ်ဆောင်တဲ့အရာအားလုံးဟာ ကောင်းတဲ့အရာတွေချည်းပါလို့ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့အတွက် အကျိုးရှိမယ့် ဒီသဘင်လုပ်ငန်းနဲ့ ဆက်ပြီးကြိုးစားသွားပါ့မယ်လို့ပြောချင်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာသက်ကြီးသဘင်ပညာရှင်ကြီးများပူဇော်ပွဲနှင့် သဘင်သီချင်းပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးမှ နာယကများအပါအဝင် သဘင်ပညာရှင်များ တက်ရောက်ခဲ့ကြကာ အဆိုပါမြန်မာနိုင်ငံလုံးဆိုင်ရာသက်ကြီး သဘင်ပညာရှင်ကြီးများ ပူဇော်ပွဲနှင့် သဘင်သီချင်းပြိုင်ပွဲအား နှစ်စဉ်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများတူးဖော်

**ဒီပဲယင်း ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျွန်းတော(တ)ကျေးရွာ၊ နဂါးတွင်းကျေးရွာ၊ ပလ္လင်ခတ်ကျေးရွာ၊ ဆပ်သွားကျေးရွာနှင့် အေးငြိမ်းသာယာကျေးရွာတို့တွင် လေးလက်မပိုက် ပေ ၆၀၀ စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းများတူးဖော်ရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Monywa Stars ကုမ္ပဏီမှ တာဝန်ယူတူးဖော်လျက်ရှိပြီး ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်းက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်ထွေး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဆပ်သွားကျေးရွာ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ရေစက်ရုံတည်ဆောက်နေမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ပြည်ထောင်စုလမ်းမကြီးပေါ်မှယာဉ်များအား မြေပြင်ကွင်းဆင်းပညာပေး

**နောင်ချို ဖေဖော်ဝါရီ ၂၅**

နယ်စပ်ကုန်သွယ်ရေးအဓိကလမ်းကြောင်းကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၏ လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းလည်းဖြစ်သော မန္တလေး-လားရှိုး-မူဆယ်-တရုတ်နယ်စပ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် နေ့ရောညပါ ထောင်ဂဏန်းချီ၍ မောင်းနှင်သွားလာလျက်ရှိကြသည့်ယာဉ်များ အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြံ့ခိုင်မှုပြည့်စုံရေးနှင့် လမ်းပိတ်ဆို့မှုမဖြစ်ပေါ်ရေးတို့အတွက် သက်ဆိုင်ရာက ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအလွန် မိုင်တိုင်အမှတ်(၅၈/၃)အနီးတွင် ကျောက်မဲခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၌ပါဝင်သော အဖွဲ့စုံဖြင့် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အတက်၊ အဆင်းယာဉ်များအား မြေပြင်မှတ်တမ်းထားလက်တွေ့ပညာပေးမှုများကို စခန်းချဆောင်ရွက်ခဲ့ကြ သည်။

ယင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ "လိုင်စင်စစ်တာ၊ အရေးယူတာ၊ ဖမ်းဆီးတာမဟုတ်ပါဘူး။ ယာဉ်မောင်းတွေနဲ့ ယာဉ်တွေမှာ လိုအပ်ချက်၊ချွတ်ယွင်းချက်တွေရှိခဲ့ရင် အကြံပြုကူညီပေးနေတာပါ။ လိုအပ်တဲ့အကြံပြုချက်တွေအပေါ် ယာဉ်မောင်းတွေက စနစ်တကျလိုက်နာဆောင်ရွက်သွားဖို့ပဲလိုပါတယ်။ အခုကားလမ်းကြောင်းက ယာဉ်ပေါင်းစုံပြီး အရေးပါသလို အမှားအယွင်းအတိမ်းအစောင်းမခံတဲ့ ဂုတ်တွင်းအတက်၊ အဆင်းလမ်းကြီးကလည်း ရှိနေပါတယ်။ ဒါကြောင့် အဖွဲ့စုံနဲ့ ခုလိုမြေပြင်မှတ်တမ်းယူပြီး ကြိုတင်ပြုပြင်ပညာပေးမှုတွေကို လုပ်ဆောင်နေခြင်းဖြစ်ပါတယ်"ဟု အဆိုပါအဖွဲ့စုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သီပေါကိုလတ်**



**နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ လမ်းညွှန်မှုဖြင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင် အနီးကပ်ကြီးကြပ်၍ ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းစနစ်ကို ဇမ္ဗူသီရိမြို့နယ်၌ ဖေဖော်ဝါရီ ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့စဉ်။**

ကိုကိုရူပ(နေပြည်တော်)

# ကောလာဟလတွေကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ယခုသတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။**



## ချစ်နေသေးတယ်ဆိုတာငြင်းစရာမရှိပါ

ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဒရိတ်ခ်ဟာ နာမည်ကျော်ပေ့ါပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်နဲ့ ချစ်သူတွေအဖြစ်လက်တွဲနေကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့ပြီး ဂျနီဖာကလည်း မကြာသေးမီကကျင်းပပြီးစီးခဲ့တဲ့ ဂရမ်မီဆုပေးပွဲရဲ့ ကောဇောနီပေါ်လျှောက်လှမ်းလာချိန် သူ့ဆီမှာ ဒရိတ်ခ်အတွက် အချစ်တွေများစွာရှိနေသေးကြောင်း မီဒီယာတွေနဲ့ တွေ့ဆုံရာမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ဒရိတ်ခ်အနေနဲ့ချစ်သူဟောင်းဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့် ရီဟားနားကိုချစ်နေသေးတယ်ဆိုတာ ငြင်းစရာမရှိလောက်အောင်သေချာနေကြောင်း ပြဆိုပေးနိုင်တဲ့ သက်သေတစ်ခုကိုလည်း ယခုသီတင်းပတ်အတွင်း တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၀ ရက်မှာကျရောက်ခဲ့တဲ့ ရီးဟားနားရဲ့ (၂၉) နှစ်ပြည့် မွေးနေ့ကိုတော့ ချစ်သူဟောင်း ဒရိတ်ခ်က မေ့ထားခဲ့ခြင်းမရှိဘဲ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် မွေးနေ့အမှတ်တရစကားတွေကို ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒရိတ်ခ်က "ဒီနေ့ဟာ တစ်ယောက်သောသူရဲ့ မွေးနေ့ဖြစ်ပါတယ်။ ကျွန်တော်မှာသူ့အတွက် အချစ်တွေများစွာနဲ့ လေးစားမှုတွေတစ်ပုံတစ်ပင်ရှိနေပါတယ်"လို့ ရီဟားနားရဲ့မွေးနေ့မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဒရိတ်ခ်က ရီဟားနားရဲ့မွေးနေ့မှာ မွေးနေ့လက်ဆောင်အဖြစ် ပန်းစည်းတစ်စည်းပို့ပေးခဲ့ကြောင်းလည်း သိရပါတယ်။ ဒါပေမယ့် ရီဟားနားဘက်ကတော့ ဒရိတ်ခ်နဲ့ပတ်သက်ပြီး ခံစားချက်တစ်စုံတစ်ရာကို ထုတ်ဖော်ပြသခဲ့တာမျိုးမရှိခဲ့ကြောင်းလည်း သိရပါတယ်။

ဒရိတ်ခ်နဲ့ ရီဟားနားတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ်လက်တွဲနေခဲ့ကြတဲ့ ကာလတစ်လျှောက်လုံးမှာလည်း ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်နဲ့ မကြာခဏ ပြန်လည်လက်တွဲလာခဲ့ကြတဲ့သူတွေဖြစ်ကြတာကြောင့် လတ်တလောမှာ လမ်းခွဲခဲ့ပြီးသားသူတွေအဖြစ် ရှိနေကြပေမယ့် အဆိုပါဂီတကြယ်ပွင့်နှစ်ဦးအတွက် ရှေ့ဆက်ရမယ့်အချစ်ခရီးများ ရှိလာလေဦးမလားဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်လို့နေပါတယ်။

## ဒီနှစ်နွေရာသီမှာ မင်္ဂလာဆောင်မယ့် မိုင်လီဆိုင်းရပ်စ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ဟာ လာမယ့်နွေရာသီမှာ သူ့ရဲ့ ချစ်သူ သရုပ်ဆောင်မင်းသား လီယမ်ဟမ်းစ်ဝ့ါသ်နဲ့ မင်္ဂလာပွဲဆင်နွှဲတော့မှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တယ်လို့ အော့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

" Wrecking Ball "တေးသီချင်းရဲ့ တေးသံရှင် မိုင်လီဆိုင်းရပ်စ်ဟာ ယခုနှစ်နွေရာသီမှာ ကျင်းပဖို့ရာ စီစဉ်ထားတဲ့ သူနဲ့ " Hunger Games " စွန့်စားခန်းရုပ်ရှင်တွေမှာပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဟောလိဝုဒ်မင်းသား လီယမ်ဟမ်းစ်ဝ့ါသ်တို့ရဲ့ မင်္ဂလာပွဲအတွက် လတ်တလောမှာ အာရုံစိုက်လုပ်ဆောင်နေကြောင်း သိရပါတယ်။

အဆိုပါဟောလိဝုဒ်ကြယ်ပွင့်စုံတွဲရဲ့ မင်္ဂလာပွဲကို ဟိမဝန္တာတောင်တန်းပေါ်က တစ်နေရာမှာ သဘာဝဆန်ဆန်အနေအထားမျိုးနဲ့ ကျင်းပသွားနိုင်ရေးအတွက် စီစဉ်နေတာဖြစ်ကြောင်းလည်း ကောလာဟလတွေပေါ်ထွက်နေကြောင်းသိရပါတယ်။ မိုင်လီဆိုင်းရပ်စ်နဲ့ ရင်းနှီးသူတစ်ဦးရဲ့ပြောကြားချက်အရ အဆိုပါပေ့ါပ်ကြယ်ပွင့်ဟာ ကြီးကျယ်ခမ်းနားတဲ့မင်္ဂလာပွဲထက် တကယ်ပျော်ရွှင်မှုအစစ်ကို ဖန်တီးပေးနိုင်မယ့်မင်္ဂလာပွဲမျိုးကို ဆင်နွှဲလိုကြောင်းနဲ့ ဟိန္ဒူဘာသာကို စိတ်ဝင်စားတဲ့သူတစ်ဦးဖြစ်တာကြောင့် ဟိန္ဒူဘာသာထွန်းကားရာနေရာတစ်ခုဖြစ်တဲ့ နီပေါနိုင်ငံအတွင်းမင်္ဂလာပွဲဆင်နွှဲဖို့ စီစဉ်နေတာဖြစ်ကြောင်းလည်း သိရပါတယ်။



ယခုလို သူ့ရဲ့တေးဂီတလှုပ်ရှားမှုတွေနဲ့ မအားမလပ်နိုင်တဲ့အကြားက ဆယ်လီနာဟာ ချစ်သူရဲ့နယ်လှည့်ဖျော်ဖြေပွဲကို တက်ရောက်အားပေးခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ဆယ်လီနာဂိုမက်ဇ်ရဲ့တေးသီချင်းသစ်တစ်ပုဒ်လည်းထွက်ရှိထားပြီး နောက်ထပ်တေးသီချင်းသစ်တွေအတွက်လည်း တေးသံသွင်းမှုတွေလုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါ့အပြင် သူပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "13 Reasons Why"အတွက်လည်း အလုပ်တွေရှုပ်နေခဲ့တာဖြစ်ပါတယ်။

ဆယ်လီနာဟာ သယ်ဝိခ်ကန်းဒ်နဲ့ ချစ်သူတွေဖြစ်ခဲ့ပြီးနောက်ပိုင်းမှာ ချစ်သူကိုအကောင်းဆုံးထောက်ပံ့ပေးနိုင်အောင် ကြိုးစားခဲ့တဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ သယ်ဝိခ်ကန်းဒ်နဲ့ လက်တွဲပြီးချိန်တွေမှာ ကျင်းပခဲ့တဲ့ ချစ်သူရဲ့ ဖျော်ဖြေပွဲတော်တော်များများကို တက်ရောက်အားပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သယ်ဝိခ်ကန်းဒ်ရဲ့ ဖျော်ဖြေပွဲကို ပရိသတ်နေရာကထိုင်ကာ အားပေးနေတဲ့သူ့ရဲ့ပုံရိပ်တွေကို ဖော်ပြခဲ့တာဖြစ်ပါတယ်။

ယခုနှစ် နှစ်စပိုင်းမှာ နှစ်ဦးသားနမ်းနေတဲ့ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့လာခဲ့ပြီးနောက် အဆိုပါဂီတကြယ်ပွင့်စုံတွဲဟာ လူသိရှင်ကြားတွဲလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း သူတို့နှစ်ဦးဟာ ချိန်းဆိုတွေ့ဆုံမှုတွေ ရှိလာခဲ့ပြီး အားလပ်ရက်ခရီးတွေလည်း အတူထွက်ခဲ့ကြကာ လတ်တလောမှတော့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ ပိုမိုခိုင်မာလာခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

## ချစ်သူကို အားပေးခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်

ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ မကြာသေးမီက သူနဲ့ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲလာခဲ့တဲ့ အာရန်ဘီအဆိုတော် သယ်ဝိခ်ကန်းဒ်ရဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုကို တက်ရောက်အားပေးခဲ့ကြောင်း အော့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဟာ ဖေဖော်ဂါရီ ၂၄ ရက်က နယ်သာလန်နိုင်ငံရဲ့မြို့တော် အမ်စတာဒမ်မှာ ကျင်းပခဲ့တဲ့ သယ်ဝိခ်ကန်းဒ်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် " Starboy "ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ" Starboy: Legend of the Fall Tour"ကို တက်ရောက်အားပေးခဲ့တာဖြစ်ပါတယ်။ သူ့အနေနဲ့ဒီလို ချစ်သူကိုအားပေးထောက်ပံ့မှုပေးနေတဲ့ချစ်သူတစ်ဦးအဖြစ် တက်ရောက်နိုင်ဖို့အတွက်လည်း အဆိုပါဖျော်ဖြေပွဲကျင်းပရာသို့ ပွဲမစတင်မီ နာရီအနည်းငယ်အလိုမှသာ ရောက်ရှိလာနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



## ''Super Junior''ရဲ့ တေးသီချင်းသစ်တွေအကြောင်း ဖွင့်ဟလာတဲ့ လီတက်ခ်



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Super Junior"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီတက်ခ်ဟာ မကြာသေးမီကပြုလုပ်ခဲ့တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲမှာတော့ "Super Junior"ရဲ့ ပရိသတ်တွေရှေ့အရောက် ပြန်လာနိုင်မယ့် အစီအစဉ်နဲ့ပတ်သက်ပြီး ဖွင့်ဟလာခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့တဲ့ ခြောက်ကြိမ်မြောက် "Geon Chart Music Awards" ဆုပေးပွဲမှာ လီတက်ခ်က အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး အဆိုပါအခမ်းအနားမှာ သူက အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ယခုနှစ်အတွင်း ထုတ်လွှင့်သွားနိုင်ရန် စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အသေးစိတ်အစီအစဉ်တွေကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။

လီတက်ခ်က "ကျွန်တော်တို့ တေးဂီတအဖွဲ့အနေနဲ့ ယခုနှစ်ရဲ့ နှစ်ကုန်ပိုင်းမှာ တေးဂီတသစ်တွေနဲ့ အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ စီစဉ်ထားပါတယ်။ လတ်တလောမှာတော့ ကျွန်တော်တို့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် တေးသီချင်းတွေကို စုဆောင်းနေတုန်းပါ"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

" Super Junior "ရဲ့ တေးဂီတလှုပ်ရှားမှုအစီအစဉ်နဲ့ပတ်သက်ပြီး အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီတက်ခ်က ယခုလို ထုတ်ဖော်ပြောကြားခဲ့ခြင်းဟာ ပထမဆုံးအကြိမ်တော့ မဟုတ်ခဲ့ပါဘူး။ လီတက်ခ်က ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းမှာလည်း အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်ကနေ တစ်ဆင့် ဖော်ပြခဲ့ဖူးပါတယ်။ အလားတူ အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ရှင်ဒေါင်းဟာလည်း အဆိုပါသတင်းကို ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

အဖွဲ့ဝင် ၁၁ဦးနဲ့ ဖွဲ့စည်းထားတဲ့ " Super Junior "ဟာ လတ်တလောမှာတော့ တေးဂီတလှုပ်ရှားမှုတွေလုပ်ဆောင်လျက်ရှိတဲ့အဖွဲ့ဝင် ခုနစ်ဦးရှိနေပြီး အခြားသောအဖွဲ့ဝင် လေးဦးကတော့ စစ်မှုထမ်းဆောင်နေရတာဖြစ်ပါတယ်။ စစ်မှုထမ်းနေရတဲ့ အဖွဲ့ဝင်တွေအနက် အွန်ဟွတ်ခ်က လာမယ့် ဇူလိုင် ၁၂ ရက်မှာ စစ်မှုထမ်းကာလ ပြီးဆုံးမှာဖြစ်ပြီး ဒေါင်ဟေးကတော့ ဇူလိုင် ၁၄ ရက်မှာ ကုန်ဆုံးမှာဖြစ်ကာ စီဝန်ကတော့ ဩဂုတ် ၁၈ ရက်မှာ တာဝန်တွေပြီးဆုံးတော့မှာဖြစ်ပါတယ်။ အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ယိုဝတ်ခ်ကတော့လာမယ့် ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းမှာမှ စစ်မှုထမ်း ကာလပြီးဆုံးမှာဖြစ်ကြောင်း ကိုရီး ယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

## ရုပ်ရှင်သစ်အတွက်ပြောင်းလဲလိုက်တဲ့ ဂိုဟေဆန်း

တောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင် "Boys Over Flowers"(F4)မှာ ဂင်ဂျန်ဒီအဖြစ် မြန်မာပရိသတ်တွေနဲ့ စတင်ရင်းနှီးခွင့်ရခဲ့တဲ့ မင်းသမီး ဂိုဟေဆန်းဟာ လတ်တလောမှာ ရိုက်ကူးမှုတွေ စတင်နေပြီဖြစ်တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်မှာ သူပါဝင်သရုပ်ဆောင်ထားတဲ့ဇာတ်ကောင်စရိုက်နဲ့ကိုက်ညီအောင် ပြောင်းလဲမှုတွေ ပြုလုပ်ထားတာကို တွေ့မြင်ခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂိုဟေဆန်းဟာ လတ်တလောမှာ တောင်ကိုရီးယား ရုပ်သံလိုင်းတစ်လိုင်းဖြစ်တဲ့ MBCရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲ ရုပ်ရှင် "You Are Too Much"မှာ ပါဝင်သရုပ်ဆောင်လျက်ရှိပြီး ယင်းရုပ်ရှင်မှာပါဝင်မယ့် သူ့ရဲ့ဇာတ်ကောင်စရိုက်ဟာ စားသောက်ဆိုင်တစ်ခုမှာ သီချင်းဆိုရတဲ့ တေးသံရှင်တစ်ဦးဖြစ်တာကြောင့် အဆိုပါဇာတ်ကောင်နဲ့ လိုက်ဖက်အောင် ပြင်ဆင်ထားကာ ဂိုဟေဆန်းဟာ ယခင်တွေ့မြင်နေကျပုံစံတွေနဲ့မတူဘဲ ဆွဲဆောင်မှုရှိရှိနဲ့ လှနေတာကိုတွေ့မြင်ခဲ့ရကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။



ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်မှာ ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံတွေအရ စင်မြင့်ပေါ်မှာသီချင်းဆိုနေတဲ့ ဂိုဟေဆန်းဟာ အနီရောင်ဂါဝန်နဲ့ ဆွဲဆောင်မှုရှိရှိလှနေတာဖြစ်ပြီး အနီရောင်ဝတ်စုံနဲ့ စွဲမက်ဖွယ်လှပမှုနဲ့အတူ ဂိုဟေဆန်းရဲ့ ချစ်စဖွယ်ဟန်ပန်ကိုလည်း တွဲဖက်တွေ့မြင်ခဲ့ရပါတယ်။ အပြင်အဆင်တွေအရ အဆိုပါဝတ်စုံဟာ ခေတ်ဟောင်းကဝတ်စုံပုံစံမျိုးဖြစ်နေတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

အဆိုပါရုပ်ရှင် " You Are Too Much "မှာ ဂိုဟေဆန်းဟာ ချမ်းသာတဲ့မိသားစုမှ မွေးဖွားလာခဲ့ပေမယ့် ဖခင်ဖြစ်သူရဲ့စီးပွားရေးကျဆင်းခဲ့ပြီးတဲ့နောက် စားသောက်ဆိုင်တစ်ဆိုင်မှာ အဆိုတော်အဖြစ် အသက်မွေးဝမ်းကျောင်းရတဲ့ ဂျန်ဟေဒန်းအဖြစ် ပါဝင်သရုပ်ဆောင် ထားတာဖြစ်ပါ တယ်။ ယင်းရုပ်ရှင်ကိုတော့ လာမယ့် မတ်လ ၄ရက်ကစတင်ပြီး MBCရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ရက်စက်လွန်းတဲ့ ကံကြမ္မာအလှည့်အပြောင်းများနဲ့ ရာနီရေရီရဲ့ လက်စတာ လမ်းခွဲ

**လက်စတာအသင်းကို လွန်ခဲ့တဲ့ ကိုးလကျော်ကာလကမှ ပရီမီယာလိဂ် ချန်ပီယံဆုရယူပေးခဲ့တဲ့ နည်းပြ ရာနီရေရီ တစ်ယောက် ဖေဖော်ဝါရီ ၂၃ ရက်မှာ ရာထူးကနေထုတ်ပယ်လိုက်ရပါပြီ။ ရာနီရေရီဟာ ပရီမီယာလိဂ်မှာ ဗိုလ်စွဲဖို့ ရေပန်းစားမှု အားအနည်းဆုံးအသင်းကို ၂၀၁၆ ခုနှစ် မေ ၇ ရက်မှာ ပရီမီယာလိဂ် ဖလားရယူပေးနိုင်ခဲ့ပြီး အားကစားလောကရဲ့ အံ့ဖွယ်အကောင်းဆုံး ဖြစ်ရပ်တစ်ခုအဖြစ်မှတ်တမ်းဝင်စေခဲ့သူပါ။ ရာနီရေရီဟာ လက်စတာအသင်းကို ကိုင်တွယ်တဲ့ ပထမရာသီမှာပဲ ပရီမီယာလိဂ်ဖလားဆွတ်ခူးပေးကာ မမျှော်မှန်းနိုင်တဲ့အောင်မြင်မှုရယူပေးနိုင်ခဲ့ပေမယ့် ခုတော့ ရလဒ်ဆိုးများနဲ့အတူ ထုတ်ပယ်ခံနည်းပြဘဝကို ချက်ချင်းရောက်ရှိသွားရပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲ လက်စတာအသင်းက ဆီဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့တဲ့ ပွဲစဉ်အပြီး ၂၄ နာရီ မပြည့်ခင်အချိန်မှာပဲ ထုတ်ပယ်ခံလိုက်ရတာဖြစ်ပါတယ်။**

### လက်စတာအသင်း လုပ်ရပ် မှန်ကန်ခဲ့သလား

အသက်(၆၅)နှစ်အရွယ် အီတလီလူမျိုး ရာနီရေရီဟာ ပရီမီယာလိဂ် အင်အားကြီး အသင်းကြီးတွေ ပြိုင်ဆိုင်နေတဲ့ ကြားထဲကပဲ လက်စတာအသင်းကို ပရီမီယာလိဂ်ဖလားရယူပေးနိုင်ခဲ့တဲ့အတွက် ပရိသတ်များက သူ့ရဲကောင်းတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပါတယ်။ လက်စတာနဲ့ အင်္ဂလန်အသင်း ကစားသမားဟောင်း ဂယ်ရီလိုင်နီကာကတော့ လက်စတာအသင်းပိုင်ရှင်တွေရဲ့ ဆုံးဖြတ်ချက်ဟာ အံ့ဩစရာကောင်းလွန်းပြီး အညှာအတာကင်းမဲ့လွန်းတယ်လို့ ဝေဖန်ခဲ့ပါတယ်။ ဂယ်ရီလိုင်နီကာရဲ့ အခုလို ဝေဖန်ချက်ကို ကြည့်ပြီး ကောက်ချက်ဆွဲရင် လက်စတာအသင်းပိုင်ရှင်ဖြစ်တဲ့ ထိုင်းသူဌေးတွေက မိုက်မိုက်မဲမဲ ဆုံးဖြတ်ခဲ့တယ်လို့ ယေဘုယျတွေးထင်ကောင်း တွေးထင်ပါလိမ့်မယ်။

ဒါပေမယ့် လက်ရှိ ချန်ပီယံအသင်းက ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၁၇)အထိရောက်နေပြီး တန်းဆင်းဇုန်က အသင်းတွေနဲ့ ရမှတ်တစ်မှတ်သာ ကွာဟတော့တာ၊ အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း လိဂ်ဝမ်းကလပ် မီဝေါလ်လို အသင်းမျိုးကို ရှုံးနိမ့်ပြီး ပြိုင်ပွဲကနေ ထွက်ခဲ့ရတာတွေဟာ ရာနီရေရီနဲ့ လက်စတာ လမ်းခွဲချိန်ကို ဦးတည်စေခဲ့တဲ့ အဓိကအကြောင်းတရားဖြစ်ခဲ့ပါတယ်။ တကယ်လို့ ယခုရက်သတ္တပတ်ယှဉ်ပြိုင်တဲ့ပွဲစဉ်မှာ ဆန်းဒါးလန်း၊ ဟားလ်စီးတီးနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတွေက တစ်သင်းသာ အနိုင်ရပြီး လက်စတာအသင်းသာ ရှုံးနိမ့်ခဲ့ရင် တန်းဆင်းဇုန်ထဲရောက်ရှိသွားမှာဖြစ်ပါတယ်။ လက်စတာဟာ ယခုအပတ်မှာ လီဗာပူးအသင်းကို ရင်ဆိုင်ရမှာဖြစ်လို့ ရှုံးနိမ့်ဖို့လည်း ရာခိုင်နှုန်းများနေပါတယ်။

ပြီးခဲ့တဲ့နှစ်က ၂၆ ပွဲကစားအပြီး ရမှတ် ၅၃ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့တဲ့အသင်းအနေနဲ့ ဒီနှစ်မှာ ၁၃ ပွဲသာ ကစားဖို့ ကျန်ရှိတော့ချိန်မှာ တန်းဆင်းဇုန်နဲ့ အနီးကပ်ဆုံး အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ၂၅ ပွဲကစားပြီး ရမှတ် ၂၁ သာ စုဆောင်းနိုင်သေးတာ၊ အသင်းကြီးတွေနဲ့ ရင်ဆိုင်ရချိန်မှာ လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်သိက္ခာမျိုးပျောက်ပြီး ဂိုးပြတ်ခြေပြတ်အရေးနိမ့်နေတာတွေဟာ လက်စတာရဲ့ ဟန်ချက်မထိန်းနိုင်မှုကို မီးမောင်းထိုးပြနိုင်ခဲ့ပါတယ်။ ဒါကြောင့် လက်စတာအသင်းအနေနဲ့ ၁၉၃၈ ခုနှစ်နောက်ပိုင်း မန်စီးတီးအသင်းဖြစ်ခဲ့တဲ့ လက်ရှိ ချန်ပီယံအသင်း တန်းဆင်းသွားရတယ်ဆိုတဲ့ အဖြစ်မျိုးကျော်လွှားဖို့ ရာနီရေရီကို ထုတ်ပယ်ဖို့အပြင် အခြားနည်းလမ်းမရှိခဲ့တာကြောင့် ဒီနည်းလမ်းကို အသင်းပိုင်ရှင်တွေ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ လက်စတာအသင်း ဒုတိယဥက္ကဋ္ဌ အီယာဝပ် ဆရီဗက်ဟာနာပရာဟာရဲ့ ပြောကြားချက်ကို ကြည့်ရင်အဖြေကို ရှင်းရှင်းလင်းလင်း သိနိုင်မှာဖြစ်ပါတယ်။ သူက "ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်ကလည်း ချန်ပီယံဖြစ်မယ်လို့ လုံးဝမမျှော်လင့်ထားသလို ဒီနှစ် ဒီလောက်ကြီး ရလဒ်ပိုင်း ထိုးဆင်းသွားမယ်လို့ ထင်ကို မထင်မိခဲ့ပါဘူး။ ကျွန်တော်တို့ရာသီအစ မျှော်မှန်းချက်ကိုက ပရီမီယာလိဂ်မှာ တင်ကျန်ရေးကိုပဲ ရည်မှန်းခဲ့တာပါ"လို့ ဆိုခဲ့တာဖြစ်ပါတယ်။ လက်စတာနဲ့ အင်္ဂလန်ဂိုးသမားဟောင်း ရှာတယ်လ်ကတော့ လက်စတာအသင်းရဲ့ ဆုံးဖြတ်မှုဟာ လုပ်သင့်လုပ်ထိုက်တဲ့ မှန်ကန်တဲ့လုပ်ရပ်ဖြစ်သလို ဆိုးရွားတဲ့ ရလဒ်ပိုင်းအတွက် အခြားနည်းလမ်းမရှိပါဘူးလို့ ထောက်ခံခဲ့ပါတယ်။

### ချွင်းချက်မထားတဲ့ ဘောလုံးလောက

ရလဒ်ဆိုးနေတဲ့ နည်းပြတစ်ဦးကို အစဉ်အလာအရ၊ ဂုဏ်သိက္ခာအရ သူ့ရဲ့ ပြီးခဲ့တဲ့နှစ်က စွမ်းဆောင်ပေးချက်အရ ချွင်းချက်အနေနဲ့ ထားရမယ်ဆိုတာ ဘောလုံးလောကမှာ မရှိပါဘူး။ ပြီးခဲ့တဲ့နှစ်ကမှ ချယ်လ်ဆီးအသင်းကနေ ထုတ်ပယ်ခံလိုက်ရတဲ့ မော်ရင်ဟိုဟာ အထင်ရှားဆုံး ဥပမာဖြစ်ပါလိမ့်မယ်။ မော်ရင်ဟိုက ချယ်လ်ဆီးအသင်းကို ၂၀၁၅ ခုနှစ်က ချန်ပီယံအဖြစ် အောင်ပွဲခံအောင်ဦးဆောင်ပေးနိုင်ခဲ့ပေမယ့် နောက်ရာသီမှာပဲ ရလဒ်ဆိုးတွေကြောင့် ထုတ်ပယ်ခံလိုက်ရပါတယ်။ မော်ရင်ဟိုက ချယ်လ်ဆီးအသင်းကို ပထမအကြိမ်ကိုင်တွယ်စဉ်က ပရီမီယာလိဂ်ဖလားနှစ်ကြိမ် ရယူပေးနိုင်ခဲ့ပြီး ဒုတိယအကြိမ်မှာလည်း ရလဒ်ပိုင်းတွေ တောက်လျှောက်ထိုးကျနေတဲ့ ချယ်လ်ဆီးအသင်းကို သူ့ရဲ့ ဒုတိယမြောက်ရာသီမှာ ပရီမီယာလိဂ်ဖလားဆွတ်ခူးပေးခဲ့သူပါ။ ရလဒ်တွေ အတက်အကျ ကြမ်းလာရင် ပြုပြင်ပြောင်းလဲဖို့ ဦးဆောင်သူ အခန်းကဏ္ဍကို ပြောင်းလဲဖို့ လိုအပ်နေပြီဆိုတာ ဖော်ညွှန်းနေတာကြောင့် ရက်စက်တယ်ပဲ ဆိုဆို မငဲ့ညှာဘူးပဲ မြင်မြင် ပရော်ဖက်ရှင်နယ်သဘောတရားအရ အကောင်းဆုံးစီမံခန့်ခွဲနိုင်သူကို အစားထိုးခန့်အပ်ရမှဖြစ်ပါတယ်။ ဒါပေမယ့် လက်စတာအသင်းပိုင်ရှင်တွေအနေနဲ့ ဒီဆုံးဖြတ်ချက်ကို အလွယ်တကူ ချမှတ်ခဲ့တာမဟုတ်ဘဲ တန်းဆင်းဇုန်ကနေ ရုန်းထွက်ဖို့ နောက်ဆုံးနည်းလမ်းအနေနဲ့ ရွေးချယ်ခဲ့ရတာဖြစ်ပါတယ်။

### လမ်းခွဲဇာတ်လမ်းအတွက် ဘယ်သူ ဇာတ်ညွှန်းရေးခဲ့တာလဲ

ရာနီရေရီ လက်စတာအသင်းကို ချန်ပီယံဖြစ်စေခဲ့တဲ့နည်းဗျူဟာကတော့ အင်မတန်ရိုးရှင်းခဲ့ပါတယ်။ နောက်တန်းခံစစ်ပိုင်းကို ကျစ်ကျစ်လျစ်လျစ်တည်ဆောက်ပြီး မာရက်ဇ်၊ ဗာဒီတို့ရဲ့ တိုးအားနဲ့ တန်ပြန်တိုက်စစ်ကို အသက်သွင်းပြီး လက်စတာအသင်းကို အောင်မြင်မှု ရယူပေးခဲ့တာဖြစ်ပါတယ်။ လက်စတာရဲ့ လက်ရှိ ကစားသမားအင်အားကို ကြည့်ရင်လည်း ပြီးခဲ့တဲ့နှစ် လက်စတာရဲ့ သမိုင်းဝင်အောင်မြင်မှုကို ဖော်ဆောင်ခဲ့ကြတဲ့ အဓိက ကစားသမားတွေထဲမှာ ချယ်လ်ဆီးကို ပြောင်းသွားတဲ့ ကန်တီ တစ်ဦးတည်းကိုသာ လက်လွှတ်ခဲ့ရတာဖြစ်ပြီး ဗာဒီ၊ မာရက်ဇ်၊ ကပ်စ်ပါရှမိုက်ကယ်တို့ကို ဆက်ထိန်းနိုင်တာ တွေ့ရပါတယ်။



ကစားသမားပိုင်း၊ နည်းဗျူဟာပိုင်းမကွာသလို ဒီနည်းပြကပဲ ကိုင်တွယ်နေပေမယ့် ဘာလို့ ရလဒ်ပိုင်း ဒီလောက်ကွာခြားသွားခဲ့ရသလဲဆိုတာ အဖြေထုတ်ကြည့်ရင် တကယ်တမ်းကွင်းထဲဝင်ကစားရတာက ကစားသမားတွေသာဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ The Sun သတင်းဌာနကတော့ သစ္စာပျက်ကြတဲ့ လက်စတာကစားသမားတွေဟာ ရာနီရေရီကို ထုတ်ပယ်ဖို့ အသင်းပိုင်ရှင်ဆီကို လေးကြိမ်တိုင် သွားရောက်တွေ့ဆုံတောင်းဆိုခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒီကစားသမားတွေထဲမှာ ဂျေမီဗာဒီ၊ ကပ်စ်ပါရှမိုက်ကယ်၊ ဝက်စ်မော်ဂန်တို့ ပါဝင်ခဲ့တယ်လို့ ဖော်ပြပါတယ်။ လက်စတာကစားသမားတွေအနေနဲ့ ရာသီအဖွင့်ပွဲစဉ် ဟားလ်စီးတီးအသင်းကို အရေးနိမ့်တဲ့ ပွဲစဉ်ကတည်းက ရာနီရေရီအပေါ် လေးစားမှုလျော့နည်းခဲ့ပြီး အဝတ်လဲခန်းမှာလည်း ကစားသမားတွေရဲ့ တော်လှန်မှုဆန်ဆန် ပုံစံတွေ မြင်တွေ့ခဲ့ရတယ်လို့ သိရပါတယ်။ ဒါပေမယ့်ယာယီ နည်းပြအဖြစ် တာဝန်ယူထားတဲ့ ခရိတ်ခ်ရှိတ်စပီးယားက ဒီကိစ္စရပ်ကို ငြင်းဆိုခဲ့ပြီး ရလဒ်ပိုင်းကြောင့် အားလုံး မပျော်မရွှင်ဖြစ်ခဲ့ရပေမယ့် အဝတ်လဲခန်းမှာ နည်းပြအပေါ် လေးစားမှုလျော့ကျခဲ့တာမျိုး နောက်ဆုံးအချိန်ထိ မရှိခဲ့ဘူးလို့ ရှင်းချက်ထုတ်ခဲ့ပါတယ်။

### မယိုင်လဲတဲ့ ထောက်ခံမှုတွေရှိပေမယ့်

ပရိသတ်အများစုကတော့ လက်စတာအသင်းဟာ ရာနီရေရီရဲ့ စွမ်းဆောင်ရည်ကြောင့်သာ ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်တာ၊ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်တက်ရောက်နိုင်တာ စသဖြင့် သဘောကျနှစ်ခြိုက်ကြတာကြောင့် ရာနီရေရီကို မထုတ်ပယ်သင့်ဘူးလို့ ရှုမြင်ကြပါတယ်။ ဒါကြောင့်လည်း နည်းပြအဖြစ် ထုတ်ပယ်သင့်၊ မသင့် မဲပေးစေခဲ့ရာမှာ ၈၇ရာခိုင်နှုန်းက မထုတ်ပယ်သင့်ဘူးလို့ မဲပေးခဲ့ပြီး ကျန် ၁၃ ရာခိုင်နှုန်းကသာ ထုတ်ပယ်သင့်တယ်လို့ မဲပေးခဲ့ကြတာကို တွေ့ရပါတယ်။ မန်ယူအသင်းကို သုံးဂိုးပြတ်နဲ့ အရေးနိမ့်တဲ့ ပွဲစဉ်အပြီးမှာလည်း သူတို့ရဲ့ ထောက်ခံမှုဟာ မယိမ်းမယိုင်အနေအထားမှာ ဆက်လက်ရှိနေဆဲပဲလို့ ဆိုင်းဘုတ်တွေကိုင်ဆောင်ပြသခဲ့ပါတယ်။ ဒါကြောင့် လက်စတာအသင်းပိုင်ရှင်တွေအနေနဲ့ လီဗာပူးနဲ့ပွဲမှာသာ ရလဒ်ပိုင်းမကောင်းခဲ့ရင် ပရိသတ်တွေရဲ့ ဆိုးရွားတဲ့ ဆန့်ကျင်မှုကို ကြုံတွေ့နိုင်ခြေရှိပါတယ်။

### ရာနီရေရီ ဘယ်လိုနည်းပြလဲ

ရာနီရေရီဟာ ချယ်လ်ဆီး၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ အက်သလက်တီကို၊ မိုနာကိုစတဲ့ အသင်းကြီးတွေကို ကိုင်တွယ်ခဲ့ဖူးပေမယ့် အမြင့်ဆုံးအဆင့်အဖြစ် ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရပြီး အကောင်းဆုံးဒုတိယသမားအဖြစ်သာ ရောင့်ရဲတင်းတိမ်ခဲ့ရသူပါ။ ဒါ့အပြင် ရာနီရေရီဟာ လွန်ခဲ့တဲ့ နှစ်နှစ်နီးပါးကာလက ဂရိလက်ရွေးစင်အသင်းကို ကိုင်တွယ်ခဲ့ချိန်မှာ ဖာရိုးကျွန်းစုလို အသင်းငယ်လေးကိုတောင် ရှုံးနိမ့်ခဲ့တာကြောင့် ရာထူးကနေ ထုတ်ပယ်ခံခဲ့သူဖြစ်ပါတယ်။နည်းပြ နီဂယ်လ်ပီယာဆန် ထွက်ခွာသွားတဲ့ လက်စတာအသင်းကို ရာနီရေရီ လက်လွှဲတာဝန်ယူပြီး ဘယ်သူမှ မထင်ထားတဲ့ အခြေအနေကနေ ပရီမီယာလိဂ်ဖလားရယူပေးတဲ့ အထိ စွမ်းဆောင်ပြခဲ့ပါတယ်။ ထုတ်ပယ်ခံရပြီးနောက် ရာနီရေရီက "မနှစ်က အလွန်လှပတဲ့ အောင်ပွဲနဲ့အတူ လက်စတာဟာ ကျွန်တော့်ရဲ့ နှလုံးသားထဲမှာ နေရာအယူနိုင်ဆုံးဖြစ်ခဲ့ပါတယ်။ ဒီအမှတ်တရတွေက ကျွန်တော်အသက်ရှင်သရွေ့ ဆက်လက်တည်ရှိနေမှာဖြစ်ပြီး ဘယ်တော့မှလည်း မမေ့နိုင်မယ့် ဖြစ်ရပ်အဖြစ်တည်ရှိနေမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ အိပ်မက်တွေ မနေ့ကပဲ သေဆုံးသွားပါတယ်"လို့ ဆိုခဲ့ပါတယ်။ ရာနီရေရီဟာ လက်စတာအသင်းကို ပရီမီယာလိဂ်ဖလားရယူပေးနိုင်ခဲ့ပြီး နောက်ပိုင်း ဥရောပအသင်းကြီးတွေက ချိတ်ဆက်ခဲ့တာတောင် လက်စတာအသင်းကို ချစ်တဲ့စိတ်ကြောင့် ငြင်းပယ်ခဲ့တယ်လို့လည်း ထုတ်ပယ်မခံရမီ သုံးရက်အလိုကမှ ဖွင့်ဟပြောကြားထားတာကြောင့် လက်စတာ အသင်းအပေါ် သူဘယ်လောက်အထိ မြတ်နိုးတယ်ဆိုတာ ထင်းထင်းရှားရှားမြင်တွေ့နိုင်ပါတယ်။

### ရုတ်တရက် ပြောင်းလဲမှုရဲ့ နောက်ကွယ်က

နည်းပြ ရာနီရေရီ ထုတ်ပယ်ခံလိုက်ရပြီးနောက် လက်စတာ ကစားသမားအများစု သူတို့သုံးစွဲနေကျ လူမှုကွန်ရက်တွေကို အသုံးမပြုဘဲ နေခဲ့ကြသလို အပြင်ထွက် လည်ပတ်တာမျိုးတောင်မလုပ်ခဲ့တာကြောင့် ဒါဟာ တမင်သက်သက်ရှောင်နေတာပဲဆိုတဲ့ စွပ်စွဲမှုတွေတောင်ရှိနေပါတယ်။ အချို့ကတော့ ရာနီရေရီ ထုတ်ပယ်ခံရအောင် လုပ်ဆောင်ခဲ့ကြတဲ့ အဓိကတရားခံက ကစားသမားတွေဖြစ်တယ်လို့ တစ်ထစ်ချရေးသားတာမျိုးတောင်ရှိပါတယ်။ မာရက်ဇ်၊ ရှမိုက်ကယ်၊ ဒရင့်ဝေါတာ၊ ဂျေမီဗာဒီတို့ဟာ အသင်းကြီးတွေက အလိုရှိနေတဲ့ကြားကပဲ လက်စတာအသင်းနဲ့ သက်တမ်းတိုးစာချုပ်လက်မှတ်ရေးထိုးပြီး ဆက်နေခဲ့ကြပေမယ့် ရလဒ်ပိုင်းဆိုးရွားမှုကြောင့် ရာနီရေရီရဲ့ နည်းဗျူဟာ ချဉ်းကပ်မှုအပေါ် အယုံအကြည်ကင်းမဲ့လာကြပါတယ်။ ဆန်းဒါးလန်းကို ပြောင်းရွှေ့ခွင့်လွဲချော်သွားတဲ့ အော်လိုဝါဆိုရင် ရာနီရေရီရဲ့ နည်းဗျူဟာပိုင်း မှားယွင်းမှုတွေကို လူသိရှင်ကြား ဝေဖန်ခဲ့မှုတွေ ဖြစ်ခဲ့ပါတယ်။ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေကြား ပဋိပက္ခအသွင်ဆောင်နေတဲ့ အားပြိုင်လွန်ဆွဲမှုကလည်း ရာနီရေရီရဲ့ အဆုံးသတ်ပိုင်းကို လျင်လျင်မြန်မြန်ရောက်ရှိသွားစေခဲ့တာဖြစ်ပါတယ်။

လက်စတာအသင်းက အက်ဖ်အေဖလား စတုတ္ထအဆင့် ပြန်ကန်ပွဲစဉ်မှာ ဒါဘီကို အနိုင်ကစားနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ်ကစားရတဲ့အချိန်မှာ တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ ဆွမ်ဆီးကို နှစ်ဂိုးပြတ်အရေးနိမ့်ခဲ့ပြန်ပါတယ်။ အဲဒီနောက် လိဂ်ဝမ်းကလပ် မီဝေါလ်အသင်းကို ဆက်လက်အရေးနိမ့်ခဲ့တာကြောင့် ပိုင်ရှင်တွေက ရာနီရေရီကို ထုတ်ပယ်ဖို့ အဲဒီကတည်းက ဆုံးဖြတ်ခဲ့တာပါ။ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲစဉ်ကစားရဖို့ရှိတာကြောင့် ထုတ်ပယ်ကြောင်း မကြေညာခဲ့ဘဲ အဲဒီပွဲစဉ်အပြီးအထိ စောင့်နေခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်အပြီး ၂၄ နာရီ မပြည့်ခင်မှာပဲ ရာနီရေရီကို ထုတ်ပယ်ကြောင်း ကြေညာချက်ထုတ်လိုက်တာဖြစ်ပါတယ်။ ထိုင်းဘီလီယံနာသူဌေး ဗီချိုင်း ဆရီဗက်ဟားနားပရာဟာ ရာနီရေရီကို ၅၀၀၀၀၀ တန်ဖိုးရှိ ဝိုင်နှစ်ပုလင်းပေးပြီး အပြုံးတွေဆင်ကာ ထုတ်ပယ်တဲ့အကြောင်း အသိပေးခဲ့တာဖြစ်ပါတယ်။ ပရာဟာက ဒီဆုံးဖြတ်ချက်ဟာ အခက်ခဲဆုံးသော ဆုံးဖြတ်ချက်တွေထဲက တစ်ခုဖြစ်ခဲ့ပြီး ဆီဗီလာကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်တဲ့ ရလဒ်ပိုင်းကို လက်ခံပေမယ့် တစ်နေ့ရွှေ၊ တစ်နေ့ငွေဖြစ်နေတဲ့ ရလဒ်ပိုင်းကြောင့်တိုးတက်လာမယ့် အလားအလာနည်းပါးနေတာကြောင့် ရာနီရေရီကို ထုတ်ပယ်လိုက်ရတာလို့ ဆိုပါတယ်။

ရာနီရေရီနေရာမှာ အစားထိုးဖို့ အင်္ဂလန်နည်းပြဟောင်း ရွိုင်းဟော့ဆန်၊ မန်စီးတီးနည်းပြဟောင်းမန်စီနီ၊ ချယ်လ်ဆီးနည်းပြဟောင်း ဂူဟစ်ဒင့်၊ အိုင်ယာလန်နည်းပြ မာတင်အိုနေးလ်နဲ့ လက်စတာ အသင်းကို လွန်ခဲ့တဲ့ နှစ်နှစ်က ပရီမီယာလိဂ်ကိုတန်းတက်အောင် ကူညီခဲ့တဲ့ နီဂယ်လ်ပီယာဆန်တို့ကို ခေါ်ယူဖို့ ချိတ်ဆက်နေတယ်လို့ ဘီဘီစီသတင်းဌာနက ဖော်ပြပါတယ်။ လက်စတာအသင်းရဲ့ အောင်မြင်မှုဟာ ၂၀၀၄ ခုနှစ် စပိန်လာလီဂါမှာ အက်သလက်တီကို မထင်မှတ်ဘဲ ချန်ပီယံ ဖြစ်ခဲ့တဲ့ အနေအထားထက အဆများစွာ ပရိသတ်တွေကို အံ့အားသင့်စရာ အခြေအနေ ဖန်တီးပေးခဲ့တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်တဲ့ အချက်အလက်တစ်ခုဖြစ်ပါတယ်။ ပရီမီယာလိဂ် ချန်ပီယံဆုအတွက် ပထမပွဲထွက်ကစားသမား ၁၁ယောက်အတွက် ပေါင်သန်း၂၀၀မှ ၃၀၀ ကြား အသုံးပြုနေတဲ့ ပရီမီယာလိဂ် အသင်းကြီးတွေ ပြိုင်ဆိုင်နေတဲ့ ကြားကပဲ လက်စတာလို အသင်းငယ်လေးက ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ကိစ္စဟာ သမိုင်းဝင်တဲ့ အောင်မြင်မှုဖြစ်ခဲ့ပေမယ့် ခုတော့ ရာနီရေရီပြောသလို သူ့အိပ်မက်တွေ သေဆုံးသွားခဲ့ပြီဆိုတာတော့ သေချာခဲ့ပါပြီ။ ဒါကြောင့် အကောင်းဆုံးတွေရပြီးတဲ့ ရာနီရေရီ တစ်ယောက် အဆိုးဆုံးကို ပြန်လည်ရင်ဆိုင်ခဲ့ရတာကတော့ ဆိုးရွားတဲ့ ကံကြမ္မာရဲ့ ကျီစယ်မှုလို့သာ အမည်တပ်ရတော့မှာဖြစ်ပါတယ်။

**[မေလွဲ့သင်း]**

# မရိုးမသား အလုပ်ရှင်များ လုပ်အားခများ ခိုးယူသည်

à ulfb

ကမ္ဘာပေါ်၌ တစ်ဦးကျဝင်ငွေအမြင့်ဆုံးနိုင်ငံများတွင်ပါဝင်သော စင်ကာပူနိုင်ငံသည် လုပ်အားခဈေးချိုသည့် ရွှေ့ပြောင်းလုပ်သားများ၏ လုပ်အားအပေါ် မှီခိုအားထားနေရလင့်ကစား ယင်းနိုင်ငံ၌ ဆိုးသွမ်းသည့် အလုပ်ရှင်အချို့က 'လုပ်အားခခိုးယူခြင်း' (အလုပ်သမား၏ တရားဝင်အကျိုးခံစားခွင့်များ ငြင်းပယ်ခံရခြင်း)(Wage theft) ပြုလုပ်မှုများရှိနေကြောင်း အေးသျှားတိုင်းသတင်းဌာနက ရေးသားဖော်ပြထားသည်ကို ကျွန်ုပ် လေ့လာဖတ်ရှုရသည့်အခါ 'လုပ်စားမိုးခေါင် ခိုးစားခွေးဟောင်' ဘဝများကို ကိုယ်ချင်းစာနာကြည့်မိလေ၏။

ရိုးရိုးသားသားလုပ်စားပါမှ မိုးခေါင်ခြင်းတည်းဟူသော သဘာဝဘေးအန္တရာယ်ကို ခါးစည်းခံကြရသည့် တောင်သူလယ်သမားများ ရှိဘိသကဲ့သို့ မိမိနိုင်ငံမှာထက် ပိုမိုသာလွန်သည့် လုပ်အားခငွေ မြိုးမြိုးမြက်မြက် ရလိမ့်မည်အထင်တစ်လုံးဖြင့် ပြည်ပသို့စွန့်စွန့်စားစား အကြွေးတင်ကာ ထွက်ခွာသွားပြီးနောက် ကိုယ်၏ ပင်ပန်းခြင်း စိတ်၏နွမ်းလျခြင်းတို့ကို ရင်ဝယ်ပိုက်၍ ရိုးသားစွာလုပ်ကိုင်စားသောက်ပါမှ လုပ်အားခေါင်းပုံဖြတ်သည့် ကုမ္ပဏီသူဌေးများ၏ ဆိုးညစ်ယုတ်မာမှုနှင့် ကိုယ်တွေ့ခံစားကြသူများရှိနေသည်ဟု ကျွန်ုပ်သိရလေသည်။

### လုပ်အားခ ခိုးယူခြင်း

သိက္ခာမဲ့သည့် ကုမ္ပဏီပိုင်ရှင် (အလုပ်ရှင်) အချို့သည် လုပ်အားခခိုးယူခြင်းအမှုကို မရှက်မကြောက် ပြုကြကုန်သည်ဖြစ်ရာ၏။

လုပ်အားခခိုးယူခြင်းဟူသည်ကား အလုပ်သမားတစ်ဦး တရားသဖြင့် ရပိုင်ခွင့်ရှိသောအကျိုးခံစားခွင့်များကို အလုပ်ရှင်က မပေးခြင်းဖြစ်၏။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လုပ်အားခခိုးယူပုံ နည်းလမ်းအမျိုးမျိုးရှိပြီး လုပ်ရိုးလုပ်စဉ်ခိုးယူပုံများမှာ အချိန်ပိုခပေးရန်ပျက်ကွက်ခြင်း၊ အနည်းဆုံးလုပ်ခပေးရေးစည်းမျဉ်းများကို ချိုးဖောက်ခြင်း၊ အလုပ်သမားများကို အတန်းအစားခွဲခြားရာတွင် ပေးသင့်ပေးထိုက်သည့် အဆင့်အတန်းကို မပေးဘဲ အဆင့်နှိမ့်ထားခြင်း၊ လုပ်အားခငွေ၊ လုပ်ခလစာငွေမှ တစ်စိတ်တစ်ဒေသငွေကြေးကို တရားမဝင်လျှော့ချခြင်း (တစ်ကျပ်ပေးသင့်ပါလျက် သုံးမတ်သာပေးခြင်းမျိုး)၊ သတ်မှတ်အလုပ်ချိန်ထက် ကျော်လွန်အောင်စေခိုင်းခြင်း၊ အချိန်ပိုလုပ်ခမပေးခြင်းတို့ ဖြစ်ကြလေသည်။

တန်ရာတန်ကြေးမပေးဘဲ ညစ်ပတ်သည့်နည်းလမ်းဖြင့် လုပ်အားခပေးရမှုကို လျှော့ချခြင်းမှာ ဆိုးသွမ်းသောအလုပ်ရှင်တို့၏ 'ယာနဝိညာဉ် အနံ့မထင်သလို' ထင်သာမြင်သာမရှိသည့် အောက်လမ်းနည်းဖြစ်၏။ သူတို့၏ ပဥ္စလက်အတတ်ဖြစ်၏။ ပရိယာယ်ဝေဝုစ်ဖြစ်၏။

လုပ်အားခခိုးယူခံရသူများနှင့် ကုမ္ပဏီဝန်ထမ်းများသာမက ရောင်းရငွေပေါ်မှ ကော်မရှင်ခခံစားခွင့်ရှိသော အရောင်းဈေးသည်များလည်း ပါဝင်သည်။ အနီးအရောင်းဈေးသည်တို့မှာ ရက်သတ္တတစ်ပတ်လျှင် နာရီ ၄၀ ထက်ကျော်လွန်သော အလုပ်ချိန်အတွက် အချိန်ပိုကြေးပေးရန် ဖော်ပြထားသည့် ဥပဒေစည်းမျဉ်းများနှင့်အညီ ခန့်အပ်ခံထားရသူများမဟုတ်ကြချေ။ ယင်းသို့သောဈေးသည်တို့မှာ မိမိ၏ဆန္ဒနှင့်အညီ အချိန်ပိုလုပ်ကိုင်ပေးနေရသည့်သဘောမျိုးဖြစ်နေသည်။

များများရောင်းပေးနိုင်လျှင် ရောင်းရငွေအပေါ်မှ ကော်မရှင်ခ ပိုရမည်ဟူသောမူအရ လုပ်ကိုင်ကြသည်ဟုဆိုသော်လည်း အလုပ်ရှင်ဘက်ကတောင်းဆိုသည့် ရောင်းချပေးရမည့်ပမာဏ (ကိုတာ) ပြည့်မီရေးအတွက် ပင်ပန်းဆင်းရဲခံကာ အချိန်ပို လုပ်ကိုင်ပေးနေရသည့်အခြေအနေကို မသိကျိုးကျွံမပြုအပ်ဟု တွေးတောမိလေသည်။

ထို့ထက်တိုး၍ဆိုရသော် ကုန်တိုက်ဝန်ထမ်းများ လုပ်အားခခိုးယူခံရသည့် သာဓကများကို တွေ့မြင်နိုင်သေးသည်။ နိုင်ငံတကာရှိ ကုန်တိုက်ကြီးများ (ကုန်ပဒေသာရောင်းချသော စူပါမတ်များ) ရှိ အရောင်းစာရေး (စာရေးမ) များသည် အဆိုင်းလိုက်အလုပ်ဆင်းရပြီး မိမိတာဝန်ယူရသည့်အဆိုင်းအတွက် သတ်မှတ်အလုပ်ချိန် ပြည့်မြောက်ပြီးသည့်တိုင်အောင် ရောင်းချပေးရမည့် 'ကိုတာ' မပြည့်သေးသဖြင့် အချိန်ပိုဆက်လုပ်ပေးရသော်လည်း အချိန်ပိုကြေးမရခြင်း ဖြစ်သည်။

### စိတ်ကောင်းရှိဖို့က ပထမ

ယနေ့ကာလတွင် အလုပ်သမားအခွင့်အရေးများ စံနှုန်းပြည့်မီရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြုအမတ်များ၊ အစိုးရတာဝန်ရှိသူများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ နိုင်ငံရေးလှုပ်ရှားသူများက ဝိုင်းဝန်းကြိုးပမ်းနေကြသည့်တိုင်အောင် 'ဆီလိုအပေါက်ရှာ' နေသည့် မသမာမှုလုပ်ရပ်များကို လုပ်ရဲသည့် အလုပ်ရှင်ဆိုးများမှာ တွင်းတူးပြီးမိုက်သူများ (သေသည်အထိအမိုက်ဇာတ်ကသူများ) ဟု တင်စားခေါ်ဝေါ်လောက်ပါပေသည်။

ဤနေရာတွင် ကျွန်ုပ်ထင်မြင်မိရာသည်ကား အလုပ်ရှင်တို့၏ စိတ်နေစိတ်ထား မွန်မြတ်သန့်စင်ရေးဖြစ်၏။ ဥပဒေစည်းမျဉ်းများ အခိုင်အမာရှိပါလျက် ဥပဒေကို လက်တစ်လုံးခြားလုပ်သူများမှာ စိတ်ဓာတ်မပြည့်ဝခြင်းကြောင့်ဖြစ်၏။ သို့ဖြစ်ပေရာ သူတော်စင် သူတော်မြတ်တို့က ကျွန်ုပ်တို့ လောကီလူသားများအား 'စိတ်ကောင်းရှိဖို့က ပထမ၊ ကုသိုလ်ရဖို့က ဒုတိယ' ဟူ၍ ဆုံးမသွန်သင်ကြခြင်းဖြစ်ပေလိမ့်မည်။

'ဆရာမနိုင် နှစ်ဆောင်ပြိုင်' အလုပ်ရှင်ဆိုးတို့က ဇယ်ဆက်သလိုအလုပ်လုပ်ကြသူများ၏ လုပ်အားအပေါ်မှ ခေါင်းပုံဖြတ် အမြတ်ထုတ်ကြခြင်းမှာ ဇာတ်ပျက်ပုဏ္ဏား အစားမဆင်ခြင်ဘိသကဲ့သို့ လောဘတကြီး မရိုးမဖြောင့် စီးပွားရှာကြခြင်းအဖြစ် ကျွန်ုပ်ရှုမြင်မိသည်တကား။

> အများပိုင်၊ ပြည်သူပိုင်၊ နိုင်ငံပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းဖြစ်ဖို့ ဝတ္ထုကာမအပေါ် ပြင်းပြသောအာသာ စွဲကပ်မှုဖြင့် ဥပဒေစည်းမျဉ်း (ဝါ) ကျင့်ဝတ်သိက္ခာချိုးဖောက်မှုကို ရဲရဲကြီးပြုလုပ်နေကြခြင်းအဖြစ် ရှုမြင်ရသည်။

### နိုင်ငံခြားလုပ်သား အင်အားမည်မျှ

စင်ကာပူနိုင်ငံ၌ နိုင်ငံခြားသားလုပ်သားဦးရေ ၁ ဒသမ ၄ သန်းခန့်ရှိပြီး အများစုမှာ ဆောက်လုပ်ရေးနှင့် အဏ္ဏဝါနှင့်ဆက်နွယ်သောလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြ၏။ ယင်းကဏ္ဍများအပြင် လက်ကားကုန်သွယ်ရေး၊ စားနပ်ရိက္ခာနှင့် အဖျော်ယမကာလုပ်ငန်း၊ ကျွမ်းကျင်ပညာရှင်ဆိုင်ရာလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေး၊ သတ္တုဗေဒထုတ်ကုန်များ၊ စက်ကိရိယာများနှင့်သက်ဆိုင်သည့်လုပ်ငန်း၊ ရေနံ၊ ဓာတုဗေဒနှင့် ဆေးဝါးထုတ်ကုန်လုပ်ငန်း၊ စီမံခန့်ခွဲရေးနှင့် ထောက်ပံ့ရေးလုပ်ငန်း၊ အီလက်ထရွန်နစ်၊ ကွန်ပျူတာနှင့် စက္ကူအမြင်ပိုင်းဆိုင်ရာ ထုတ်ကုန်လုပ်ငန်းတို့တွင်လည်း နိုင်ငံခြားသားလုပ်သားများကို တွေ့နိုင်၏။

စက်ကာပူသို့ အလုပ်သွားရောက်လုပ်ကိုင်သူများတွင် အိမ်ဖော်များလည်း ပါဝင်သည်။

အမျိုးသားစီးပွားရေးနှင့် ထုတ်လုပ်မှုစွမ်းပကားမြှင့်တင်နိုင်ရေးအတွက် နိုင်ငံခြားလုပ်သားများကို အသုံးပြုရသည့်တိုင်အောင် ပြည်ပမှအလုပ်သမားများဝင်ရောက်လာမှုကို ထိန်းချုပ်ကန့်သတ်နိုင်ရန် နိုင်ငံခြားသားလုပ်သားများအား အခွန်ကောက်ယူမှု နှုန်းထားမြှင့်တင်ခြင်း၊ လုပ်သားအင်အားခွဲတမ်းစနစ်ကို ပိုမိုတင်းကျပ်ခြင်းတို့ ပြုလုပ်ရလေသည်။

နိုင်ငံခြားသားလုပ်သားအင်အား တိုးတက်လွန်ကဲလာပါက ပြည်သူလူထုအတွင်း လူမှုရေးတင်းမာမှုများ ကြီးထွားတတ်သေးသည်။ အများပြည်သူသုံး ဘတ်စ်ကားများနှင့် ရထားများပေါ်တွင် နိုင်ငံခြားသားခရီးသည်များ ပြည့်ကျပ်လာခြင်းနှင့်အတူ ဒေသခံတို့၏ ငြိုငြင်မှုကို ဖြစ်ပေါ်စေသည်။

သေနတ်၊ ဓားစသည့် လက်နက်တို့ကိုပြသ၍ လုယက် ဓားပြတိုက်သူများကို ရာဇဝတ်ကောင်များအဖြစ် ထင်သာမြင်သာပြသနိုင်သော်လည်း လက်နက်မကိုင်ဘဲ ဥပဒေကိုလက်တစ်လုံးခြားလုပ်၍ ပြစ်မှုကျူးလွန်နေသော လုပ်အားခသူခိုးများကိုမူ အရေးယူအပြစ်ပေးရန် အခက်အခဲများရှိနေဆဲဖြစ်သည်။

ဧကန်မုကား လုပ်အားခခိုးယူခြင်းပြဿနာသည် စင်ကာပူနိုင်ငံတစ်နိုင်ငံတည်း၏ ပြဿနာမဟုတ်မူ၍ နိုင်ငံတကာပြဿနာအဖြစ် အမြစ်တွယ်နက်ရှိုင်းလျက်ရှိနေသည်။

အမေရိကန်ရှိ ကော်ပိုရေးရှင်းများသည် အားနွဲ့သောအလုပ်သမားများဟုဆိုနိုင်သည့် လုပ်ခလစာနည်း လုပ်သားများထံမှ တစ်နှစ်လျှင် ဒေါ်လာ ၅၀ ဘီလီယံထက်မနည်းကို ခိုးယူနေသည်ဟု လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဤတွင်ရွေ့ကား ကျွန်ုပ်အနေဖြင့် မတော်မတရားနည်းလမ်းများဖြင့် ဥစ္စာရှာဖွေကြသူ အောက်တန်းကျသည့် စိတ်ဓာတ်အညစ်အထေးရှိသူ သတ္တဝါများ၏ ဘဝဖြစ်တည်မှုကို ဓမ္မအမြင်ဖြင့် ဆင်ခြင်ကြည့်မိရာ၏။

အများပိုင်၊ ပြည်သူပိုင်၊ နိုင်ငံပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းဖြစ်ဖို့ ဝတ္ထုကာမအပေါ် ပြင်းပြသောအာသာ စွဲကပ်မှုဖြင့် ဥပဒေစည်းမျဉ်း (ဝါ) ကျင့်ဝတ်သိက္ခာချိုးဖောက်မှုကို ရဲရဲကြီးပြုလုပ်နေကြခြင်းအဖြစ် ရှုမြင်ရသည်။

ဧကန်မုကား ကိုယ်ပိုင်ပစ္စည်းဟူသမျှမှာ 'ဝတ္ထုကာမ' သာ ဖြစ်ပေရကား ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေရ၏။ ခိုက်ရန်ငြင်းခုံမှု၏ အကြောင်းဖြစ်၏။ ဝတ္ထုကာမရရှိရေးအတွက် တစ်ဖက်သားကိုညှဉ်းဆဲမှု၊ အနိုင်ကျင့်မှုဖြစ်မည်ဆိုလျှင် မျက်နှာမထောက် ညှဉ်းဆဲမှု ကိုဖြစ်စေ၏။ ဝတ္ထုကာမတို့ ပျက်စီးရချိန်တွင် သောကပရိဒေဝမီး တောက်လောက်ကုန်၏။ တပ်မက်ခြင်းကိုအကြောင်းပြုကာ မစွေ့ရစိတ်ဖြစ်ရ၏။ နိဂုံးကမ္ဘတ်ဘဝအဆုံးသတ်လေသော် အပါယ်ဘုံသို့ ကပ်ရောက်ရ၏။

ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် မကြည့်တတ်သူများအဖို့ ဝတ္ထုကာမအပေါ် တပ်မက်စိတ်ဖြင့် အာဒိန္နာဒါန (ခိုးမှု) ကို ကျူးလွန်ရန် ဝန်မလေးတော့ပြီ။

ဗုဒ္ဓစာပေများတွင် ဖော်ညွှန်းထားသည်မှာ ခိုးခြင်းအမျိုးအစား (၂၅) ပါးရှိသည်ဟု မှတ်သားရ၏။ (ကျမ်းပြုနေခြင်းမဟုတ်သဖြင့် ဤတွင် အကျယ်တဝင့်မဖော်ပြလိုတော့ပြီ)။

### တဏှာကျွန် ဘဝ

သူတော်ကောင်းစိတ်ဓာတ်ရှိသူတို့ကမူ သူတစ်ပါးဥစ္စာ ခိုးယူဖို့နေနေသာသာ တရားသဖြင့်ရှာဖွေရရှိထားသော မိမိ၏ဥစ္စာနေများကိုပင် တဏှာ၊ မာန၊ ဒိဋ္ဌိဖြင့် မသိမ်းပိုက်ဘဲ အများအကျိုးငှာ စွန့်လွှတ်ရဲသည့် သတ္တိဖြင့် ငြိကပ်တွယ်တာမှုမရှိ စွန့်ကြဲပေးကမ်းတတ်၏။ အလှူဒါနပြုတတ်၏။ မမြဲသောခန္ဓာကိုယ်ကြီးအတွက် အမိုက်ခံ၍ စီးပွားရှာခြင်းမှ ကင်းဝေး၏။ တဏှာကျွန်ဘဝမှ လွတ်မြောက်၏။


သို့ဖြစ်ပေရကား လောကီစီးပွားရှာဖွေရာတွင် ရိုးသားဖြောင့်မတ်မှုရှိကြဖို့ အရေးကြီးလှပေသည်။ ငှက်ပျောတောကိုမျောက်စောင့်ခြင်း၊ ကြက်ခြံကို ဝံပုလွေစောင့်ခြင်း မဖြစ်သင့်ချေ။ 'ဖြောင့်သော်စားမကုန်၊ ကောက်သော်စားမလောက်' ဟူသော သူတော်ကောင်းတို့၏ထုံးကို နှလုံးမူ၍ စီးပွားရှာဖွေကြရပါမည်။ မတရားရှာဖွေရရှိထားသော ဥစ္စာနေများအပေါ် ခုံမင်တွယ်တာသူမှာ ပုဂ္ဂလိကပစ္စည်းကို ခိုးယူသောသူခိုးထက်ပင် စိတ်ဓာတ်အရ အောက်တန်းကျသူဖြစ်သည်။


မြန်မာမှုနယ်ပယ်တွင် သူငယ်ချင်းအချင်းချင်း နောက်ပြောင်သောစကားအဖြစ် 'ငါ့ထက်ရိုး သူခိုးသာရှိတော့သည်' ဟူ၍ ပြောလေ့ရှိကြသည်။ ပုဂ္ဂလိကပစ္စည်းခိုးယူသော သူခိုးထက်ပင် အလုပ်ရှင်များက လူကြီးလူကောင်းဟန်ဆောင်၍ ခိုးနည်း ၁၀၀၊ လိမ်နည်း ၁၀၀၀၊ ဗုန်းနည်းအနန္တဖြင့် အများပိုင်ချွေးနှဲစာ လုပ်အားခများကို အပြည့်အဝမပေးဘဲ နည်းပေါင်းစုံဖြင့်ခိုးယူနေကြခြင်းမှာ သူခိုးထက်ပင် ကိုယ်ကျင့်တရားပျက်ပြားနေသူများအဖြစ် ကျွန်ုပ်ရှုမြင်မိသည်။

အင်းဝဘုရင် သတိုးမင်းဖျားလက်ထက်က သူခိုးကြီးတေက်ပြားကမှ လူ့အရည်အသွေးရှိသေးသည်။ အလုပ်သမားအခွင့်အရေးဥပဒေများ ရှိနေသည့်ကြားမှ ဆိုးညစ်ယုတ်မာနေခြင်းသည် 'ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ' ပုံပမာနှင့်တူလှသည်ဟု တွေးတောမိရင်း "မရိုးမသား အလုပ်ရှင်များ လုပ်အားခများ ခိုးယူသည်" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။





အမေရိကန် လောင်းဘိချ်မြို့၌ လုပ်အားခခိုးယူခံရသော အလုပ်သမားများ ဆန္ဒပြကြသည့် မှတ်တမ်းပုံ။
ဓာတ်ပုံ - bhclongbeach.org














## မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့အနှံ့ သံဖရိန်အမှိုက်အိမ်များထားရှိ

**ကော့သောင်း ဖေဖော်ဝါရီ ၂၅**
ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖေဖော်ဝါရီ ၂၁ ရက်က မြို့၏ အဓိကလမ်းဖြစ်သည့် ဗိုလ်ချုပ်လမ်းတစ်လျှောက် သံဖရိန်ဖြင့် ပြုလုပ်ထားသည့် သပ်ရပ်လှပသော အမှိုက်အိမ်အကြီးများ လိုက်လံထားရှိပေးကြောင်းသိရသည်။


အဆိုပါအမှိုက်အိမ်များအား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ် လှပစေရေး၊ နယ်စပ်မြို့ဖြစ်သည့်အတွက် နေ့စဉ်ဝင်ထွက်လည်ပတ်သည့် နိုင်ငံတကာ ခရီးသွားဧည့်သည်များနှင့် မြို့တွင်းလမ်းသွား လမ်းလာပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်နိုင်ရေး၊ စနစ်တကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာကြစေရေး ရည်ရွယ်ကာ မြို့၏အဓိကကျရာ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်နှင့် မြို့ခံပြည်သူများ အသွားအလာများပြားအနားယူလေ့ရှိသည့် နေရာများတွင် ကနဦးအနေဖြင့် အမှိုက်အိမ် ၁၅ လုံးခန့် လိုက်လံထားရှိပေးခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံခြားခရီးသွားဧည့်သည်များ လည်ပတ်လေ့လာကြည့်ရှုလေ့ရှိသည့်နေရာများ၊ ပန်းခြံများ၊ ရေဆိပ်၊ လေဆိပ် နှင့် အခြားလိုအပ်သည့် နေရာများ၌ အမှိုက်အိမ် အရေအတွက် ၅၀ ကျော်ခန့် တိုးမြှင့်ကာ ထပ်မံလိုက်လံထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်းသားများ ရပ်ကွက်အတွင်းကွင်းဆင်း

**မင်္ဂလာတောင်ညွန့် ဖေဖော်ဝါရီ ၂၅**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်နယ်ရဲတပ်ဖွဲ့မှ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် ၃/၂၀၁၇ မှ သင်တန်းသားများသည် ဖေဖော်ဝါရီ ၂၀ ရက်က ဒုရဲအုပ် ဝင်းတင့်၊ ရဲအုပ် ရဲမြင့်၊ ရဲအုပ် နိုင်ဝင်း၊ ရဲအုပ် ဇော်ဇော်ထွန်းတို့နှင့်အတူ ကန်/ရှေ့ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း ရဲလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **ကျော်စိုးမိုး**

## မန္တလေးအိမ်ခြံမြေဈေးကွက် အနည်းငယ်လှုပ်ရှား အငှားဈေးကွက်အားကောင်းပြီး ဈေးတက်



**မန္တလေး ဖေဖော်ဝါရီ ၂၅**
မန္တလေးအိမ်ခြံမြေဈေးကွက်သည် အေးနေရာမှ ဖေဖော်ဝါရီတတိယပတ်မှစတင်ကာ တဖြည်းဖြည်း ပြန်လည်လှုပ်ရှားလာသည်။ မန္တလေးမြို့တွင် အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ရှားလာသော်လည်း ဈေးများတက်ခြင်းကျခြင်းမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ် အနေအထားတွင်ရှိသည်။

မန္တလေးမြို့တွင်း ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ထက် ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကျပ်သိန်း ၃၀၀ ဝန်းကျင် ပေ ၃၀× ပေ၄၀မြေကွက်နှင့် အိမ်ပါ အသင့်နေနိုင်သော နေရာများတွင် အရောင်း အဝယ်သွက်လျက်ရှိသည်။

မန္တလေးမြို့တွင်း ဧရိယာတွင် အရောင်းထက် အငှားဈေးကွက် အားကောင်းလာပြီး ဈေးနှုန်းများလည်း နှစ်ဆခန့်မြင့်တက်လျက်ရှိသည်။ မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်အတွင်း လုံးချင်းများငှားရမ်းမှု ဈေးနှုန်းမြင့်တက်နေပြီး ယာယီနေထိုင်မှုဗီဇာဖြင့် မန္တလေးမြို့သို့ လာရောက်စီးပွားရေးလုပ်ကိုင်ကြသော တစ်ဖက်နိုင်ငံသားများ ငှားရမ်းမှုများပြားသည်။ မန္တလေးမြို့လယ်ရှိတည်ဆောက်ပြီး ကွန်ဒိုများတွင် ဝယ်ယူခြင်း၊ ငှားရမ်းနေထိုင်ခြင်း နည်းပါးကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

## တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်သော လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**သဲကုန်း ဖေဖော်ဝါရီ ၂၅**
ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မှ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်သည့် အင်းမရေထိန်းတမံအကူရေတံခါး ခြောက်ပေါက် အဆောက်အအုံ ကြံ့ခိုင်မှုရှိစေရေးနှင့် ရေစီးထွက်ရာလမ်းကြောင်း ရေတိုက်စားမှုထပ်မံမဖြစ်ပေါ်စေရေးတို့အတွက် ရေတံခါးချပ်များတပ်ဆင်ခြင်းနှင့် ရေစီးထွက်ရာလမ်းကြောင်း ကျောက်ကြီးနံရံကာရံခြင်းဆောင်ရွက်နေမှုတို့အား ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် ဖေဖော်ဝါရီ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့် ဦးစီးအရာရှိ ဦးဝင်းဌေးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်တို့အား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သူရအောင် (ပြည်)**

## ပဲခူးမြို့တော်ခန်းမအားအကြီးစားပြင်ဆင်

**ပဲခူး ဖေဖော်ဝါရီ ၂၅**
ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ မြို့တော်ခန်းမကြီးအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်သိန်း ၁၅၀၀ ကျော်အကုန်ကျခံကာ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြို့တော်ခန်းမ၏အမိုးများနှင့် မျက်နှာကြက်များ ပေါက်ပြဲကာ ပျက်စီးနေခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၁၅၄၆ သိန်း အကုန်ကျခံကာ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများကို မတ်လနောက်ဆုံးပတ်အတွင်း ပြီးစီးအောင် ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ အကြီးစားလုပ်ငန်းခွင်သို့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ဖေဖော်ဝါရီ ၂၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်နိုင်က လုပ်ငန်းခွင်ဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းတင်ပြပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။ **တင်စိုး(ပဲခူး)**

## နွေဦးရာသီတွင် ဒီးဒုတ်ရေပြာအိုင်သို့ လာရောက်အပန်းဖြေသူများပြား

**မန္တလေး ဖေဖော်ဝါရီ ၂၅**
နွေဦးရာသီတွင် ဒီးဒုတ်ရေပြာအိုင်သို့ လာရောက်အပန်းဖြေသူများပြားလျက်ရှိသည်။ ဒီးဒုတ်ရေပြာအိုင်တွင် မိုးရာသီနှင့် နွေရာသီတွင်လာရောက်သူများပြားပြီး လက်ရှိ နွေဦးရာသီရုံးပိတ်ရက်များတွင် တစ်နေ့လူ ၁၀၀၀၀ နီးပါးခန့်လာရောက်အပန်းဖြေကြောင်းသိရသည်။

ယခုအခါ ဒီးဒုတ်ရေပြာအိုင်မရောက်ခင် ခုနစ်မိုင်ကမ်းခြေ၊ ခြောက်မိုင်ကလေးကစားကွင်း၊ သုံးထပ်ရေတံခွန်တို့ အသီးသီးရှိနေသော်လည်း သဘာဝအလှအပများဖြင့် ပျော်ရွှင်ဖွယ်ကောင်းသည့် ဒီးဒုတ်ရေတံခွန်သို့ လာရောက်မှုများပြားလျက်ရှိသည်။ ကြားရက်များတွင်မူ တစ်နေ့လျှင်လူ ၁၀၀၀ ကျော်လာရောက်အပန်းဖြေကြသည်။

ဒီးဒုတ်ရေတံခွန်နှင့် ရေပြာအိုင်သို့ နိုင်ငံတကာခရီးသွားဧည့်သည်များနှင့်အတူ ပြည်တွင်းခရီးသွားဧည့်သည်များ အများစု လာရောက်ကြသည်။ အများစုမှာသဘာဝအတိုင်းတည်ရှိနေသော တောင်တက်လမ်းအတိုင်းတက်ရင်း တောင်တက်ခြင်းရသကိုခံစားကြရသည်။ တောင်တက်ရန်အတွက် ဝါးတောင်ဝှေးကလေးများကိုလည်း မများသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ တောင်တက်ရန်အတွက်ဖိနပ်များကိုလည်း ငှားပေးသည့် ဆိုင်များရှိနေသည်။



ဒီးဒုတ်ရေပြာစမ်းတွင် အများစုသွားလာသောနေရာမှာ ၁၀ထပ်နေရာပင်ဖြစ်သည်။ တောင်ကျရေတံခွန်များကလှသလို ရေပြာအိုင်မှာကျယ်ပြန့်လှပပြီး ရေကစား၍ ကောင်းသောနေရာပင်ဖြစ်သည်။ အများစုမှာ ၁၀ ထပ်ရှိ ရေပြာအိုင်တွင်ရေချိုးကာ အနားယူအပန်းဖြေကြသည်။ ကျောက်တုံးများပေါ်တွင်စားဖွယ်များတင်ကာစားလေ့ရှိသည်။ အဝတ်လဲခန်းများ၊ စားသောက်ဆိုင်များရှိပြီး လူစည်ကားလှသည်။

ရေကစားရာတွင် အန္တရာယ်ကင်းစေရန် ဘောကွင်းများလည်း ငှားပေးလေ့ရှိသည်။ ဒီးဒုတ်ရေပြာစမ်းမှတောင်ကျရေများကို မျက်နှာသစ်ခြင်း၊ ရေချိုးခြင်းပြုပြီးသည်နှင့် တောင်တက်လာ၍မောပန်းခဲ့သမျှ အမောပြေသွားလေ့ရှိသည်။ လက်ရှိကာလတွင် ဒီးဒုတ်ရေပြာစမ်းသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေမှုများပြားလျက်ရှိကြောင်းသိရသည်။ **တိမ်တမန်**



## ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ကျောက်ဖြူမြို့သို့ ရောက်ရှိကာ ဒေသခံများအား ဆေးကုသပေး

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၅**
ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် တပ်မတော်နယ်လှည့်အထူးဆေးကုအဖွဲ့သည် ကျောက်ဖြူမြို့ အမှတ်(၁)၊ (Posco DAEWOO)ဆိပ်ခံတံတားသို့ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီခွဲက ရောက်ရှိလာရာ ကျောက်ဖြူမြို့ရှိ ဌာနဆိုင်ရာများနှင့် ပညာရေးဌာနမှဆရာ ဆရာမများ၊ ရေတပ်ဌာနချုပ်မှူးနှင့် စစ်သည်များက ကြိုဆိုခဲ့ကြသည်။

ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း ဦးဆောင်သော တပ်မတော်နယ်လှည့်အထူးဆေးကုအဖွဲ့သည် ကျောက်ဖြူမြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း အမျိုးသား ၁၃၇ ဦး၊ အမျိုးသမီး ၁၉၀ တို့အား ကုသပေးခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**(ယမန်နေ့မှအဆက်)**

၃၇။ (က) စစ်ဆေးရေးအရာရှိများသည် လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ၊ အန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများ ဖြစ်ပွားကြောင်း သိရှိရပါက စုံစမ်းစစ်ဆေးရမည်။

(ခ) မည်သူမဆို ဖြစ်ပွားခဲ့သည့် လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများ၊ အန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများနှင့် သက်ဆိုင်သည့်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများ၊ နေရာအခင်းအကျင်းများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

(ဂ) ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်သည် အသက်အိုးအိမ်စည်းစိမ်၊ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သောလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) စစ်ဆေးရေးအရာရှိချုပ်သည် လုပ်ငန်းခွင်ဆိုင်ရာရောဂါများ ဖြစ်ပွားဖွယ်ရှိသော သို့မဟုတ် လုပ်ငန်းခွင်မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုများဖြစ်ပွားဖွယ်ရှိသော ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများနှင့် နေရာအခင်းအကျင်းကို ဖယ်ရှားခြင်း၊ ဖြုတ်သိမ်းခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း တို့ကိုဆောင်ရွက်ရန်အလုပ်ရှင်အားခွင့်ပြုနိုင်သည်။

၃၈။ အမျိုးသားကောင်စီသည် အန္တရာယ်ရှိသောဖြစ်ရပ်များ ဖြစ်ပွားခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားခြင်းနှင့် ကြီးမားပြင်းထန်သော လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများကို လိုအပ်ပါက စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေး ကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၃၉။ ပုဒ်မ ၃၈အရ ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍-

(က) ပုဒ်မ ၃၈ ပါ ကိစ္စအတွက် စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်ဖြင့်သာ စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သောနေရာသို့ ဝင်ရောက်စစ်ဆေးနိုင်ခွင့်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးရန် ဆင့်ဆိုခြင်း၊ စုံစမ်းမေးမြန်းခြင်းနှင့် စစ်ဆေးချက်များ ရယူခြင်း ပြုနိုင်သည်။

(ဂ) လိုအပ်သည့် စာရွက်စာတမ်း၊ စာရင်းဇယား၊စာချုပ်၊ သက်သေခံ အထောက်ထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို ရယူနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်တို့ပါဝင်သော အစီရင်ခံစာကို အမျိုးသားကောင်စီထံသို့ စုံစမ်းစစ်ဆေးပြီး ခုနစ်ရက်အတွင်း တင်ပြရမည်။

### အခန်း (၁၁)
### စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ ၊ သင်တန်းပေးသူအဖြစ်ဆောင်ရွက်ခြင်း

၄၀။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူအဖြစ် လည်းကောင်း၊ သင်တန်းပေးသူအဖြစ် လည်းကောင်း လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ကိုက်ညီပါက အသိအမှတ်ပြု လက်မှတ်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၁။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကို စိစစ်၍ စမ်းသပ်စစ်ဆေး ပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့် မကိုက်ညီပါက ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်အခါ ဝန်ကြီးဌာနကသတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူများကို မှတ်ပုံတင်ထားရမည်။

၄၂။ (က) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)အရ အသိအမှတ်ပြုလက်မှတ်ရရှိသူသည် အသိအမှတ်ပြုလက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်၍ လုပ်ကိုင်လိုသည့်အခါ အသိအမှတ်ပြုလက်မှတ်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြု လက်မှတ်သက်တမ်း တိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး အသိအမှတ်ပြုလက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်မကိုက်ညီပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။ အသိအမှတ်ပြု လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြု လက်မှတ်သက်တမ်းတိုးမြှင့်ပေးရမည်။

၄၃။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူသည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်းတွေ့ရှိပါက အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ကို သတ်မှတ်ချက်များနှင့် အညီ အလုပ်ရှင်အား ထုတ်ပေးရမည်။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူသည် ဦးစီးဌာနက သတ်မှတ်ပေးသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

### အခန်း (၁၂)
### စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၄။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)အရ ကြိုတင်ခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)အရ လုပ်ငန်းလိုင်စင်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူအား အကြောင်းကြားစာ လက်ခံရရှိပြီး ခုနစ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဃ) ပုဒ်မခွဲ (ဂ)ပါ အလုပ်ရှင်၏ ဖြေရှင်းချက်အပေါ် ခိုင်လုံသော အကြောင်းပြချက်မရှိကြောင်း တွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်း အရ သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို ကာလ သတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

၄၅။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူက အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းကြောင်း တွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာပေးပို့ရမည်-

(၁) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆောင်ရွက်ခွင့်ရရှိရန် လျှောက်ထားရာတွင် မမှန်မကန် တင်ပြခဲ့ခြင်း၊

(၂) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူ အဖြစ်ဆက်လက်လုပ်ကိုင်ရန် သင့်လျော်မှုမရှိတော့ခြင်း၊

(၃) ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအား အကြောင်းကြားစာ လက်ခံရရှိပြီး ခုနစ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဂ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူ၏ ပုဒ်မခွဲ (ခ)ပါ ဖြေရှင်းချက်အပေါ် ခိုင်လုံသောအကြောင်းပြချက် မရှိကြောင်း တွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော အသိအမှတ်ပြုလက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

### အခန်း(၁၃)
### အယူခံခြင်း

၄၆။ (က) စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများက ပုဒ်မ ၂၀ အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် အဆိုပါအမိန့်ချမှတ်သည့် သို့မဟုတ် တားမြစ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အမျိုးသားကောင်စီက ဖွဲ့စည်းပေးသည့် အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံမှုကိုစိစစ်ပြီး စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ အမိန့် သို့မဟုတ် တားမြစ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၇။ (က) ပုဒ်မ ၄၄ အရ ဖြစ်စေ၊ ပုဒ်မ ၄၅ အရဖြစ်စေ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း၃၀ အတွင်း အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံမှုကို စိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၈။ အယူခံမှုများနှင့်စပ်လျဉ်း၍ အယူခံကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၄၉။ ညွှန်ကြားရေးမှူးချုပ်၏ ပုဒ်မ ၄၄ အရ ကြိုတင်ခွင့်ပြုချက်လက်မှတ်ကို ပယ်ဖျက်သည့်ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၄၅ အရ အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်သည့်ဆုံးဖြတ်ချက်ကိုဖြစ်စေ အယူမခံလျှင် ရက်ပေါင်း (၃၀) ပြည့်ပြီးနောက် ခုနစ်ရက်အတွင်း သို့မဟုတ် အယူခံသော်လည်း အယူခံကော်မတီက ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်၏ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် ထုတ်ပေးထားသည့် ကြိုတင်ခွင့်ပြုချက်လက်မှတ်၊ လုပ်ငန်းလိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

### အခန်း (၁၄)
### တားမြစ်ချက်များ

၅၀။ မည်သူမဆို-

(က) ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဤဥပဒေ၏ ရည်ရွယ်ချက်နှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုအတွက် အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း မပြုရ။

(ခ) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော လုပ်ငန်းလိုင်စင်မရှိဘဲ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်း မပြုရ။

(ဂ) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ် မရှိဘဲ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူ အဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၅၁။ မည်သည့်အလုပ်ရှင်မဆို-

(က) ပုဒ်မ ၂၀ အရ လုပ်ငန်းခွင် သို့မဟုတ် လုပ်ငန်းစဉ်အား ရပ်နားထားရန်ဖြစ်စေ၊ ပိတ်ရန်ဖြစ်စေ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများက ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ။

(ခ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ )အရ သတ်မှတ်ထားသော စည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်ခြင်းမပြုရ။

(ဂ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) အရ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိက ထုတ်ပြန်သည့်ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ။

(ဃ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)အရ သတ်မှတ်သည့်ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ခြင်းမပြုရ။

(င) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (တ)အရ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အန္တရာယ်ရှိနိုင်သော လုပ်ငန်းများတွင် အလုပ်သမားများအား သတ်မှတ်ထားသည့် အလုပ်ချိန်ထက် ကျော်လွန်စေခိုင်းခြင်း မပြုရ။

(စ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ထ) အရ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်များကို တာဝန်ယူကျခံရန် ပျက်ကွက်ခြင်းမပြုရ။

၅၂။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)အရ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ လုပ်ငန်းခွင် မတော်တဆထိခိုက်မှု၊ အန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများနှင့် သက်ဆိုင်သည့်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများ၊ နေရာအခင်းအကျင်းများ အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

၅၃။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကိုထမ်းဆောင်သည့် မည်သည့် ပုဂ္ဂိုလ်မျှ မိမိ၏ရာထူးဆိုင်ရာ တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ သိရှိလာသည့် လုပ်ငန်းဆိုင်ရာလျှို့ဝှက်ချက် တစ်ခုခုနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရာထူးတာဝန်ထမ်းဆောင်နေစဉ်တွင်သော်လည်းကောင်း၊ ရာထူးတာဝန်မှ အနားယူပြီးနောက်တွင်သော်လည်းကောင်း တရားရုံးတွင် သက်သေခံသည်မှအပ မည်သူကိုမျှ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

### အခန်း(၁၅)
### ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၄။ မည်သည့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အရာရှိမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ်၁၀သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၁၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) မှ (ဏ) အထိ၊ ပုဒ်မ ၂၉နှင့် ပုဒ်မ ၃၁ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၅၆။ မည်သည့် အလုပ်သမားမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (င) နှင့် (ဆ)မှအပ ကျန်ပုဒ်မခွဲများပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၃၀၀၀၀ ထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၇။ မည်သည့် အလုပ်သမားမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (င) နှင့် (ဆ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တမင်ကြံရွယ်ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူကို ၃ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှ**

၅၈။ မည်သည့်အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့်စက်ပစ္စည်းကိရိယာများ ဒီဇိုင်းပုံစံရေးဆွဲသူ၊ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ တင်ပို့သူ၊ ရောင်းချသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့်ဖြိုဖျက်သူမဆို ပုဒ်မ ၃၃ နှင့် ၃၄ တို့ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ မည်သည့် အသိအမှတ်ပြု ဆရာဝန်မဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ မည်သည့် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူမဆို ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သည့်အလုပ်ရှင်မဆို -

(က) ပုဒ်မ ၅၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်ဒဏ်ချမှတ်ခြင်း ခံရပြီးနောက် ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ပါက နောက်ထပ်ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်သည့် နေ့ရက်အသီးသီးအတွက် ထိုသူကို တစ်ရက်လျှင် ကျပ် တစ်သိန်းစီဖြင့် ငွေဒဏ်ချမှတ်ရမည်။

၆၄။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၅၁၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ (စ)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၆။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကိုထမ်းဆောင်သည့် မည်သည့်ပုဂ္ဂိုလ်မဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၆)**

**မတော်တဆထိခိုက်မှု ကာကွယ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း**

၆၈။ အမျိုးသားကောင်စီသည် အလုပ်ရှင်၊ အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် လှုပ်ရှားမှုများနှင့် လုပ်ငန်းများ၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး မြှင့်တင်ရန်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ။

**အခန်း (၁၇)**

**အထွေထွေ**

၆၉။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်နေလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့်လုပ်ငန်းခွင်ကိုမဆို သင့်လျော်သည့် ကာလအပိုင်းအခြားအတွင်း စည်းကမ်းချက်များ သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ကာလအပိုင်းအခြားသတ်မှတ်၍ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၇၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကောင်စီအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသောစရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇၂။ အမျိုးသားကောင်စီ၏ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၇၃။ ဤဥပဒေအရ လိုအပ်၍ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်နှင့် ရုံးအဖွဲ့ကုန်ကျစရိတ်အဝဝကို ဝန်ကြီးဌာန ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၇၄။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သော စစ်ဆေးရေးအရာရှိကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၇၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၆။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကောင်စီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---



## စာဖတ်သူတိုးပွားလာစေရေးအတွက် မိုဘိုင်းစာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ငါ့သရောက် ဖေဖော်ဝါရီ ၂၄**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုး၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း စာဖတ်သူများတိုးပွားလာစေရေးအတွက် မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းများ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ငါ့သရောက်မြို့ အမှတ်(၂)ဈေးကုန်းရပ်ကွက်အနီး ဗိုလ်ချိုဈေးနှင့် ငါ့သရောက်မြို့ ပြည်သူ့ကျန်းမာရေးဆေးရုံသို့ သွားရောက်၍ ဒေသခံပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် မိုဘိုင်းစာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ မိုဘိုင်းစာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ဗိုလ်ချိုဈေးရှိ ဈေးသူ ဈေးသားများနှင့် ဈေးဝယ်လာသည့် ပြည်သူများ စုစုပေါင်း ၄၅ ဦးခန့်၊ ပြည်သူ့ကျန်းမာရေးဆေးရုံရှိ ဆရာ ဆရာမများနှင့် လူနာစောင့်များ စုစုပေါင်း ၃၀ တို့က စိတ်ဝင်တစား လာရောက်ငှားရမ်းဖတ်ရှုကြပြီး မြို့နယ်ဦးစီးမှူးဒေါ်အေးအေးမိုးနှင့် ဝန်ထမ်းများက သုတ၊ ရသ စာအုပ်စာစောင်များနှင့် ဂျာနယ်မျိုးစုံတို့ကို အချိန်တစ်ပတ်ခန့် ပြန်အပ်စနစ်ဖြင့် အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## တောင်သူများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ အသိပညာပေးဟောပြော

**ကော့မှူး ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာတွင် တောင်သူလယ်သမားများ သိသင့်သိထိုက်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုဦးစီးမှူး ဒေါက်တာသဲစုခိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုလက်ထောက်ကြီးကြပ်ရေးမှူး ဦးနေလင်းထွန်းတို့က စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာ သိကောင်းစရာများနှင့် မွေးမြူရေးအသိပညာပေးဆိုင်ရာများကို ဟောပြောခဲ့ကြကြောင်းသိရသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့ကုန်းကျေးရွာမှ ကျေးရွာသူကျေးရွာသား ၁၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## မင်းဘူးမြို့၌ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်ပွဲ ကျင်းပ



**မင်းဘူး ဖေဖော်ဝါရီ ၂၄**

ဝန်ထမ်းများအနေဖြင့် လူ့အခွင့်အရေးများကို လေးစား လိုက်နာတတ်၊ ကျင့်သုံးတတ်ရန်နှင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတရားနှင့် ဗဟုသုတများ ရရှိစေရန်၊ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သောအဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မင်းဘူးခရိုင်အတွင်းရှိ အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်၉ နာရီက မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က အလုပ်ရုံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၊ တိုင်တန်းချက်များနှင့် နယ်မြေအတွင်း လူ့အခွင့်အရေးဖြစ်စဉ်များအား ဆွေးနွေးပို့ချပြီး ၎င်းသင်တန်းသို့ မင်းဘူးခရိုင်အတွင်းရှိ အစိုးရအရာထမ်း ၅၀ တက်ရောက်ခဲ့သည်။ **(ဖိုးပြည့်)**

## စားသုံးရန်မသင့်သော အစားအသောက်များ၊ သက်တမ်းလွန်ပစ္စည်းများရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ဒီးမော့ဆို ဖေဖော်ဝါရီ ၂၅**

စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးနိုင်ရန်အတွက် နိုင်ငံတော်မှ တားမြစ်ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော အစားအသောက်များ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေးနှင့် ထုတ်ကုန် လုံခြုံစိတ်ချမှုရှိစေရေးအတွက် ခရိုင်အတွင်းရှိ ဈေးများ တစ်လတစ်ကြိမ် ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့မဈေးအတွင်း သက်ဆိုင်ရာဌာနများ ပါဝင်သော အဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးအတွင်း စားသုံးရန်မသင့်သောအစားအသောက်များ၊ သက်တမ်းလွန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိကို ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြို့ရီနှင့် တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ သက်တမ်းလွန် စားသုံးဆီများ တွေ့ရှိရ၍ သိမ်းဆည်းခဲ့သည်။

ယင်းသို့ သက်တမ်းလွန်ဆီများ ဆက်လက်ရောင်းချခြင်း မရှိစေရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


သီတာ
အာမခံစိန်ရွှေရတနာဆိုင် (၁၅ ပဲရည်ပြည့်)
၂၀၁၇ မဟာသင်္ကြန် ကံစမ်းမဲ အထူးအစီအစဉ်
( ၁-၃-၂၀၁၇ မှ ၁၂-၄-၂၀၁၇ အထိ )
မိတ်ဟောင်း/မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သော အနေဖြင့် သီတာရွှေဆိုင် (၃)ဆိုင်လုံးတွင် ရွှေထည်များ နှင့် အခြားဆုမဲပေါင်းများစွာကို ချက်ချင်းပေါက် ချက်ချင်းယူ ကံစမ်းပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်
၁၅ ပဲရည်ပြည့် ရွှေထည်များကို ပန်းထိမ်ပင်ရင်း အလျော့တွက်ဖြင့် လက်လီ / လက်ကား ရောင်းချပေးနေပါသည်။
ငွေ (၃) သောင်းဝန်းကျင်ဖြင့် ရွှေထည်များ၊ ငွေ (၅) သောင်းဝန်းကျင်ဖြင့် အီတလီ နိုင်ငံထုတ် ပလက်တီနမ်များ ရောင်းချပေးနေပါသည်။
ငွေ (၁ သိန်းခွဲ) ဝန်းကျင်ဖြင့် စိန်ထည်လှလှ လေးများကို ဝယ်ယူဝတ်ဆင်နိုင်သည်။
စိန်အလွတ်များကို (၁) ပွင့်မှ စ၍ လိုသလောက် ရတီချိန်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
ငွေစုလိုသူများအတွက်လည်း ရာနှုန်းပြည့် သန့်စင်ပြီး အခေါက်တုံးများကို (၁) ရွေးမှစ၍ လိုသလောက်ရရှိနိုင်ပါသည်။
Order ထည်များကို လက်ရာကောင်းမွန်စွာဖြင့် အထူးပြုလုပ်ပေးနေပါသည်။
သီတာရွှေဆိုင်မှ ဝယ်ယူထားသော ပစ္စည်းများအား ဆိုင်ခွဲ (၃) ဆိုင်လုံးတွင် ဘောင်ချာနှင့် တကွ အချိန်မရွေး ရောင်းချ / လဲလှယ်နိုင်ပါသည်။
ရွှေဈေးများကိုလဲ အချိန်မရွေးဆက်သွယ် စုံစမ်းနိုင်သည့်အပြင် အသေးစားပြင်ဆင်မှုများကိုလဲ အခမဲ့ အထူးဝန်ဆောင်မှု ပေးနေပါသည်။
သီတာရွှေဆိုင် (၃) ဆိုင်လုံးတွင် နေ့စဉ် ပိတ်ရက်မရှိ ဂျာသက်ပန် ပွင့်လှစ်လျက် ရှိပါသည်။
ရုံးချုပ် - အမှတ် (၁၈၂)၊ အာနန္ဒာဘုရားလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၅၅ ၁၃၇၈၊ ၀၁ - ၈၅၅ ၁၃၇၉
ဆိုင်ခွဲ (၁) - အမှတ် (၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ (အင်းဝမှတ်တိုင်အနီး) ဖုန်း - ၀၁ - ၂၃၃ ၂၄၆၄ ၊ ၀၉ -၉၇၀၀၉၃၇၃၁
ဆိုင်ခွဲ (၂) - အမှတ် (၉၃၀) ၊ (၁)လမ်း၊ လေးထောင့်ကန်လမ်းမကြီး၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ (စံပြဈေးမှတ်တိုင်အနီး) ဖုန်း - ၀၁ - ၅၇၉ ၃၅၄၊ ၀၉ -၉၇၀၀၉၃၇၃၂
ဆိုင်ခွဲ (၃) - အမှတ် (၃၃)၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းဈေးကြီးရှေ့ (ဆ/က) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၅၅ ၀၆၀၁၊ ၀၉ -၉၇၀၀၉၃၇၃၃

# လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်



ပဥ္စမအကြိမ် လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပြသယှဉ်ပြိုင်ရန် ရုပ်ရှင်များဖိတ်ခေါ်ခြင်း

| | | |
|---|---|---|
| ရုပ်ရှင်ပွဲတော်အကြောင်းအရာ | း | လူ့အခွင့်အရေး |
| ရုပ်ရှင်အမျိုးအစား | း | Documentary၊ Short၊ Animation |
| ရုပ်ရှင်များလက်ခံမည့်နောက်ဆုံးရက် | း | ၁၁ရက် ဧပြီလ ၂၀၁၇ခုနှစ် |
| ချီးမြှင့်မည့်ဆု | း | အောင်ဆန်းစုကြည်ဆု၊ မင်းကိုနိုင်ဆု၊ ဟဲသာ၀တီဦးဝင်းတင်ဆု၊ မတ်၁၃ဆု |
| ပြိုင်ပွဲဝင်ပုံစံရယူရန် | း | www.hrhdiff.org |
| ရုပ်ရှင်များပေးပို့ရမည့်လိပ်စာ | း | အခန်း (အေ)၈၀၇၊ စလ္လာ၊ တာဝါ(အေ)၊ ဇမ္ဗူ Ocean၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၄၅၀၀ ၅၂၃၈၂ |

လူသားတိုင်းသည် မွေးဖွားကတည်းက လွတ်လပ်၍ညီမျှသော အခွင့်အရေးနှင့်ဂုဏ်သိက္ခာရှိသည်

YANGON BUSINESS ACADEMY (YBA)
Ideaustry Training & Consultancy

လူဦးရေကန့်သတ်ချက်ကြောင့်First batchတွင်မတက်ရောက်လိုက်ရသူများအတွက် Second Batch သင်တန်းဖွင့်ပါပြီ။

## Finance for Non-Finance Managers



Trainer : Mr. Ong Aik Peng, Roy

သင်တန်းပြီးဆုံးသောအခါ Yangon Business Academy နှင့် Ideaustry Training and Consultancy (Singapore) တို့မှ ပူးတွဲပေးအပ်သော Certificate ကို ရရှိမည် ဖြစ်ပါသည်။

| | |
|---|---|
| သင်တန်း အချိန် | - Sat / Sun 8:30 to 5:30 |
| သင်တန်းကာလ | - (16 Hours) 2 Days |
| သင်တန်းစတင်မည့်ရက် | - 4 Mar 2017 |
| သင်တန်းကြေး | - 150,000 Kyat (လူဦးရေ ၂၀ သာလက်ခံပါမည်။) |

Enroll Now
Early Bird Discount 10%

Block C, Level 9, Room-901, Dagon Centre (1), Bargayar Road, San Chaung Township, Yangon, Myanmar.
Tel: +959 457 200 400, +959 457 200 500, +959 457 200 600

## အင်္ဂလိပ်ဘာသာစကားသင်တန်း

Cambridge ရေး/ဖတ်/ပြော/ကြား

IELTS Foundation

ခြံအမှတ်(၁၃၂)၊ယုဇနလမ်း၊(၃၄)သစ်တောမြောက်ဒဂုံ။

Ph: 09 421124364

" Smarter Kids for a Better World ! "

ဦးရဲကျော်လတ်
M.A.(UFL)

SUMMER ENGLISH
Basic Grammar & Speaking
Grade 2 to Grade 9

အင်္ဂလိပ်စကားပြောသင်တန်းကျောင်း

RESEARCHERS

အခြေခံသဒ္ဒါနှင့်စကားပြောသင်တန်း

| Opening Date | Class | Time | Duration |
|---|---|---|---|
| 1. 3. 2017 | Evening TUE, WED, THU | (6:00 to 8:00) pm | 4 months |

ဖုန်း- ၀၉ ၂၅၀၁၆ ၂၀၃၇၊ ၀၁ ၂၀၃၇၂၊ ၀၉ ၅၆၇၀၂၇

IELTS
ဆရာသန့်နိုင်
09-5136158
09-965136158
Dip in English (YUFL)

SECURE A PASSPORT TO A BRIGHTER FUTURE BY LEARNING WITH SAYA AND SHARPEN YOUR 4 SKILLS WITH IELTS

ပညာသင်နှစ်သစ်အတွက်အထူးသင်တန်းများရှိသည်။
Foundation Classes(3 Month)
Exam Preparation (3 Month)

ACE®
KOREA HI-TECH
PE WATER TANK



* ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
* သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကုန်ကြမ်းသားများ)
* နှစ်(၁၀)အာမခံပါသည်။
* Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီ → anti-bacteria BACTECIDE® ပြုလုပ်ပြီး

HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အခမဲ့ပို့ပေးပါသည်။

Ph: 01 684743, 09 73094221, 09 450048469
အမြိုမြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။


## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၅၃)၊ လမ်း(၉၀) ကန်နောက်ရပ်ကွက်တွင် နေထိုင်သော အဖ ဦးဆူနာရနား (MTNT-၀၀၇၃၅၃)၏သမီး မမြမြမိုး(ခ) မမိုးမြမြသည် အမည်တစ်ဦးတည်း ဖြစ်ပါကြောင်း။


မဟာလာဘသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
14' Box ကားများဖြင့်
ရန်ကုန်မြို့တွင်း/နယ်ဝေး
အထောက်အထား
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

5 in 1 EPIC ကလေးပြုစုပျိုးထောင်ရေး

1 ENGLISH 2 MATHS 3 MUSIC 4 COMPUTING 5 PAINTING

SUMMER PROGRAM
PH : 09 799 111 512, 09 32 234 888
Email: info@epiceducationmyanmar.com Facebook: epiceducationmyanmar
ADMISSION FREE TEXT BOOK FREE

SUMMER ENGLISH COURSE
English Time Series
Basic Grammar
Stars' Choice
Knowledge, Values
Fun Games
Joyful Melody
March 6 to May 25
Age 5 to 12 years
Room(101), No (35), Phyar Pone Street, Sanchaung Tsp, Yangon.
Ph : 09421127523 , 0973125683


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄ ၊ လူနေရပ်ကွက်အမှတ်- န၀ဒေးအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်- ၁၂၅၇ + ၁၂၅၈၊ ဧရိယာ- ၀.၇၅၈ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရီရီသာ (၁၂/ကမရ (နိုင်) ၀၄၈၁၇၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူနိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၁-၃၅၀၀၀။

ပျောက်သွားသည် အသက်

# pkw;&pyfwkd;rm;r*vm{nfty;au;Zlwifvm

ရန်ကုန်မြို့နေ Captain ငွေးဝင်း-ဒေါ်သင်းခိုင်
တို့၏သားကြီး

**ဒေါက်တာညဏ်ထွန်းလင်း M.B.,B.S(YGN),**
M.Sc,Diabetes Care and Management(Glasgow)
Clinical Fellow (Department of Diabetes and Endocrinology,
Northampton General Hospital, NHS Trust, UK)

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်ဆွေ(ဌာနမှူး(ငြိမ်း)၊ ရန်ကုန်စည်ပင်၊ MD (မဂ္ဂင်ဆောက်လုပ်ရေး)]-
ဒေါ်ဝေဝေသန်း တို့၏ သမီးလတ်

**ဒေါက်တာသီတာမြင့် M.B.,B.S(YGN)**

တို့၏ ၂၅-၂-၂၀၁၇ရက်၌ MELIA Hotel, Grand Ballroom တွင် ကျင်းပပြုလုပ်ခဲ့သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ် ထိမ်းမြားပေးပြီး မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးပါသော သီရိပျံချီဦးကိုလေး-ဝန်ကြီး (ငြိမ်း)နှင့် ဇနီးဒေါ်ခင်ခင်တို့အားလည်းကောင်း၊ လူကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

"အစ်ကိုကြီးသမီးလေ နားကွင်းဝတ်ချင်တယ်ဆိုလို့ သင့်တော်တာလေးပြပေးပါဦး"ဟူသတတ်။ ။

## တို့ရွာရှုခင်း

ရွာဝင်လမ်းဝယ် စေတီငယ်နှင့်
ကန်ရေပြင်ညီ ကြာဖြူနီတို့
စီရီဖူးပွင့် လှချင်းဆင့်သည်
ထိုသည်ရွာပန်းချီ။
လယ်ကွင်းစိမ်းစိမ်း လေယိမ်းယိမ်းမယ်
တိမ်းညွှတ်ပျော်မြူး အလှထူးသည့်
ပင်ပျိုစပါး ကောက်နံ့များသည်
ယိမ်းထိုးကခုန် လှသွေးစုံ။
ဥသြမြည်သံ ခလောက်သံနှင့်
သံသာဟစ်ကြွေး နွားကျောင်းတေးတို့
ပျံ့ဝဲလွင့်နေ လယ်ကွင်းမြေ၌
သာသာယာယာ တေးသံဖြာ။
ပလိုင်းတစ်ဖက် ကွန်တစ်လက်နှင့်
သားငယ်ယောကျ်ား ခြောက်နှစ်သားကို
လက်ဆွဲခေါ်ယူ နွံထူထူ၌
ခြေကုန်ပြိုင်ရန်း ကိုမဲလုံးသည်
ငါးပွက်ရေဆီ လှမ်းလာချေပြီ
ဤသည်တံငါ နေ့ဝမ်းစာ။
စိတ်ထားဖြူဖြူ ကျေးတောသူတို့
ထဘီတိုဝတ် ရေအိုးဆင့်၍
ညနေဝယ်ရီ ကန်ပြင်ဆီသို့
ရေခပ်ဆင်းကြပြီ။

**တိမ်ညိုမြင်း**

## နွေ၏ အလှ

တဆစ်ဆစ်ကြွေ ရော်ရွက်တွေနဲ့
လေပွေဝှေ့ယမ်း ဖုန်ဝှေ့ကြမ်းကြမ်း
နွေဦးအစ ဂိမှာန်လဟု
ငှက်ဥသြရှင် ပြယုဂ်ထင်၏။
ရာသီအလှ နီစွေ့မှျတင့်
လွမ်းရှုစရာ သာသာယာယာ
နွေဦးအစ ဒီနွေလမှာ
မှန်းဆလွမ်းတေး သီကျူးဆွေး၏။
တပေါင်းလမူ ဗုဒ္ဓပူဇော်
စိတ်တူဖြတ်သန်း ကုသိုလ်မှန်းသည်
တန်ခူးလထူး ပိတောက်ဖူးလို့
စိတ်ဝယ်မြူးထူး နှစ်သစ်ကူး၏။
ကဆုန်လတွင် မနော၌ရှင်၍
ညောင်ပင်ဗောဓိ သွန်းဖျန်းဘိသည်
နယုန်လပွဲ စာတော်နွှဲဆင်
စိတ်စွဲမြင်မိ ကြည်နူးဘိ၏။
နွေလလေးလ လှပရ၍
နွေအလှညီ ငှက်တေးသီကြ
နွေသရုပ်လွင် နွေတစ်ခွင်လှ
နွေသွင်သွင်ပေါ် နွေဟုခေါ်၏။

**ဘုဏ်းနွယ် ( ဟသ်ာမြေ )**

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# စာတတ်ဖို့ အဓိကလား

အေးမြတ်မြတ်ဖြိုး(ကံမ)

ဒီနေ့ခေတ် ကျွန်မတို့ရဲ့ အခြေခံကျောင်းတွေမှာ မြန်မာ-အင်္ဂလိပ်-သင်္ချာ-ပထဝီ-သမိုင်း-ဘောဂ-ရူပ-ဓာတု-ဇီဝ ဆိုတဲ့ ဘာသာရပ်တွေအပြင် စာရိတ္တနဲ့ ပြည်သူ့နီတိ၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ ပန်းချီ၊ ဂီတ အနုပညာနဲ့ ကာယပညာတို့ကို တွဲဖက်သင်ရိုးဝင်တွေအဖြစ် ပြဋ္ဌာန်းပေးထားပါတယ်။ ဒါပေမယ့် တချို့ မိဘ/ဆရာတွေဟာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာတို့လို ဘာသာရပ်တွေကိုမှ စာလို့ ယူဆထားတတ်ကြပါတယ်။

သူတို့အမြင်မှာ ကဗျာသင်တာ၊ ပုံပြင်ပြောတာ ကာယလေ့ကျင့်ခန်းတွေလုပ်ကြတာ၊ ပန်းချီဆွဲတာတွေဟာ (စာမေးပွဲမဖြေရတော့ )အပိုအလုပ်တွေပေ့ါ။

"စာရိတ္တနဲ့ပြည်သူ့နီတိ" "ဘဝတွက်တာ ကျွမ်းကျင်စရာ" ဘာသာရပ်တွေကို အလေးမထားချင်ကြ။ ဒီဘာသာရပ်တွေအတွက် အချိန်မပေးချင်ကြ။ ကျွန်မတို့ နိုင်ငံရဲ့ ပညာရေးမှာ အများစုရဲ့အမြင်က ကလေးတစ်ယောက်ဟာ အတန်းတိုင်းမှာ အမှတ်ကောင်းကောင်းရပြီး ဆယ်တန်းမှာ ဂုဏ်ထူးတွေ တန်းစီပြီးအောင် လိုင်းကောင်းကောင်းတက် ဝင်ငွေကောင်းတဲ့အလုပ်ရ ဒါဆို လူဖြစ်ပြီလို့ ထင်ကြတာပါပဲ။

တကယ်တော့ ကျောင်းအဝင်ဝမှာ ရေးထားတဲ့ "စိတ်ဓာတ်-စည်းကမ်း-ပညာ" ဆိုတဲ့ဆောင်ပုဒ်ကို သူတို့ သတိမထားမိကြလို့ပါ။

လူတွေမှာ စိတ်ဓာတ်ကောင်းဖို့ရယ်၊ စည်းကမ်းရှိဖို့ရယ်က အဓိကမဟုတ်ပါလား။

ပညာတတ်ပြီး စိတ်ဓာတ်မကောင်းရင် ဘယ်နေရာသွားသုံးမလဲ။ ပညာတော်ပြီး စည်းကမ်းမရှိရင်ရော အဆင်ပြေနိုင်ပါ့မလား။ စာတော်၊ စည်းကမ်းရှိပေမယ့် ကိုယ့်အတွက် တစ်ဘို့သာသိတဲ့ တစ်ကိုယ်ကောင်းသမားဖြစ်ခဲ့ရင်ရော။

စိတ်ဓာတ်ကောင်း၊ စည်းကမ်းရှိပြီး ပညာချွန်တဲ့ အများအကျိုးသယ်ပိုးလိုသူ လူတော်လူကောင်းလေးတွေဖြစ်ဖို့အတွက် တွဲဖက်သင်ရိုးဝင်ဘာသာရပ်တွေထဲက "စာရိတ္တနဲ့ ပြည်သူ့နီတိ"ဘာသာရပ်ဟာ အသက်သွေးကြောပါ။

ကလေးလေးတွေကို "သူများပစ္စည်း မခိုးရဘူး/ သူများအသက် မသတ်ရဘူး"ဆိုတာတွေ သင်ချင်တဲ့အခါ တရားစခန်းမှာ လူကြီးတွေကို ဝိပဿနာသင်တန်းပို့ချသလို ပို့ချလို့ ရနိုင်မှာတဲ့လား။

သူ့အရွယ်နဲ့သူ စိတ်ဝင်စားစရာ ကဗျာလေးတွေ၊ ပုံပြင်ကလေးတွေကတစ်ဆင့် စိတ်ဓာတ်ကောင်းဖို့ လူပီသဖို့ သင်ကြားပေးရမှာ မဟုတ်ဘူးလား။

ကလေးလေးတွေကို ကဗျာတွေ သင်တဲ့အခါ ဟန်ပန်အမူအရာတွေနဲ့ အဖွဲ့လိုက် သီဆိုလှုပ်ရှားကြတဲ့အခါ တစ်ဖွဲ့လုံး ညီညာလှပဖို့အတွက် ကလေးအားလုံးရဲ့ စိတ်ထဲမှာ "သူ့ခါး ညာဘက်ချိုးရင် ငါ့ခါးလည်း ညာဘက်ချိုးရမယ်၊ သူ ဘယ်လက်ရှေ့ထုတ်ရင် ငါလည်းဘယ်လက်ရှေ့ထုတ်ရမယ်၊ သူရှေ့တစ်လှမ်းတိုးရင် ငါ ရှေ့တစ်လှမ်းတိုးရမယ်" ဆိုတဲ့ အသိလေးတွေက ကြီးပြင်းအရွယ်ရောက်တဲ့အခါ အများနဲ့ညီယူနေထိုင်တတ်ဖို့ သွယ်ဝိုက်သင်ပေးလိုက်သလိုပါပဲ။

ဒီလိုပါပဲ လူအများနဲ့ ဘယ်လို ဆက်ဆံနေထိုင်ရမယ်၊ ဘဝမှာ ပြဿနာတွေ အခက်အခဲတွေ ကြုံလာရရင် ဘယ်လို စိတ်မျိုးထားပြီး ရင်ဆိုင်ဖြေရှင်းရမယ်ဆိုတဲ့ အလွန်တန်ဖိုးရှိတဲ့ စိတ်နေစိတ်ထားတွေကို "ဘဝတွက်တာ ကျွမ်းကျင်စရာ"ဘာသာရပ်မှာ ပြဋ္ဌာန်းပေးထားပါတယ်။ ကျန်းမာရေးဆိုင်ရာ အခြေခံအသိတွေရဖို့ သင်ခန်းစာကောင်းတွေ အများကြီးပါ။ ဒါပေမယ့် ကျွန်မတို့နိုင်ငံမှာ ကျောင်းတစ်ကျောင်းရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို အောင်ချက်ရာခိုင်နှုန်းနဲ့ တိုင်းတာကြတာမို့ မလူးမလွန့်သာ အခြေအနေအောက်မှာ ဆရာ ဆရာမ တော်တော်များများက "ဒီတွဲဖက်ဘာသာရပ်တွေကို အချိန်ပေးမနေနိုင်တော့ဘူး"လို့ ခံယူသွားကြတာလည်း ဖြစ်နိုင်ပါတယ်။

တစ်ခါက ပညာရေးမှူးတစ်ယောက်က မူလတန်းကျောင်းတစ်ကျောင်းရောက်တော့ ကလေးတွေ ကျောင်းပျက်များနေလို့ အကျိုးအကြောင်းစုံစမ်းတဲ့အခါ ကလေးတွေ ငှက်ဖျားဖြစ်ကြလို့ ကျောင်းမလာတဲ့အကြောင်း ဆရာမက ပြန်ဖြေပါသတဲ့။ ဒါနဲ့ ပညာရေးမှူးက "ဒီမှာ ငှက်ဖျားအတော်ဆိုးတာကိုး။ ငှက်ဖျား ဘာကြောင့် ဖြစ်ရသလဲသိလား"လို့ မေးကြည့်တဲ့အခါ ဆရာမက ဘယ်လိုပြန်ဖြေတယ် ထင်ပါသလဲရှင်။ "ကျွန်မတို့ ရွာဘက်တွေမယ် စိမ့်စမ်းတွေပေါတော့ စိမ့်စမ်းရေတွေချိုးကြ၊ ငှက်ပျောသီးတွေစားကြနဲ့ ငှက်ဖျားဖြစ်ကုန်ကြတာပါ ဆရာကြီး"တဲ့။

ကဲ ကောင်းရော။ ဆရာမကတောင် ဒီအဖြေ ဖြေနေမှတော့ တပည့်တွေကို "ဘဝတွက်တာ" သင်လား/ မသင်လား မေးစရာကို မလိုတော့ပါဘူး။

ဒါပေမယ့် ဒီတွဲဖက်သင်ရိုးဝင်ဘာသာရပ်တွေကို သေသေချာချာ အချိန်ပေးပြီး မသင်ရကောင်းလားရယ်လို့ ဆရာတွေကိုပဲ အပြစ်တင်နေလို့လည်း မဖြစ်နိုင်ပါဘူး။

ဆရာတစ်ယောက်ရဲ့ အဓိကတာဝန်က "စာကိုလည်းသင် လူလည်းပြင်"တဲ့။ လက်တွေ့မှာတော့ ဆရာဆရာမတွေခမျာ တပည့်တွေကို စာတော်အောင်သင်ပြီး လိမ္မာအောင် ပြုပြင်ဖို့ထက် နေ့စဉ်နဲ့အမျှ ရေးလိုက်ရတဲ့ နေ့စဉ်မှတ်တမ်း သင်နည်းမှတ်စု၊ ဖြည့်လိုက်ရတဲ့ စာရင်းဇယား၊ သင်လို့မှ အရှိန်ရမယ် မကြံသေး စစ်လိုက်ရတဲ့ CET၊ လုပ်လိုက်ရတဲ့ ကုစား၊ တက်လိုက်ရတဲ့ သင်တန်း၊ တောင်းလိုက်တဲ့ လုပ်ငန်းစီမံချက်၊ ဒီကြားထဲ ကျောင်းသားကို မရိုက်ရတို့၊ ဟိုဟာလုပ်ရင် တိုင်မယ်၊ ဒီဟာလုပ်ရင် အလုပ်ဖြုတ်မယ် စတဲ့ ဖိအားတွေက ဘက်ပေါင်းစုံကပေး။

ကိုယ့်တပည့်ကိုယ်တောင် ရဲရဲမဆုံးမရဲတဲ့ဘဝ။

နောက်ဆုံးတော့ စာသင်ရခြင်းရဲ့ ရည်ရွယ်ချက်က ကျောင်းသင်ခန်းစာတိုင်းကို ကလေးရဲ့ရင်ထဲ စွဲမြဲပြီး လက်တွေ့လောကနဲ့ ဆက်စပ်လို့ အကျိုးရှိရှိ အသုံးချတတ်စေဖို့ မဟုတ်တော့ဘဲ လပိုင်းမာတိကာနဲ့အညီ ပြီးနေဖို့၊ စာမေးပွဲအောင်ဖို့သာ ဖြစ်နေပါတော့တယ်။ ဒါကြောင့် နိုင်ငံ့တာဝန်တွေကို ပခုံးပြောင်း လွှဲယူနိုင်တဲ့ နိုင်ငံ့သားကောင်း သမီးမွန်တွေ မွေးထုတ်ပေးရမယ့် စာသင်ကျောင်းတွေဟာလည်း သူ့ထက်ငါသာဖို့ အပြိုင်အဆိုင်စိတ်တွေနဲ့ နေရာလုတတ်တဲ့ စက်ရုပ်လူသားများ ထုတ်လုပ်ပေးရာ စက်ရုံတွေ ဖြစ်လာပါတော့တယ်။

ဒီနေ့ခေတ်မှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အရာရာ ခေတ်မီတိုးတက်လာသလောက် နိမ့်ကျသွားလိုက်တဲ့ စိတ်ဓာတ်နဲ့ စာရိတ္တတွေ ယဉ်ကျေးမှုတွေ။ နေ့စဉ်နဲ့အမျှ ကြားနေမြင်နေရတဲ့ ထိတ်လန့်စရာ မကြားဝံ့ မနာသာ မှုခင်းသတင်းတွေ။ ဒါတွေဟာ ဘာကြောင့်ပါလဲ။ ဒီလို ရက်စက်ကြမ်းကြုတ်သူတွေ များလာရင် တို့အိမ်၊ တို့မြို့၊ တို့နိုင်ငံရဲ့ အနာဂတ်ဟာ ရွှေရောင်လွှမ်းဖို့ မျှော်လင့်နိုင်ပါတော့မလား။ စဉ်းစားကြဖို့၊ အဖြေထုတ်ကြဖို့ လိုပါပြီ။

ကိုယ့်ကလေးတွေ အရွယ်ရောက်လာတဲ့အခါ စာတော့ တတ်ပါရဲ့ လူကို လူလို့ မမြင်တတ်တော့ရင်၊ ကိုယ်ချင်းစာတရားတွေ ခေါင်းပါးကုန်ကြရင် အဲဒီတော့မှ ပညာတတ်လူမိုက်ရဲ့ ဆိုးကျိုးကိုသိပြီး လိမ္မာစေဖို့ တရားချ တရားပြနေလည်း အပိုပါပဲ။ ပြုပြင်ဖို့ မလွယ်ကူတော့ပါဘူး။ ဒါကြောင့် မိဘနဲ့ဆရာ နားလည်မှုရှိရှိ ပူးပေါင်းပြီး ကိုယ့်တပည့် သားသမီးတွေကို မူလတန်းအရွယ် နုနယ်စဉ်ကတည်းက နှလုံးသားထဲ အသိအလိမ္မာ ထည့်ပေးလိုက်ပြီး အလယ်တန်း၊ အထက်တန်းတွေမှာ အဆင့်ဆင့် ဖေးမပြင်ဆင် ပြုပြင်ပေးလိုက်မှသာ လူပီသတဲ့ လူရည်ချွန် လူရည်မွန်လေးတွေ ဖြစ်လာနိုင်မှာပါ။

ဒီလို မဟုတ်ဘဲ ကျွန်မတို့ ပညာရေးဟာ On paper စာရင်းဇယားတွေနဲ့ အောင်ချက်မြင့်မားရေးသာ အဓိကဆိုတဲ့ မူအောက်မှာ ဆက်ရှိနေဦးမယ်ဆိုရင် မိဘ/ဆရာတွေကလည်း ကိုယ့်ကလေး ငယ်ရွယ်စဉ်မှာ အသိအလိမ္မာကို အရင်သင်မပေးဘဲ သူ့သား ဝလုံးထက် ငါ့သား ဝလုံးက ပိုဝိုင်းရမယ် ဆိုတာမျိုးနဲ့ "စာမှ စာ" တစာစာ ဖြစ်နေရင်တော့ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်အံ့"ဆိုတဲ့ မျှော်မှန်းချက်ကြီးဟာ "ရွှေပြည်တော် မျှော်တိုင်းဝေး"ဆိုသလို ဝေး---ဝေးနေကြဦးမှာ အသေအချာပါပဲရှင်။ ။

## အဖြူ

အဖြူ အနီ တူတူညီနှင့်
စေတနာရှ သူနာပြုလည်း
ကြင်နာနလုံး အစဉ်ပြုံးသည်
ဖြူစင်စိတ်ထား သူ့ရှေ့ထား၏ . . .
အဖြူအစိမ်း အပူငြိမ်းသည့်
အေးရိပ်ဆာယာ ဆရာတို့လည်း
မေတ္တာနလုံး အစဉ်သုံးသည်
ဖြူစင်စိတ်ထား သူ့ရှေ့ထား၏ . . .
အဖြူရောင်ချုပ် ဂျူတီကုတ်နှင့်
ဆေးဝါးဖွေရှာ ဆေးဆရာလည်း
သစ္စာရင်ပြု လူနာကုသည်
ဖြူစင်စိတ်ထား သူ့ရှေ့ထား၏ . . .
အဖြူအညို ထိုမင်္ဂလာကို
ရောက်ရန်ကြိုးစား ယောဂီများလည်း
ရုပ်နာမ်ခြေပြု အားထုတ်ရှုသည်
ဖြူစင်စိတ်ထား သူ့ရှေ့ထား၏ . . .
အနီအစိမ်း အညိုတို့ကား
အဖြူနဲ့တွဲ အရောင်ကွဲလည်း
အဖြူရိပ်လွှမ်း ရင်အေးချမ်း၍
စိတ်ထားဖြူဖြူ စဉ်ဖော်ကျူး၏ . . .

မြသွေးခြယ်(ဆေးဝါး)

## သူငယ်ချင်းရေ . . .



မောင်မြင့်ဝင်း

facebook မှာ သူငယ်ချင်းရေးသမျှစာတွေ၊ စကားတွေကို ဖတ်ရတာ စိတ်ထဲမကောင်းလှဘူး။ သူငယ်ချင်းကတော့ ခံစားရလွန်းလို့ ပွင့်အန်ထွက်လာတာဖြစ်ပေမယ့် ဖတ်ရသူမှာ စိတ်မချမ်းသာလှပါဘူးကွာ။ ရည်ရွယ်သူကို မသိပေမယ့် ပထမဆုံး သူတို့မြင်တာ သူငယ်ချင်းရဲ့စာပဲ။ အဲဒီကမှတစ်ဆင့် စာကနေမြင်ရတဲ့ သူငယ်ချင်းရဲ့ အတွင်းစိတ်ကိုပဲ။

သူငယ်ချင်းကို ဆရာချစ်နိုင်ရေးတဲ့ စာစုလေးကို နားလည်သလောက် ပြောပြချင်တယ်။

တစ်ခါက လူစိမ်းတစ်ယောက်က မြို့ထဲမဝင်ခင် မြို့အခြေနေသိချင်လို့ မြို့ထဲကထွက်လာတဲ့ လူတွေကို ရွာအကြောင်းမေးတာပေ့ါ။

ဒီအခါ ပထမလူက

"မြို့မှာ လူဆိုးသူခိုးများတယ်။ လူတိုင်းက ထောင်ထဲမှာလိုပဲ နိုင်ရာစားပဲ။ တရားမျှတမှုဆိုတာ မရှိဘူး။ ပိုက်ဆံရှိမှ လူရာဝင်တယ်။ လူမိုက်တွေက ထင်ရာလုပ်နေကြတာပဲ။ နေလို့မကောင်းတဲ့အလကားမြို့။ ကျုပ်ကတော့ မနေနိုင်လို့ တခြားတစ်မြို့တစ်ရွာသွားဖို့ ထွက်လာခဲ့တာ" လို့ ဖြေတယ်။

သူ့စကားကြားတော့ လူစိမ်းက စဉ်းစားတယ်။

သူပြောတာမှန်မှာ။ သူက လူဆိုးတွေနဲ့ ကိုယ်တိုင်တွေ့မြင်ခဲ့သူဖြစ်လိမ့်မယ်။ သူ့ရဲ့ပုံပန်း ပြောပုံဆိုပုံတွေကလည်း လူဆိုးနဲ့ တူနေတယ်။ ပြီးတော့ထောင်ထဲမှာ နေခဲ့ဖူးပုံရတယ်။ ထောင်ထဲမှာက နိုင်ရာစားဆိုတာတွေ သူက သေချာသိနေတယ်။ သူက သူကျင်လည်ခဲ့ရတဲ့ အတွေ့အကြုံနဲ့ ပတ်ဝန်းကျင်ကို သူမြင်တဲ့အတိုင်း ပြောခြင်း ဖြစ်မယ်။

နောက်တစ်ယောက်ကိုမေးတော့

ဒီမြို့မှာ လူကောင်းသူကောင်းတွေ ရှိကြတယ်။ လူကောင်းသူကောင်းတွေ အများကြီးတွေ့ရသလို သီလ သမာဓိ ပညာ သုံးပါးနဲ့ ပြည့်စုံတော်မူတဲ့ ဆရာတော် သံဃာတော်ကြီးတွေလည်း မနည်းပေါင်ဗျာ။ ကောင်းမှုကုသိုလ်ပြုရင် ပါဝင်ကူညီလုပ်ပေးကြတဲ့ လူတွေလည်း ပေါတယ်ဗျာ။ အငြင်မတန်နေပျော်တဲ့ အရပ်ပါ။ ခင်ဗျား စိတ်ချမ်းသာရမှာပါ" လို့ ဖြေတယ်။

သူကတော့ သူကျင်လည်ရာအရပ် အတွေ့အကြုံအပေါ် သူမြင်တာကို ပြောခြင်းပါ။

"လူနှစ်ယောက်အကြောင်းကို ဆရာချစ်နိုင်က ရေးပြထားတာ စဉ်းစားစရာတွေ တစ်သီကြီး ဖြစ်နေခဲ့တယ် သူငယ်ချင်း။

သူတို့နှစ်ယောက်က သူတို့ကျင်လည်ရာ ပတ်ဝန်းကျင်မှာ သူတို့မြင်တဲ့အတိုင်း ရေးလိုက်တာပါပဲ။ ဒါပေမယ့် လူစိမ်းစိတ်ထဲတော့ သူတို့စကားတွေကိုကြည့်ပြီး သူတို့ရဲ့ ဘဝထဲထိ ပြေးမြင်လိုက်တယ် သူငယ်ချင်း။

သူတို့စကားတွေက သူတို့ဘဝ သူတို့စရိုက်တွေကို လှစ်ဟပြလိုက်တာပဲ သူငယ်ချင်း။

ဒါကြောင့် သူငယ်ချင်းလည်း ကိုယ့်စိတ်ထဲ ခံစားနေရတာတွေ၊ တစ်ဖက်သားအပေါ် အပြစ်မြင်တာတွေဟာ ကိုယ်ဘယ်လိုလူလဲဆိုတာ တစ်ဖက်သားရဲ့ ကိုယ့်ပေါ် အမြင်ဖြစ်တတ်တယ် သူငယ်ချင်း။

သူငယ်ချင်း ရည်ရွယ်ပြီးရေးတဲ့သူတော့ သိမသိ မသေချာဘူး။ အခု သူငယ်ချင်းရဲ့စာကိုဖတ်ပြီး သူငယ်ချင်းအပေါ် လေးစားမှု လျော့နည်းသွားမှာ မုချပဲ။ တစ်ဖက်လူကို ရည်ရွယ်ရေးတယ်ပဲထားဦး၊ သူ့မှာ အပြစ်တွေရှိပေမယ့် သူတို့တွေထက် စာဖတ်ရသူတွေက သူငယ်ချင်းကိုပဲ အရင်နှာခေါင်းရှုံ့ကြမှာ။

သူငယ်ချင်းရေ ကိုယ့်ထမင်းကိုစားပြီး သူများအထင်သေးစရာတွေ မရေးပါနဲ့ကွာ။ သူငယ်ချင်းကို လေးစားရတဲ့သူဆိုတော့ သူငယ်ချင်းမေ့လျော့နေတဲ့ အရာလေးကို သတိပေးတာပါ။ ဆရာလုပ်တယ်မထင်ပါနဲ့။ သူငယ်ချင်းဘဝ အပြစ်ကင်းစင်ထူးချွန်သူလေးဖြစ်ဖို့ သူငယ်ချင်းကို ခင်တဲ့သူတစ်ယောက်အနေနဲ့ကော၊ ဘေးကမြင်ရတဲ့ သူစိမ်းတစ်ယောက်အနေနဲ့ပါ အပြုသဘောစိတ်နဲ့ ပြောပြတယ်လို့ နားလည်လက်ခံပေးပါ သူငယ်ချင်းရယ်။ ။


**မင်းရဲ့သူငယ်ချင်း**

## အလှညောင်းသည့် လတပေါင်း

နွေ၏နိဒါန်း
ဂိမှာန်ဆန်းဝယ်
ပန်းသရဖီနှင့်
အင်ကြင်းတစ်လီ
နွေပန်းချီခြယ်
စာဆိုငယ်မှိုင်
ထန်းခိုင်ထန်းပွင့်
တင့်သည်နှင့်လေး . . .
နေ့ပူညချမ်း
ပွင့်လန်းရာသီ
သဲစေတီနှင့်
နိဗ္ဗာန်ရည်မှန်း
မင်္ဂလမ်းကိုရှယ်
လှုဖွယ်အစုံကျင်း
ကောက်သင်းသိမ်းပြီ
လက်ဖျားဆီဝယ်
ငွေသီးတယ်လေး . . .
လက်ကျန်ရွက်ခြွေ
ရွက်သစ်ဝေသည်
မြူချေဆိုင်းဆိုင်း
ရစ်ခွင်တိုင်းမယ်
ညင်းလေတောင်ပြန်
မိုးယံအထက်
တိမ်တစ်ကွက်နှင့်
အလှခညောင်း
လတပေါင်းဟု
ပေါင်းစုတယ်လေး . . .။ ။

ဆထား်အလင်္ကာ

# ကတ္တီပါပုံပြင်



အမေ့သား
B.C.Tech(DSA)



(၁)

ရှောက်ပင်ရွာနဲ့ချောင်းဖြူရွာက အလှမ်းမဝေးလှဘူး။ သူ့ရွာကိုယ့်ရွာ အတိုင်းသားမြင်နေရသလို သွားမယ်ဆိုရင်လည်း အလွန်ဆုံး လမ်းလျှောက်ရမှ မိနစ် ၂၀ ပဲ။ ရှောက်ပင်ရွာမှာ အလှူရှိရင် ချောင်းဖြူရွာ တစ်ရွာလုံးဖိတ်တယ်။ ချောင်းဖြူရွာမှာ အလှူရှိရင်လည်း ရှောက်ပင်ရွာ တစ်ရွာလုံး ဖိတ်တယ်။ နှစ်ရွာ့တစ်ရွာလို ဖြစ်နေတဲ့အထိ သွေးစည်းကြတယ်။ ရှောက်ပင်ရွာရဲ့ တောင်ဘက်မှာ စီးဆင်းနေတဲ့ ချောင်းအတိုင်းသာ အထက်ကိုတည့်တည့်သွား ၁၅ မိနစ်၊ မိနစ် ၂၀ လောက်ရှိရင် လက်ဝဲဘက်ကိုကွေ့လိုက် ခလုတ်တိုက်မိတဲ့ရွာ ချောင်းဖြူရွာပဲ။ အခုလည်း ချောင်းဖြူရွာမှာ အလှူရှိလို့၊ ချောင်းထဲမှာ ရှောက်ပင်ရွာသူ ရွာသားတွေ ဖွေးဖွေးလှုပ်လို့။

တဟူးဟူးတိုက်ခတ်နေတဲ့လေကြောင့် ချောင်းဘေးက သစ်ပင်တွေရဲ့ သစ်ရွက်လှုပ်သံတွေ တဖျပ်ဖျပ်ကြားရတယ်။ စကားတွေဆူညံစွာပြောဆိုရင်း ရှေ့ကနေသွားနေကြတဲ့ မိန်းမပျိုအုပ်စုရဲ့ အမွှေးနံ့သာမျိုးစုံကလည်း လေအဟုန်နဲ့အတူ နှာခေါင်းတွင်းကို နက်နက်ရှိုင်းရှိုင်း စီးဝင်လာတယ်။ ရုတ်တရက် ခပ်ပြင်းပြင်းတိုက်ခတ်လိုက်တဲ့လေအဝှေ့မှာ ပုဝါဖြူလေးတစ်ထည် လေထဲလွင့်လာတယ်။ ရုပ်ရှင်ထဲကလိုပဲ။ ပုဝါလေးက ကျွန်တော့်ညာဘက်ကို ဝဲကျလာတယ်။ ကျွန်တော် မြေပေါ်မကျအောင် ဆီးဖမ်းလိုက်တယ်။

မိန်းမပျိုလေးတစ်ယောက် သမင်လည်ပြန်လှည့်ကြည့်တယ်။ ပြီးတော့ ကျွန်တော့်ဆီ တန်းတန်းမတ်မတ် လျှောက်လာတယ်။ သူ့မျက်နှာလေးက လမင်းလေးလိုပဲ ဝင်းပနေတယ်။ လှလိုက်တာဗျာ။ လှဆို ကျွန်တော်တို့ရွာက ကွမ်းတောင်ကိုင် မအိဖြစ်နေတာကိုး။ သူ့အလှက ကျွန်တော့်ရင်ကို တလှပ်လှပ်ခုန်သွားစေတယ်။ ကျွန်တော့်နား သူအရောက် ရင်ခုန်သံတွေက မြန်သထက်မြန်လာ။ ပုဝါလေး ကမ်းအပေး။

"ကျေးဇူးတင်လိုက်တာ မောင်လေး"ဆိုပြီး ဖွဖွလေး လှမ်းယူတယ်။ သူပြုံးပြတယ်။

"ရပါတယ် အစ်မ"လို့ စည်းချက်ဝါးချက်မမှန် ပြန်ပြောလိုက်တယ်။

အဖေက ကျွန်တော့်ကိုကြည့်တယ်။ အဖေ့အကြည့်ထဲမှာ သံသယတွေပါနေတာ တွေ့လိုက်တယ်။ မရိုးသားဘူးလို့ အဖေထင်သွားတာဖြစ်မယ်။ ထင်လည်း ထင်ချင်စရာ။ အသံက တုန်နေတာကိုး။ ဦးဇွဲမောင်ကတော့ ကျွန်တော့်ကို သဘောကျစွာကြည့်နေလေရဲ့။ ကျွန်တော် ရှက်ကိုးရှက်ကန်းဖြစ်မိပြီး ခေါင်းကိုသာတွင်တွင်ကုတ်နေမိတယ်။

ဒီလိုနဲ့ပဲ ချောင်းဖြူရွာအဝင်ကို ရောက်လာတယ်။ ချောင်းဖြူရွာထဲကိုဝင်ဖို့က ပထမဆုံး ဘုန်းကြီးကျောင်းကို ဖြတ်ရတယ်။ ပြီးမှ ရွာထဲကို ရောက်တာ။ ဘုန်းကြီးကျောင်းအဝင်ရောက်တော့ ဖိနပ်ကလေးတွေ ကိုယ်စီချွတ်ကိုင်ကြတယ်။ ဖိနပ်ကလေးကိုချွတ်ပြီး ကောက်ကိုင်လိုက်စဉ် သည်ဖိနပ်ကလေးရလာပုံကို ကျွန်တော်သတိရမိတယ်။ သည်ဖိနပ်ကလေးက ကျွန်တော့်ဘဝကို တစ်မျိုးတစ်မည် ပြောင်းလဲသွားစေခဲ့တယ်ဆိုလည်း မမှားဘူးပေါ့။

(၂)

ရောမကို ရောက်ရင် ရောမလိုကျင့်ဆိုတဲ့စကားက ကျွန်တော့်စိတ်ကို တွန်းအားပေးနေသလိုပဲ။ မြို့ပေါ်ကိုလာပြီး ကျောင်းတက်ရတော့ မြို့ပေါ်ကကျောင်းသားတွေရဲ့ ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလို ခံစားမိတယ်။ အထူးသဖြင့် ဖိနပ်။ အရင်ကတော့ ဆင်ကြယ်ဖိနပ်တစ်ရန် ဝယ်ထားလိုက်၊ တစ်နှစ်စာအတွက် ဖိနပ်ဝယ်စရာမလိုတော့ဘူး။ ခုတော့ ကိုယ်စီးထားတဲ့ ဆင်ကြယ်ဖိနပ်ကို ရောက်တဲ့နေရာမှာတင် ချွတ်ခဲ့ချင်စိတ်ပေါက်လာတယ်။ ဒီနေ့ အမေလာရင်တော့ ဖိနပ်တစ်ရန်လောက် ပူဆာဦးမယ်ဆိုပြီး စိတ်ထဲမှာအောက်မေ့ထားလိုက်တယ်။ ကျောင်းဆင်းလို့ ဘော်ဒါပြန်ရောက်တော့ အကြော်အလှော်တွေထည့်ထားတဲ့ ချိုင့်တစ်လုံးနဲ့ အမေ့ကိုတွေ့ရတယ်။ အမေက ထုံးစံအတိုင်း စာလိုက်နိုင်လားဆိုတဲ့ မေးခွန်းကအစ၊ စားရသောက်ရအဆင်ပြေလားဆိုတဲ့ မေးခွန်းအဆုံးထိ စုံနေအောင်မေးတော့တာပဲ။

"သား ဘာလိုသေးလဲ၊ လိုအပ်တာပြော၊ အမေ့ကို အားမနာနဲ့"ဆိုတဲ့ မေးခွန်းအရောက်မှာတော့

"အမေ သားကို ကတ္တီပါဖိနပ်တစ်ရန်လောက် ဝယ်ပေးပါလား"

"ဟင်. . . သားဖိနပ်က ဝယ်ထားတာမကြာသေးဘူးလေ။ အကောင်းကြီးရှိသေးတယ်။ သည်ဖိနပ်ကလေးစီးမရတော့မှပဲ ဝယ်ပါသားရယ်။ သားအဖေအတွက်. . ."

"တော်တော့ အမေ။ အမေတို့က တစ်ခါလာလည်း အဖေ့အတွက်၊ တစ်ခါလာလည်း အဖေ့အတွက်နဲ့ အဖေ့ကိုပဲ ဦးစားပေးနေတော့တာပဲ။ သားက လူတောထဲမှာနေရတာဗျ။ အမေတို့ဝယ်ပေးတဲ့ ဖိနပ်က ဘယ်တော့မှလည်း ပြတ်မှာမဟုတ်ဘူး"

ဒေါသသံလေးသဲ့သဲ့ပါသွားတဲ့ ကျွန်တော့်စကားအဆုံးမှာတော့ အမေက သူ့လက်ဝါးကြမ်းကြမ်းကြီးနဲ့ ကျွန်တော့်ခေါင်းလေးကို ပွတ်သပ်ပေးရင်းပြုံးပြတယ်။

"ဒါပေ့ါ ဒါပေ့ါ သားက လူတောထဲမှာနေရတာ၊ အမေ ဝယ်ပေးရမှာပေ့ါ"လို့ ပြောပြီး ကျွန်တော့်ကို ဈေးထဲခေါ်သွားတယ်။

"သားက ဘယ်လိုဖိနပ်မျိုးကို လိုချင်တာလဲ၊ သားလိုချင်တဲ့ဖိနပ်တွေ့ရင် အမေ့ကိုပြ"

ကျွန်တော်လိုချင်တဲ့ ကြက်ပေါင်ခံ ကတ္တီပါဖိနပ်အနက်ရောင်လေးတွေတော့ အမေက ချက်ချင်းဝယ်ပေးတယ်။ ခပ်နွမ်းနွမ်း တစ်ထောင်တန် လေးရွက်နဲ့ ငါးရာတန် နှစ်ရွက် အမေထုတ်ပြီး ဆိုင်ရှင်ကိုပေးလိုက်တာတွေ့လိုက်ပေမယ့် အမေ့လက်ထဲ ပိုက်ဆံဘယ်လောက်ကျန်တယ်ဆိုတာကိုတော့ မသိလိုက်ဘူး။ သည်ဖိနပ်တစ်ရန်အတွက် ငွေပမာဏက အမေတို့အတွက် ခက်ခဲမယ်မှန်းသိနေပေမယ့် ကျွန်တော်က မြို့ပေါ်မှာရောက်နေတာလေ။ ရောမကိုရောက်ရင်တော့ ရောမလိုကျင့်ရမှာပဲ အမေရေ။ ကတ္တီပါဖိနပ်ကလေးရောက်လာတဲ့ အဲဒီနေ့ကစပြီး ပွဲမတိုးတဲ့ ဆင်ကြယ်ဖိနပ်ကလေးကတော့ အလိုလို ရေချိုးစီး ဖြစ်သွားပါလေရော။

(၃)

ဘုန်းကြီးကျောင်းထဲကအထွက် ဖိနပ်ကလေးချစီးပြီး ခြေတစ်လှမ်းအကြွမှာ "ဖြုတ်"ဆိုတဲ့အသံကို မပီဝိုးတဝါးကြားလိုက်ရတယ်။ ကျွန်တော့်ဘေးနားက အသံထွက်လာတာကို သတိထားလိုက်မိပေမယ့် ဘယ်သူဘယ်ဝါဆီကဆိုတာ မသဲကွဲသေးခင် လမ်းရဲ့ညာဘက်ဘေးကို အဖေထွက်သွားတာတွေ့လိုက်တယ်။ ပြီးတော့ လမ်းဘေးမှာ အဖေ ထိုင်ချလိုက်တယ်။ သည်လိုနေပူပူ လူအများကြီးနဲ့ သွားရတဲ့အချိန်တိုင်း အဖေခေါင်းမူးတတ်တာ သတိရမိပြီး စိုးရိမ်စိတ်တွေနဲ့အတူ အဖေ့နောက်ကို လိုက်သွားလိုက်တယ်။ အဖေ ခေါင်းများမူးနေသလား။ အဖေ့အနားရောက်တော့ ညာဘက်ဖိနပ်ကလေးကို ချွတ်ကိုင်လိုက်ပြီး အိတ်ကပ်ထဲကနေ တစ်စုံတစ်ခုကို ထုတ်နေတဲ့အဖေ့ကို အံ့အားသင့်စွာတွေ့လိုက်ရတယ်။

"ဟင် အဖေ့ဖိနပ် သဲကြိုးပြတ်သွားတာပဲ"

ရုတ်တရက် ပြောထွက်သွားတဲ့ ကျွန်တော့်စကားသံကို အဖေကြားသွားတော့

"ဒါများ အထူးအဆန်းလုပ်လို့ကွာ။ အိမ်ရောက်ရင် အပ်ချည်နဲ့ ပြန်ချုပ်လိုက်လို့ရတာပဲဟဲဟဲ။ ခုလောလောဆယ်တော့ သည်တွယ်ချိတ်လေးနဲ့ အဆင်ပြေပါတယ်ကွ"

အဖေကသာ အဆင်ပြေတယ်ဆိုနေတာ အဲဒီတွယ်ချိတ်က ဖိနပ်ကိုမထိုးမိဘဲ ကျွန်တော့်ရင်ဘတ်ကို လာထိုးဆွနေသလိုပဲ။ စူးစူးနင့်နင့် တဆစ်ဆစ်နာလာရဲ့။ အဖေ့ရဲ့ပါးရှပ်နေတဲ့ ဘယ်ဘက်ဖိနပ်ကို ကြည့်လိုက်တော့လည်း အပ်ချည်ရာတွေ မွစာကျဲနေပြီ။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ရှက်မိတယ်။ အမေပြောခဲ့စဉ်က အဖေ့အတွက် ဖိနပ်ဝယ်ပေးချင်တာဖြစ်မယ်။ အမေ့စကားတွေကို ဆုံးအောင်နားထောင်ခဲ့ဖို့ကောင်းတယ်။ ကျွန်တော့်မှာ ဆင်ကြယ်ဖိနပ်တစ်ရန် အကောင်းကြီးရှိနေရဲ့သားနဲ့ ကတ္တီပါဖိနပ်ကို ဝယ်ခိုင်းမိလေခြင်း။ ကျွန်တော်ဟာလေ လိုချင်တာကိုပဲသိပြီး တကယ်လိုအပ်နေတာကိုမသိတဲ့ ငမိုက်သားတစ်ယောက်ပဲ။ လမ်းသွားလမ်းလာတွေက အဖေ့ကို အထူးအဆန်းပမာကြည့်သွားကြတဲ့ အကြည့်တွေအောက်မှာ ကျွန်တော် အပြစ်တစ်ခုကျူးလွန်ထားတဲ့ ရာဇဝတ်သားတစ်ယောက်လို ခေါင်းငုံ့ထားနေမိတယ်။ တချို့ကြည့်ပြီး ပြက်ရယ်ပြုသွားကြတဲ့အသံတွေအောက်မှာတော့ ကျွန်တော့်မျက်ဝန်းက မျက်ရည်တွေကထိန်းနိုင်စွမ်းမရှိအောင် စီးကျလာလေရဲ့။ အဖေ့ကို သနားမိတဲ့စိတ်၊ ကိုယ့်ကိုယ်ကိုယ် ရှက်မိတဲ့စိတ်တွေကြောင့် ကျွန်တော်စီးထားတဲ့ ကတ္တီပါဖိနပ်လေးက အဖေ့ရှေ့မှာ အသနားခံနေသလို။

"ဟာ. . . ဟေ့ကောင် မင်းဘာလို့ငိုနေတာလဲ။ ဖိနပ်သဲကြိုးပြတ်တာ ဘာငိုစရာပါလို့လဲကွ။ လူတောထဲမှာ မရှက်ဘူးလားကွာ။ ဟိုမှာတွေ့လား။ မင်းနဲ့ရွယ်တူမိန်းကလေးတွေ မင်းကိုကြည့်ပြီး ဝိုင်းရယ်နေကြပြီ။ မင်းမရှက်ဘူးလား။ မင်းဖိနပ်ကို မင်းပဲပြန်စီး။ အဖေ မစီးတတ်ဘူး။ လာသွားရအောင်။ ရှင်လောင်းထိန်းတာမမီဘဲဖြစ်နေမယ်"

"မရဘူး အဖေ။ သည်ဖိနပ်ကို အဖေ စီးရမယ်။ အဖေ့ဖိနပ်ကို သားကိုချွတ်ပေး"

"ဟေ့ကောင် မင်းရူးများသွားပြီလားကွာ။ သည်လိုဖိနပ်မျိုး အဖေဘယ်တုန်းက စီးဖူးလို့လဲကွ။ စီးလည်း မစီးတတ်ဘူး။ မင်းပဲစီး။ ယောကျ်ားကြီးတန်မဲ့ ငိုမနေနဲ့တော့ကွာ။ လာ သွားကြမယ်"

"ကဲကဲ ကောင်းလှိုင်ရာ ကလေးစိတ်ချမ်းသာအောင် ချွတ်ပေးလိုက်စမ်းပါ"

ကျွန်တော့်ဆီက ဘာစကားသံမှ ထွက်မလာတော့တဲ့အဆုံး ဦးဇွဲမောင်က ဝင်ပြောတော့မှ အဖေက သူ့ဖိနပ်လေး ချွတ်ပေးတယ်။ ပြီးတော့ ကတ္တီပါဖိနပ်ကလေးစီးလိုက်တယ်။ ကတ္တီပါဖိနပ်လေးက အဖေစီးလိုက်မှ ပိုပြီးလှပ၊ ခိုင်ခံ့တန်ဖိုးရှိလာသလိုပဲ။ သိပ်ပြီး ကြည့်လို့ကောင်းလှတဲ့ အဖေ။ အဖေချွတ်ပေးတဲ့ အပ်ချည်ရာဗရပွနဲ့ ပါးရှပ်ရှပ်ဆင်ကြယ်ဖိနပ်လေးကို ကျွန်တော် လိုလိုလားလား စီးလိုက်တဲ့အချိန်မှာတော့ အဖေက ကျွန်တော့်ကို အားရပါးရ ပွေ့ဖက်လိုက်တယ်။ အဖေပြုံးနေမယ်ဆိုတာ ကျွန်တော်သိတယ်။ အဖေ့ပခုံးအထက်ကနေ ရှေ့ကို မျှော်ကြည့်လိုက်တော့ ကွမ်းတောင်ကိုင်မလေး မအိက ကျွန်တော့်ကို ပြုံးပြနေလေရဲ့။ ကျွန်တော် ပြန်ပြုံးပြလိုက်မိသလား မသိ။ ပြုံးပြလိုက်မိတယ်ဆိုရင်တော့ ကျွန်တော့်အပြုံးဟာ အရင်တစ်ခါလို မပီမပြင်နဲ့ တစ်ဝက်တစ်ပျက် ဖြစ်မသွားမှာတော့ သေချာတယ်။ အလှူမဏ္ဍပ်ဆီက စီခန်လွင့်ပျံ့လာတဲ့ ပြောတီးသံကတောင် ကျွန်တော့်ကို ထောမနာပေးလိုက်သလား ထင်မိတော့တာပါပဲဗျာ။ ။

## ရေအိုးစင်

မြောက်ပြန်လေပြေရူးက
နွေဦးကိုကြိုလေပြီ။
ပင်ထက်မှာ ကိုဥသြ
လွမ်းသံနှောသည်။
ရွာထိပ်က ပင်ခြေဆီ
တည်လေပြီသောက်ရေအိုး။
မြန်မာ့ဓလေ့
ပျော်မွေ့ဖွယ် အစဉ်အလာ
နွေအခါ ဒီချိန်ရောက်လျှင်ဖြင့်
ပေါ်ပေါက်လာသဘာဝမို့
(ဒါကလည်း တို့နိုင်ငံအတွက်)
အလှတစ်မျိုး။

မြင့်စည်သူမြိုင်
BA(Myanmar)၊ ပြည်တက္ကသိုလ်

## နွေပန်းချီအလှ စံတင်ရ

○ အို. . .နွေဂိမာန်
ရောက်ပြန်လေတော့
ကျောင်းတွေပိတ်ပြန်ပြီပေါ့လေ။
○ အို. . .နွေရနံ့
သင်းပျံ့ပျံ့နဲ့
သန့်ပြန့်ကြည်လင်ကောင်းကင်ပြင်။
○ အို. . .နွေပန်းချီ
ကျေးငှက်မြည်လို့
သီဖွဲ့ရေးဆွဲမကုန်ပြီ။
○ အို. . .နွေဥသြ
သံချိုနှောလို့
လွမ်းမောဖွယ်ရာနွေကဗျာ။
○ အို. . .နွေတန်ခူး၊ အတာမြူးလို့
အထူးသီချင်း၊ တူးပို့ဆိုရင်း
ပျိုမေများလှ၊ မြန်မာကနဲ့
လှပယဉ်ကျေး ကကြိုးဆင်။
○ အို. . .နွေတန်ခူး၊ ဝင်းဝါဖူးပွင့်
ထူးလှပိတောက်၊ ရွှေရောင်တောက်လို့
မြောက်မြားဖူးပွင့်အလှတင့်။
○ အို. . .နွေဂိမာန်
ဥသြသံပြိုင်၊ ပိတောက်လှိုင်လှိုင်
မြိုင်မြိုင်ဆိုင်ဆိုင် လှတွေပိုင်။

မဒီ(လှိုင်)
B.A(အရှေ့တိုင်းပညာ)၊ ဒဂုံတက္ကသိုလ်

# နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း

မေသဇင်
ဒဂုံတက္ကသိုလ်( အင်္ဂလိပ်စာ)

**တစ်နှစ်တာကာလအတွင်း ကျောင်း၏သန့်ရှင်းရေး၊ အားကစား၊ ပညာရည်ထူးချွန်မှု၊ ကျောင်း၏လှုပ်ရှားမှုများတွင်ပါဝင်မှုအပါအဝင် အသင်းတစ်ခုစီတွင်ပါဝင်သည့် သူငယ်တန်းမှ အဌမတန်းအထိ အသင်းသားအားလုံး၏ ဆောင်ရွက်ချက်များအပေါ် ကြည့်ရှုအမှတ်ပေးကာ အကောင်းဆုံးအသင်းဆုကို ရွေးချယ်လေ့ရှိသည့်အတွက် မည်သည့်အသင်းသားကမျှ မခိုမကပ်ရဲ၊ တစ်ယောက်တည်းတော်နေရုံဖြင့်လည်း ဆုမရနိုင်သည့်အတွက် အပြန်အလှန်ပံ့ပိုးပေးကြရင်း အသင်းခေါင်းဆောင်များကဦးဆောင်လှုပ်ရှားကြသည်မှာ အလွန်ပင်ကြည်နူးဖွယ်ဝလေ့ဖြစ်၏။**

"လိမ္မော်၊ ဝါ၊ စိမ်း၊ နီ၊ ပြာ။

အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ"

အရောင်ငါးရောင်။ အရောင်တစ်ခုချင်းစီကို ကိုယ်စားပြုထားသည့် သူရဲကောင်း ငါးဦး။

အခြေခံပညာကျောင်းများအတွက်တော့ အဖွဲ့အစည်းစနစ်ကို ပျိုးထောင်ပေးရန် ရည်ရွယ်သည့် အသင်းငါးသင်း။

"မနက်ဖြန် မြေစပြီးဆွမယ်နော်။ မနက်က မိုးရွာထားတော့ မြေပေါက်လို့ကောင်းပြီဟ။ နင်တို့ မနက်ဖြန်ပေါက်တူးယူခဲ့ကြ"

ဘုရင့်နောင်အသင်း (အစိမ်းအသင်း) အတွက်ဟုသတ်မှတ်ထားသော မြေကွက်လပ်ကိုကြည့်ရင်း အသင်းတူ ယောက်ျားလေးများကို ဆော်ဩလိုက်သည်။

"နင်တော်တော်လျှာရှည်တာပဲ။ ငါတို့ သိတယ် ဆရာလာမလုပ်နဲ့"ဟု အဓိပ္ပာယ်ရသော သူတို့၏ ပေစောင်းစောင်းအကြည့်ကို ဂရုမစိုက်နိုင်ဘဲ အနီအသင်းကိုယ်စားပြုမြေနေရာမှာ လူစုနေကြသည့်အဖွဲ့ကိုသာ အာရုံက ရောက်နေသည်။

"သူတို့ရော ဘာပင်တွေစိုက်ကြမှာပါလိမ့်။ တို့အသင်းမှာတော့ အကြီးမြန်၊ အသီးမြန်တဲ့ ချဥ်ပေါင်ပင်စိုက်မယ်။ ရုံးပတီ၊ ခရမ်းချဥ်အာ. . . ဘာတွေစိုက်ရကောင်းမလဲ"

ကျွန်မတို့၏ အလယ်တန်းကျောင်း(ခွဲ) လေး၏ ချစ်စရာဓလေ့များစွာထဲမှတစ်ခုမှာ အသင်း တာဝန်များကို စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်လေ့ရှိကြခြင်းပင်ဖြစ်သည်။

စာသင်ခန်းတိုင်းတွင် အသင်းတစ်ခုစီ၌ အသင်းခေါင်းဆောင်နှစ်ယောက်စီ(ယောက်ျားလေး ခေါင်းဆောင်တစ်ဦး၊ မိန်းကလေး ခေါင်းဆောင်တစ်ဦး) ရှိတတ်သည့်အပြင် အသင်းတစ်ခုစီတွင် တစ်ကျောင်းလုံး အသင်းခေါင်းဆောင်နှစ်ယောက် (ယောက်ျားလေး ခေါင်းဆောင်တစ်ဦး၊ မိန်းကလေးခေါင်းဆောင် တစ်ဦး)ကိုလည်း သေချာစွာရွေးချယ်ခန့်ထားလေ့ရှိသည်။ အဆိုပါတစ်ကျောင်းလုံး အသင်းခေါင်းဆောင်များအဖြစ် အဌမတန်းမှ ကျောင်းသားကြီးများကို ရွေးချယ်လေ့ရှိပြီး ယင်းရွေးချယ်ခံရသော ခေါင်းဆောင်များသည် ယခင်နှစ်များက အတန်းငယ်များ၏ အသင်းလှုပ်ရှားမှုများတွင် တက်ကြွစွာလှုပ်ရှားခဲ့ကြသူများ ဖြစ်လေ့ရှိသည်။ ကျွန်မတို့ အလယ်တန်းကျောင်းလေးတွင် ယင်းကဲ့သို့သော ချစ်စရာဓလေ့လေးအဖြစ် ကျောင်း၏ အတန်းအကြီးဆုံး အစ်ကို၊ အစ်မကြီးများက ညီ၊ ညီမ၊ မောင်၊ နှမလေးများကို စီမံခန့်ခွဲအုပ်ချုပ်စေတတ်သည့်၊ အသင်းအဖွဲ့ဖြင့် ညီညာစွာတက်ညီလက်ညီကြိုးစားစေသည့်၊ ခေါင်းဆောင်ကောင်းစိတ်ဓာတ်ကို ပျိုးထောင်ပေးသည့် အဆိုပါ အလေ့အကျင့်ကောင်း၊ စိတ်ဓာတ်ကောင်းလေးကို အသေအချာ ပျိုးထောင်ပေးထားခဲ့သည်။

တစ်နှစ်တာကာလအတွင်း ကျောင်း၏ သန့်ရှင်းရေး၊ အားကစား၊ ပညာရည်ထူးချွန်မှု၊ ကျောင်း၏ လှုပ်ရှားမှုများတွင်ပါဝင်မှု အပါအဝင် အသင်းတစ်ခုစီတွင်ပါဝင်သည့် သူငယ်တန်းမှ အဌမတန်းအထိ အသင်းသားအားလုံး၏ ဆောင်ရွက်ချက်များအပေါ် ကြည့်ရှုအမှတ်ပေးကာ အကောင်းဆုံးအသင်းဆုကို ရွေးချယ်လေ့ရှိသည့်အတွက် မည်သည့်အသင်းသားကမျှ မခိုမကပ်ရဲ၊ တစ်ယောက်တည်းတော်နေရုံဖြင့်လည်း ဆုမရနိုင်သည့်အတွက် အပြန်အလှန်ပံ့ပိုးပေးကြရင်း အသင်းခေါင်းဆောင်များက ဦးဆောင်လှုပ်ရှားကြသည်မှာ အလွန်ပင်ကြည်နူးဖွယ်ဝလေ့ဖြစ်၏။

ယခုလည်း အသင်းအလိုက် ကိုယ်ပိုင်စိုက်ခင်းစိုက်ပျိုးပြီး အစောဆုံး အသီးအနှံဝေဆာသည့်အသင်း၊ အသီးအနှံအမျိုးစုံသည့်အသင်းကို အမှတ်ပေးမည်ဆိုခြင်းကြောင့် တစ်ကျောင်းလုံးအလုပ်များနေကြခြင်းဖြစ်သည်။

ချစ်ခင်သော ပြိုင်ဆိုင်လိုစိတ်များဖြင့် စိုက်ခင်းဝင်နေကြသည့် အသင်းသားများသည် မနက်ကျောင်းမတက်မီအချိန်၊ နေ့လယ် ထမင်းစားကျောင်းဆင်းချိန်၊ ညနေ PT ချိန်များတွင် စိုက်ခင်းထဲ၌သာအချိန်ကုန်နေကြ၏။

'ဟဲ့ ဝေဝေ ခုနစ်တန်းက အောင်သူက ပြောတယ်ဟ။ သူတို့အိမ်မှာ နွားချေးတွေရှိတယ်တဲ့။ မနက်ဖြန်ယူလာမယ်တဲ့။ ကူလို့ရအောင် မိုးကျော်ကို ငါ့စက်ဘီးပေးပြီး မနက်လိုက်သွားခိုင်းလိုက်မယ်" ဆိုသော ဘုရင့်နောင်အသင်း၏ တစ်ကျောင်းလုံး ယောက်ျားလေးအသင်းခေါင်းဆောင် ထက်ဝေ၏ စကားကြောင့် ကျွန်မ၏အတွေးများပြတ်သွား၏။

"အေးအေး ငါလည်း စိုက်ဖို့အပင်စာရင်း စဥ်းစားနေတာ။ ဘယ်သူ့အိမ်မှာ ဘာပင်တွေရှိလဲ လိုက်မေးလိုက်ဦးမယ်"

"ငါတို့ ကျန်စစ်သားတွေကတော့ အေးဆေးပဲ။ တစ်ခင်းလုံး ပြောင်းဖူးပဲစိုက်မှာ။ နွေးနွေးတို့အိမ်က ပြောင်းဖူးစိုက်တယ်လေ။ မျိုးရော စိုက်နည်းရော ပူစရာမလိုဘူး။ ဟဲဟဲ ပြောင်းဖူးရင့်ရင်လည်း ချိုးပြီး ပြုတ်စားရုံပဲ။ ပိုင်တယ်နော်"

"သူရ နင်ပိုင်တယ်လုပ်မနေနဲ့။ တစ်ခင်းမှာ အပင်တစ်မျိုးတည်းစိုက်ရင် အမှတ်လျှော့ခံရမှာ။ ဆရာကြီးပြောထားတဲ့ စည်းကမ်းတွေထဲမှာပါတယ်လေဟာ နင်မသိဘူးလား။ ငါတို့ အနော်ရထာအသင်းကတော့ အတန်းတစ်ခုကို တစ်ပင်တစ်မျိုးစာရင်းပေးဖို့မှာထားတယ်။ သူငယ်တန်းကနေ ရှစ်တန်းအထိဆိုတော့ ကိုးမျိုးကတော့ အနည်းဆုံးပဲ"

"ငါတို့ကတော့ တစ်ခင်းလုံးအနီရောင်တွေပဲစိုက်မှာ။ ကြည့်လိုက်တာနဲ့ အနီအသင်းမှန်း သိရအောင်။ ခရမ်းချဥ်၊ ငရုတ်၊ နှင်းဆီ . . . ပန်းသီးပင်တောင်စိုက်မလို့ကို ဒီမှာစိုက်မရဘူးလို့ အဖေကပြောနေလို့ ဟဲ ဟဲ"

"ဟဲ့ ဗန္ဓုလကလူတွေ ဘယ်ရောက်နေကြလဲ။ တစ်ယောက်မှ မတွေ့ပါလား။ သွားခေါ်ဦးဟေ့။ သူတို့အသင်းခေါင်းဆောင် မြို့နယ်မှာ စာစီစာကုံးဖြေဖို့ အလုပ်များနေတာနဲ့ ကျန်တဲ့ကောင်တွေစိုက်ခင်းဘက်မလာကြဘူးလားမသိဘူး"

တစ်သင်းနှင့်တစ်သင်း အပြန်အလှန် အော်ဟစ်ပြောကြရင်း မလုပ်တတ်လုပ်တတ်ဖြင့် မြေတူးပေါင်းဆွနေကြသော ကျွန်မတို့ကို ကြည့်ကာ ဆရာ ဆရာမတွေကပျော်တပြုံးပြုံး။

အိမ်တွင်ခြံစိုက်ဖို့နေနေသာသာ စိုက်ခင်းထဲသို့ပင် ခြေလှမ်းလေ့မရှိသည့် သားသမီးများ ယခုတော့ ပေါက်တူးတပြင်ပြင်ဖြစ်နေပြီး တွေ့သမျှအပင်ကို စိတ်ဝင်တစားလေ့လာနေကြသည့်အတွက် မိဘများကလည်း ကျေနပ်၍မဆုံး။

ကျွန်မတို့၏စိုက်ခင်းလေးများတွင် ရှင်သန်ဖြစ်ထွန်းသည့်အပင်များရှိသလို ယိုယွင်းပျက်စီးသွားကြသည်များလည်းရှိ၏။ တစ်နေ့တခြား ကြီးထွားလာသည့်အပင်လေးများကို အရိပ်တကြည့်ကြည့် ကြည့်ရင်း၊ ပျက်စီးသွားကြသောအပင်လေးများကပေးသည့် သင်ခန်းစာများကိုယူရင်းဖြင့် ကျွန်မတို့အားလုံး၏ စိုက်ခင်းလေး ငါးခင်းမှာ အခက်အလက်များဖြင့် ဝေဆာလာ၏။ ပိုးကောင်၊ မွှားကောင်များရန်မှ ကာကွယ်ပေးရင်း၊ ရေလောင်းပေါင်းသင်ရင်းဖြင့် ကျွန်မတို့၏ စိုက်ခင်းလေးများကို ကာကွယ်ကြ၏။

"ငါတို့အခင်းက ဘူးသီးနဲ့ နင်တို့အခင်းက ခရမ်းသီးရောပြီး ဟင်းချက်စားကြမယ်ဟေ့။ ပြီးရင် ငါးပိချက်လေးချက်ပြီး သူရတို့အခင်းထဲက သခွားသီးနဲ့တို့စားရင်တော့ မြိန်လိုက်မယ့်ဖြစ်ခြင်း"

စကားအဖြစ်သာ သီးနှံဖလှယ်ရေးဟစ်ကြွေးနေကြသော်လည်း လက်တွေ့တွင်မူ မည်သူကမှ အသီးအကင်းတစ်ခုတလေကိုတောင် မခူးရက်ကြ။ စိုက်ခင်းလေးကို ကြည့်မဝနိုင်ဖြစ်နေကြပြီး အပင်တစ်ပင်ချင်းတွင် အသီးဘယ်နှလုံးသီးနေသည်လဲ ရေတွက်ကြည့်ရတာကလည်း အခါခါပင်။

တန်ဆောင်းမုန်းလ ကထိန်ပွဲရာသီရောက်လာသောအခါတွင် ကျောင်းကထိန်၏ အကျွေးအမွေးအတွက်၊ ဘုရားပန်းများအတွက် ကျွန်မတို့စိုက်ခင်းလေးများထဲမှ အသီးအပွင့်လေးများကို အသုံးပြုကြရသောအခါတွင်မူ ကျွန်မတို့အားလုံး၏ကြည်နူးစိတ်မှာ ယိုဖိတ်၍ ကျလာတော့မတတ်ပင်ဖြစ်နေလေတော့၏။

အသင်းတာဝန်ဆိုသည်ကိုပင် မေ့သွားကြပြီး ကိုယ့်စိုက်ခင်းလေးကိုယ် ပြုစုပျိုးထောင်ထားသော ဥယျာဉ်လေးအဖြစ် သတ်မှတ်ကာ တက်ညီလက်ညီပျိုးထောင်နေကြရင်း နွေရာသီသို့ ရောက်ရှိလာခဲ့လေသည်။ အတန်းတင် စာမေးပွဲအတွက် ပြင်ဆင်မှုများဖြင့် အလုပ်များနေကြသော်လည်း ကျွန်မတို့၏ စိုက်ခင်းလေးများကိုမေ့မထားကြဘဲ အချိန်ရတိုင်းပြေးကာ ရေလောင်းပေါင်းသင်ကြ၏။

"ကျောင်းကြီးပိတ်သွားရင်တော့ ငါတို့ စိုက်ခင်းလေးတွေ သေကုန်တော့မှာပဲဟာ။ စနေ၊ တနင်္ဂနွေ ရေမလောင်းရရင်တောင် ရာသီဥတုပူတော့ အပင်တွေကညှိုးလာရော။ ဘယ်လိုလုပ်ရမလဲမသိပါဘူးဟာ"

ကျွန်မတို့ သံယောဇဥ်ရစ်တွယ်နေကြသည့် ကျွန်မတို့စိုက်ခင်းလေးများကို နွေရာသီကျောင်းပိတ်ရက်ရှည်ကာလများတွင် စိတ်မချနိုင်မှုများဖြင့် ထားရစ်ခဲ့ကြသည်။

သို့သော် ယင်းစိုက်ခင်းလေးများနှင့်အတူ အတူတကွညီညာစွာစုပေါင်းဆောင်ရွက်တတ်သော၊ ကိုယ့်အားကိုယ်ကိုးတတ်သော စိတ်ဓာတ်နှင့် ဥယျာဉ်မှူးစိတ်ဓာတ်ကောင်းလေးများကိုပါ ကျွန်မတို့၏ ညီ၊ ညီမ၊ မောင်၊ နှမလေးများအတွက် ချန်ထားရစ်ခဲ့သည်။

နောက်နှစ်ကျောင်းဖွင့်ချိန်တွင် ယင်းစိုက်ခင်းလေးများ ညှိုးခြောက်နေနိုင်သော်လည်း နောက်နှစ်စာသင်နှစ်တွင် အသင်းအသီးသီးမှ ကျောင်းသားကျောင်းသူများက အသင်းလေးကို ပြန်လည်ပျိုးထောင်ကြမည်။ အပင်စိမ်းစိမ်းလေးများဖြင့် ပြန်လည်ဝေဆာလာစေမည်ဟု ကျွန်မတို့အားလုံး ယုံကြည်ကြသည်။

ကျွန်မတို့သည် ကျွန်မတို့၏ ကျောင်းငယ်လေး၌ စိုက်ခင်းစိမ်းစိမ်းလေးများကို ပျိုးထောင်ခဲ့ကြသလို ကျွန်မတို့ကျောင်းငယ်လေးကလည်း ခေါင်းဆောင်ကောင်းစိတ်၊ အသင်းသားကောင်းစိတ်များနှင့် ရင်းနှီးကျွမ်းဝင်သည့် လူငယ်များကို မွေးထုတ်ပေးခဲ့သည်။ မွေးထုတ်ပေးနေသည်။ ဆက်လက်မွေးထုတ်ပေးသွားဦးမည်ဖြစ်သည်။

"ပန်းကလေးများပွင့်တော့မည်၊
ဖူးတံ ဝင့်လို့ချီ
နေခြည်မှာ ရွှေရည်လောင်း၊
ငါတို့စာသင်ကျောင်း"။

■■■

# ပူဇော်ခြင်း

မြဇင်ယော်

(၃၈) ဖြာမင်္ဂလာတရားတော်တွင် ပူဇော်ထိုက်သူကိုပူဇော်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာတစ်ပါးဖြစ်သည်ဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်။

မြန်မာ ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် မိဘ၊ ဆရာသမားတို့ကို အလေးအမြတ်ထား၍ ရှိခိုးပူဇော်ကြသည်။ ထိုမျှမကသေး။ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် မိမိတို့အပေါ် ကျေးဇူးရှိခဲ့ဖူးသော ပုဂ္ဂိုလ်များကိုလည်း ရှိခိုးကန်တော့ကြလေ့ရှိပါသည်။

ဤတွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက

(၁) အာမိသပူဇာ - ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်ခြင်း

(၂) ဓမ္မပူဇာ - ကိုယ်ကျင့်သီလဖြင့် ပူဇော်ခြင်း ဟူ၍ ပူဇော်ခြင်းနှစ်မျိုးကို ဟောကြားတော်မူခဲ့ပါသည်။ မွှေးနံ့သာ ပန်းပေါင်းစုံတို့ဖြင့် မည်မျှပင်ပူဇော်စေကာမူ ငါဘုရားကို ပူဇော်ခြင်း မမည်။ ငါဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မတို့ကို လက်တွေ့လိုက်နာကျင့်သုံးခြင်းသည်သာလျှင် ငါဘုရားကို ပူဇော်သည်မည်၏ဟုလည်း မိန့်ကြားတော်မူခဲ့လေသည်။

ကျွန်မတို့ရွာမှ ဆရာကြီးတစ်ယောက်သည် အရေပြားကင်ဆာဖြစ်ပွားသည်။ ဆေးကုသမှုခံယူရန် မြို့သို့မသွားခင် တပည့်များက တတ်နိုင်သမျှ ဆေးကုသစရိတ်များဖြင့် ကန်တော့ကြသည်။ ဆရာကြီးက "ဆရာ့ကို တကယ်ကျေးဇူးဆပ်ချင်တယ်ဆိုရင် ပညာတတ်အောင်သင်ကြပါ။ မိမိတို့တတ်မြောက်ထားသော ပညာများဖြင့် မသိနားမလည်သော တောသူတောင်သားများကို ကူညီပါ။ မဖွံ့ဖြိုးသေးတဲ့ ရပ်ရွာကို ဖွံ့ဖြိုးအောင်ကြိုးစားကြပါ။ အဲဒါက ဆရာ့ကို ကျေးဇူးဆပ်တာပါ"ဟု ဆုံးမခဲ့ပါသည်။ ဆရာကြီးကွယ်လွန်သွားသည်မှာ ကြာပါပြီ။ ယခုအခါ ဆရာကြီးကိုကျေးဇူးဆပ်ချင်လျှင် ပစ္စည်းဝတ္ထုများဖြင့် ပူဇော်ကန်တော့၍ မရတော့ပေ။ ဆရာကြီး၏ဆန္ဒအတိုင်း ကြိုးစားခြင်းဖြင့်သာ ပူဇော်နိုင်ပေတော့မည်။

ထို့ကြောင့် ဤပူဇော်ခြင်းမျိုးသည် သက်ရှိထင်ရှားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပူဇော်နိုင်သော ပူဇော်ခြင်းမျိုးဖြစ်လေသည်။ ယခု ဖေဖော်ဝါရီလတွင် ပညာသင်နှစ်ကုန်ဆုံးတော့မည်ဖြစ်၍ ကျောင်းသားကျောင်းသူများက ဆရာဆရာမများအား ပစ္စည်းဝတ္ထုများဖြင့် ကန်တော့နေကြသည်ကို မြင်တွေ့ရသည်မှာ အားရဝမ်းသာ မုဒိတာပွားရပါသည်။ ထိုသို့ အာမိသပူဇာသာမက ဓမ္မပူဇာနှင့်ပါ ပူဇော်ကြပါလျှင် ပို၍မင်္ဂလာရှိသောပူဇော်ကန်တော့ခြင်း ဖြစ်ပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ထိုကန်တော့ပစ္စည်းမှာ မုန့်ဖြစ်လျှင် ရက်ပိုင်းမျှသာ ခံပေလိမ့်မည်၊ အဝတ်အစားဖြစ်လျှင်လည်း မည်မျှကောင်းမွန်ပါစေ လပိုင်းမျှသာခံပေလိမ့်မည်။ ထိုဆရာ ဆရာမတို့သင်ကြားပေးသော ပညာကို ကြိုးစား၍ သင်ယူခြင်း၊ စည်းကမ်းတကျနေထိုင်ခြင်း၊ အောင်မြင်အောင် ထူးချွန်အောင်ကြိုးစားခြင်း၊ ကျောင်းပြင်ပ ရောက်လျှင်လည်း ပြည့်စုံကောင်းမွန်သောဘဝကို ရရန်ကြိုးစားခြင်း၊ ပတ်ဝန်းကျင်ကို တတ်စွမ်းသမျှကောင်းကျိုးပြုခြင်း၊ မိမိတို့ကြောင့် ကျေးဇူးရှင်များ ကိုယ်စိတ်ဆင်းရဲခြင်းမဖြစ်ရလေအောင်၊ ပူပင်သောကမဖြစ်ရလေအောင် ကြိုးစားခြင်း စသည့် ကိုယ်ကျင့်တရားတို့ကသာလျှင် ဗုဒ္ဓအလိုတော်ကျ ပူဇော်ခြင်းဖြစ်ပေလိမ့်မည်။

မိဘနှင့် အခြားသော ကျေးဇူးရှင်များကို ကျေးဇူးဆပ်ချင်လျှင်လည်း ထို့အတူပင်ဖြစ်လေသည်။ ကျေးဇူးရှင်များ သက်ရှိထင်ရှားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ်ကျင့်တရားဖြင့်ပူဇော်ခြင်းကသာလျှင် မိမိဘဝတစ်လျှောက်လုံး ရာသက်ပန်ပူဇော်သွားနိုင်သော ပူဇော်ခြင်း၊ အမှန်အကန်ကျေးဇူးဆပ်ခြင်းပင် ဖြစ်ပေတော့သည်။ ။


ဆက်သွယ်ရန်ဖုန်း 09-49 709 415


Maths & English
Special Summer Program!!
Special Discount until the end of February
Level Check Free!
ကျောင်းဝင်ကြေး Free!
Mathematics
English
37 years in Japan
Gakken Education Centre
Yankin School 01-559256/01-8605310
Hledan School (4F,Hledan Centre) 01-2307803
Website www.gakken-ace.com
Email info@gakken-ace.com
Facebook gakken education
Gakken


ရွှေနဂါး
1-2-2017 မှ 31-7-2017
KENBO
HONDA CIVIC 2012 MODEL


BOSS Express
Safety, Luxury, Service
YANGON TAUNGGYI
Departure time : 7:00PM Departure time : 6:00PM
YANGON MANDALAY
Departure time : 9:00AM Departure time : 9:00AM
: 9:00PM 9:00PM
: 10:00PM 9:30PM
Special Lucky Draw
Feel The Pleasure of Luxury
2017 !
"၂၀၁၇ နှစ်သစ်အထူးကံစမ်းမဲ အစီအစဉ်"
iPhone 7
ရန်ကုန် - မန္တလေး - တောင်ကြီး - အင်းလေး - ကလော
ခရီးစဉ်အားလုံးအတွက်
iPhone 7 များကို
20th January မှ 20th April
(၄) လ ဆက်တိုက် တစ်လ (၁) လုံး
ကံစမ်းမဲဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။
www.facebook.com/pages/BOSS-Express
BOSS Express
**** 2,000 Kyats ****
Discount Coupon
YANGON TAUNGGYI
YANGON MANDALAY
***** BOSS Express *****
ပင်ရင်းဂိတ်များ
ရန်ကုန်
မန္တလေး
တောင်ကြီး
BOSS Express (YANGON)
No. Y, (9-10), Pakoku Road,
Aung Mingalar Highway Bus Terminal,
Mingalardon Township, Yangon, Myanmar.
Tel : 09 250 428 827 ~828~829
BOSS Express (MANDALAY)
No.B (7,8,9),Chan Mya Shwe Pyi
Bus Terminal, Mandalay, Myanmar
Tel : 09 250 292980 ~81~82
BOSS Express (TAUNGGYI)
Zone B, Room No.85 Taunggyi Business Center
Taunggyi, Myanamar.
Tel : 09 26 40000 71 ~ 72
Ayetharyar Bus Terminal Tel: 09 26 40000 73

# Tea Art Co.,Ltd ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ် ကျေးဇူးတင်လွှာ

၁၈ ဖေဖော်ဝါရီ ၂၀၁၇ ရက်နေ့ Myanmar Plaza ပထမထပ်တွင် ကျင်းပပြုလုပ်ခဲ့သော Tea Art Co.,Ltd ၏ ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနား သို့ ကြွရောက် ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်ဆွေ သင်္ဂဟများ၊ တာမိုးညဲချမ်းသာ ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးမြင့်လွင် နှင့် ဇနီး ဒေါ်ခင်နှင်းလွင် ၊ လေးစားအပ်ပါသော လူကြီးမင်း ဦးလှမောင်နှင့် ဇနီး ဒေါ်ကျောင်ချုံရှု၊ စာရေးဆရာကြီး ဆရာဦးချစ်စံဝင်း နှင့် ဇနီး ဆရာမဒေါ်လမင်းအိမ်၊ ထပ်ဆင့်အကယ်ဒမီဒါရိုက်တာ ဦးစင်ရော်မောင်မောင်၊ ထပ်ဆင့် အကယ်ဒမီဒေါ်မေသန်းနု၊အခမ်းအနားဖြစ်မြောက်ရေး အတွက် စီစဉ်ပေးပါသော Golden Media Advertising မှ MD ဦးကျော်ဂင်းနှင့် တာဝန်ရှိသူများ အားလုံး၊ ကြွရောက်သတင်း ယူပေးကြပါသော စာနယ်ဇင်း မီဒီယာများ ဖြစ်ကြသော Popular Journal၊ Eleven Media ၊ World Journal Chinese Newspaper ၊ မြန်မာ တာမိုးညဲ (ပူးလုံ) လက်ဖက်ခြောက်အားဝယ်ယူအားပေးခဲ့ကြသော Customer များနှင့်တကွ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

လက်ဖက်ခြောက်ကောင်းကြိုက်သူများအနေ ဖြင့်တရုတ်ပြည်ဖြစ် လက်ဖက်ခြောက်၊ နိုင်ငံခြားဖြစ်လက်ဖက်ခြောက် များအား တကူးတက မှာယူစရာမလိုဘဲ နိုင်ငံတကာအဆင့်မှီထိုင်ဝမ်နည်းပညာဖြင့် မြန်မာပြည်တွင် ထုတ်လုပ်ထား သော (မြန်မာပြည်၏ FDA သာမက ဂျာမနီနိုင်ငံ၏ TUV ၊ ထိုင်ဝမ်၏ TTB အတည်ပြုချက် လက်မှတ်များ ရရှိထားပြီးဖြစ်သော) မြန်မာ တာမိုးညဲ( ပူးလုံ )လက်ဖက်ခြောက် နှင့် တခြားသောလက်ဖက်ခြောက် နှင့် ဆက်စပ်သော အသုံးအဆောင်ပစ္စည်းများအား Myanmar Plaza ပထမထပ် Tea Art Co.,Ltd ၏ အရောင်းပြ ခန်းတွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။

အထူးကျေးဇူးတင်ရှိလျက်
အုပ်ချုပ်မှုဒါရိုက်တာနှင့် အဖွဲ့
Tea Art Co.,Ltd


ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ်၊
တာမိုးညဲဒေသရှိ ပူးလုံလက်ဖက်စိုက်ခင်းပုံ

Tea Art









FDAထောက်ခံချက်လက်မှတ်


ဂျာမနီနိုင်ငံ၏ TUV
အတည်ပြုချက်လက်မှတ်



ထိုင်ဝမ် ၏ TTB
အတည်ပြုချက်လက်မှတ်

ဘိန်းအစားထိုး ပူးလုံလက်ဖက်ခြောက်
Be part of a sustainable agriculture diversification program.

မြန်မာ
တာမိုးညဲ(ပူးလုံ)
လက်ဖက်ခြောက်
Myanmar TMH High mountain Oolong Tea




PREMIER COFFEE
ချက်ချင်းပေါက်ငွေသားကံစမ်းမဲမှ
ပထမဆုံး
ကျပ်သိန်း (၅၀၀) နှင့် သိန်း (၁၀၀) ကံထူးရှင်တစ်ဦးစီ
ပေါ်ထွက်လာပါပြီ
ချက်ချင်းပေါက်ငွေသားကံစမ်းမဲမှ ကျန်ရှိနေသေးသောဆုမဲများ
အထူးဆုကြီး ငွေကျပ်သိန်း ၁၀၀၀ (၁) ဆု၊
ငွေကျပ် သိန်း ၅၀၀ (၃) ဆု၊
ငွေကျပ်သိန်း ၁၀၀ (၁၇) ဆု၊ ငွေကျပ် ၅သိန်း (၁၅၄) ဆု၊
ငွေကျပ် ၁သိန်း (၁၉၇၁) ဆု
ကျပ်သိန်း ၅၀၀
ဗိုလ်ကြီးအောင်ကိုလေး
၉/သပက(နိုင်)၀၃၄၁၅၄
မကွေးမြို့
ကျပ်သိန်း ၁၀၀
မခန္နနန္ဒာအောင်
ပြင်ဦးလွင်မြို့
ချက်ချင်းပေါက်ဆုမဲများကို မေလ၊ ၂၀၁၇ ခုနှစ်အထိ နောက်ဆုံးထား ထုတ်ပေးသွားပါမည်။



အတူးစုရက်ပသူဝမ်းမြောက်ပါကြောင်း
GI Group EXPRESS မှ
ရန်ကုန် ⇌ လားရှိုး
ခရီးစဉ်ကို (၂၃-၂-၂၀၁၇) တွင် ရှစ်ဘီးကားသစ်ကြီးများဖြင့် ပြေးဆွဲပေးခြင်း
အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ။
GREATER MAN
Greater Man Int'l Trading Co.,Ltd.
GI Group EXPRESS
သက်သောင့်သက်သာ ခရီးသွားဖို့ Gi Group Express ကိုစီးကြစို့...
ခရီးသွားမယ်ဆို စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား 3 AXLES BUS ကိုရွေးစီးပါ။

KMD Institute

# Congratulations!

NCC education ISO

NCC Education UK မှပေးအပ်ချီးမြှင့်သော ၂၀၁၆ ခုနှစ် တစ်ကမ္ဘာလုံးအမှတ်အများဆုံး ဆုရှင်များ


Khaing Khant Htun
First in World
First Year Diploma


Aung Kyaw Tun
Second in World
First Year Diploma


Htwe Nu Wai
Third in World
First Year Diploma


Kaung Waiyan Lynn
First in World
Second Year Diploma


Thu Rein Htut
Second in World
Second Year Diploma

နိုင်ငံပေါင်း(၄၅)နိုင်ငံရှိ Centre ပေါင်း(၃၅၀)ကျော်အတွင်း NCC Education (UK) မှ နှစ်စဉ်ပေးအပ်သော တစ်ကမ္ဘာလုံး အမှတ်အများဆုံးဆု(၆)ဆုအနက် (၅)ဆုကို ဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် KMD Institute မှ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

Hot Line: 09 770867903, 01 700895 www.facebook.com/kmdedu.mm






၂၄-၂-၂၀၁၇ နေ့မှစ၍

**ရန်ကုန်**
ရွှေဆောင်၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)
မင်္ဂလာဂမုန်းပွင့်(လှည်းတန်း၊ စံရိပ်ငြိမ်)
မင်္ဂလာ(၁)(သိမ်ကြီးဈေး)၊ Top Royal (ပါရမီ)
မင်္ဂလာဝဇီရာ(လှိုင်သာယာ)
JCGV (Junction Square & Maw Tin)၊
နဝဒေး၊ မဟာမြိုင်(အင်းစိန်)၊ ရွှေဗဟိုရ်(တာမွေ)
မြရတနာ(သာကေတ)၊ ကန်သာယာ(မ/ဥက္ကလာ)
မြဟံသာ(သန်လျင်)၊ PARADISO Cinema(မှော်ဘီ)

**မန္တလေး**
မင်္ဂလာဒိုင်းမွန်း၊ မြို့မ ၊ မင်္ဂလာမန်းနေပြည်တော်၊
JCGV ၊ မြို့ဂုဏ်ရောင်၊

**နေပြည်တော်** - JCGV၊ အောင်သပြေ၊ ဇေယျာသီရိ၊ **ပြည်** – မင်္ဂလာထွန်းသီရိ၊ **ပဲခူး** – မင်္ဂလာ(Icon Shopping Mall)၊ **မကွေး** – မင်္ဂလာစံပြ၊ **တောင်ငူ** – New 3D, **တောင်ကြီး** – မြသုခ
**မော်လမြိုင်** - JCGV၊ **လားရှိုး** – သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ **ပြင်ဦးလွင်** – Movie Planet၊ ချယ်ရီလွင်၊ **ပခုက္ကူ** – သီဟ၊ **စမ်းဓော်** – စတား၊ **ရေနံချောင်း** – ရတနာ၊ **ဂုသိမ်** – ရွှေပြည်တော်၊
**မြဝတီ** – သွန်းရွှေစင်၊ **ဘားအံ** – တက်နေဝင်း၊ ဦးဆောက်ပန်း၊ **ထားဝယ်** – အောင်မင်္ဂလာ၊ **မြိတ်** – မြိတ်မင်္ဂလာ
အဆောင်မြင့်ရုပ်ရှင်ရုံများတွင် တပြိုင်နက်ပြပြီ။



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၆၃/ခ)၊ အကျယ်အဝန်း(၂၀ပေ-၆၀ပေ)ရှိ ဦးရွှေအေး (TKA-037989)အမည်ပေါက်သည့် မြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်သန်း(၁၂/သဃက(နိုင်)၀၁၃၃၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါကအကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၅)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နိုင်ဇင်ဦး LL.B, D.B.L
အရေးပိုင်တော်ရှေ့နေ (စဉ်-၅၉၃၄၆)
အမှတ်(၁၀၅၁)၊ ပြည့်ဖြိုးလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း – ၀၉ ၄၂၀၀၇၀၇၂၉၊ ၀၉ ၇၉၉၅၅၉၈၅၉၉



မြို့ရွာတစ်ခွင် သာခေချောင် မီးတွင်မပေါ့နှင့်



တွန်းတရစ် အုတ်မိုတ်စတင်
ဒေတ်မိမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းဆုံ(၂)တောင်ဒဂုံ



GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ရပ်ကွက်၊ ဓမ္မရာဇာ(၁)လမ်း၊ မြေညီထပ်၊ အမှတ် – ၁၈/က ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာချက်

အထက်ဖော်ပြပါတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိမွန် [၁၃/ကလန(နိုင်) ၀၅၄၆၂၈]မှ ၂၄-၂-၂၀၁၇ရက်စွဲပါ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခွဲဝေခြင်းသဘောတူကတိစာချုပ်"အရ လက်ရောက်ပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ ယင်းတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ခြင်း၊ ဝင်ရောက် နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများလုံးဝမပြုလုပ်ကြပါရန် အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ခင်ကြည်မွန် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)
ဖုန်း-၀၉-၄၃၁၁၄၁၄၁